လူသားဆန်သော လူ့အသိုက်အဝန်းဆီသို့

# Social Garden

သုတ ရသ လူမှုဥယျာဉ်

အမှတ် ၁၊ ဒီဇင်ဘာ ၂၀၁၈ Contact us www.facebook.com/socialgarden2018/




- မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများ ဘာလဲဘယ်လဲ
- ဆံရှည်မလေး မရှိတော့ပါ
- ကလန်ပတ္တိ
- ကာရံမဲ့ ဘဝ
- Vision 2050
- လူ့တန်ဖိုးဟု ဆိုရာဝယ် . .
- မတူကွဲပြား ယုံကြည်မှုများ အကြား သဟဇာတ ဖြစ်တည်မှု အလှတရား
- မငြိမ်းချမ်းသေးတဲ့ ငြိမ်းချမ်းရေးသို့

Social Garden Magazine (SGM) လူမှုရေးစုံ ပန်းဥယျာဉ်ကို
အယ်ဒီတာများအဖြစ် လင်းငယ်၊ ချမ်း၊ ထိုက်အောင်လှိုင်း၊ ထူးအိမ်ခနဲ့
အိမ်ဝေးငှက်ငယ် (ကပတ) တို့က ကြိုးပမ်း ဆောင်ရွက်ထားကြပါတယ်။

ပန်းမြို့သူ၊ 3K နဲ့ 4G တို့က သရုပ်ဖော်တွေ ရေးဆွဲပေးပါတယ်။
မျက်နှာဖုံး ဓါတ်ပုံကတော့ ပေါက်စီရဲ့ လက်ရာပါ။

ထုတ်ဝေခြင်းကိုတော့ အခမဲ့ အဖြစ် အွန်လိုင်း
https://www.facebook.com/socialgarden2018 မှာဖြန့်ချိပါတယ်။

SGM ဟာ အကျိုးစီးပွား ဦးစားမပေးသည့် လူငယ်များအတွက် "အခမဲ့"
သုံးလတကြိမ် မဂ္ဂဇင်းဖြစ်ပြီး
စေတနာဖြင့် စာမူချီးမြှင့်ပေးကြသော ဆရာ၊ ဆရာမများကို ကျေးဇူးတင်ကြောင်း
မှတ်တမ်းတင်ပါတယ်။ SGM တွင် ဖော်ပြထားသော စာမူများသည် မူလ
စာရေးသူများ၏ မူပိုင်ဖြစ်ကြောင်း လေးနက်စွာ အသိပေးလိုပါတယ်။

# မာတိကာ

Social Garden Magazine အမှတ် ၁၊ ဒီဇင်ဘာ ၂၀၁၈

**အယ်ဒီတာ့ လက်ကွက်** ၁

**ကာတွန်း** - စာ ၁ - ၆

<u>ကဗျာ</u>
**အိမ်ဝေးငှက်ငယ်** (ကပတ) - မငြိမ်းချမ်းသေးတဲ့ ငြိမ်းချမ်းရေးသို့. .စာ ၇
**ထူးအိမ်ခ** - တရား . . . စာ ၈
Shri (UMM) အမာရွတ်မဲ့ ဆက်သွယ်ခြင်း. . . စာ ၉
**ဟီသ** - ပြုတ်ကျသူများ . . . စာ ၁၀
**ထိုက်အောင်လှိုင်း** - ကာရံမဲ့ ဘဝ . . . စာ ၁၁
**မာယာ အမ်ဂျလူ** - ကျမ ရှင်သန်နေဆဲ . . . စာ ၁၂

<u>ဆောင်းပါး၊ သဘောထား အမြင်</u>
**မောင်ရင်ကောင်း (ဆေး ၁)** - ဤခရီး နီးတော့မည်လား . . . စာ ၁၂
4G - ဝန်ထမ်းတွေရဲ့ လူ့အခွင့်အရေးတဲ့လား . . . စာ ၁၉
**တေဇာမျိုးဝင်း** - မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများဘာလဲဘယ်လဲ. . . စာ၂၂
**ကိုကိုလွင်** - Interfaith Understanding မတူကွဲပြား ယုံကြည်မှုများ
အကြား သဟဇာတ ဖြစ်တည်မှု အလှတရား . . . စာ ၂၄
**မြတ်စံ** - ဆူသောတရား အေးသောတရား . . . စာ ၂၇
**ကိုထိုက် (နတ်တလင်း)** - မျှဝေချင်သော အတွေးလေးများ စာ ၂၉

<u>အက်ဆေး</u>
**ထူးအိမ်ခ** - ဖိနပ်တစ်ရံ၏ အထုပ္ပတ္တိ . . . စာ ၃၀
**ခိုင်ကျော်ညို** - သစ်ပင်တက်တဲ့ ငါး . . . စာ ၃၂
**နီရောဆာန်** - ဆံရှည်မလေး မရှိတော့ပါ . . . စာ ၃၅
**တိမ်ညိုသွေး** - လူ့တန်ဖိုးဟု ဆိုရာဝယ် . . စာ ၃၈

နိုင်ငံတကာ စာအုပ်အညွှန်း . . . စာ ၃၈
ပြည်တွင်း စာအုပ်အညွှန်း . . . စာ ၄၀

<u>ဘာသာပြန် ကဏ္ဍ</u>
**ဝင်းသုည** - ကလန်ပတ္တိ . . . စာ ၄၄

<u>ဝတ္ထုတို</u>
**ချမ်း** - ရေ . . . စာ ၄၇
**လင်းငယ်** - Vision 2050 . . . စာ ၅၀

<u>သရော်စာ</u>
**သာဒုတ်** - လွဲလွဲလေးလည်း ကောင်းပါတယ် . . . စာ ၅၅

"ကျွန်မကိုဝယ်သွားတဲ့ သူကို
တွေ့အောင် ရှာပေးပါရှင်။
သူ့ဆီမှာပဲ ကျွန်မတစ်ဘဝလုံး
ကျွန်ခံပါရစေ။ သူက ကျွန်မကို
လွတ်လပ်ခွင့် ပေးတဲ့သူပါ"
စာ ၃၉

အို...အသက်ပေးဖို့ဆို ဝေး
အရှက်ပေးဖို့တောင်
မစဉ်းစားရဘူး
ဘယ်သူ့မှလည်း
အနိုင်မယူလိုဘူး
ဘယ်သူ့မှလည်း မဆုံးရှုံးရဘူး
ယုံကြည်စိတ်ချမှုအပြည့်နဲ့
သံသယကင်းစွာ
အတူယှဉ်တွဲ နေထိုင်ရရင်
ဒါဟာ ငြိမ်းချမ်းရေးဘဲ ။ ။
စာ ၇

အခြေခံအားဖြင့် လူ့အဖွဲ့အစည်း
တစ်ခုနှင့် တစ်ခုအကြားတွင်
ရိုးသားမှု၊ ပွင့်လင်းမှု၊
ယုံကြည်မှုနှင့် ညီညွတ်မျှတမှု
များကို အစဉ် အားပေး
မြှင့်တင်ခြင်းဖြင့်၊
ဗြဟ္မစိုရ်တရား ထွန်းကားသော
လူ့ဘောင်သစ် တစ်ရပ်ကို
တည်ဆောက်နိုင်ရန်ဖြစ်ကြောင်း
စာ ၂၆

# အယ်ဒီတာ့ လက်ကွက်

We are localized because we are globalized.

ခေတ်တိုင်းမှာ အားပြိုင်မှုမျိုးစုံ ရှိပါတယ်။ အဟောင်းအသစ်၊ အမှန်အမှားကြားက အားပြိုင်မှုကတော့ ရိုးအီနေပါပြီ။ ဒါပေမယ့်လည်း ကမ္ဘာ့နေရာ တော်တော်များများမှာ သူမှားတယ် ငါမှားတယ် လောဂျစ်ကြီးက အလုပ်ဖြစ်နေ တုန်းပါပဲ။ အရင်က “ငါတို့ ကမ္ဘာ့ကြီး” ဆိုသည့် ဝါဒဖြန့်တရားတွေနဲ့ လူသားတွေ အချင်းချင်းကြား သဟဇာတ ဖြစ်လာအောင် မောင်းတင်ခဲ့ကြပါတယ်။ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတွေ၊ ဖြစ်စဉ်တွေ ဖြန့်ကြက် လာပါတယ်။ ဒီလိုခေတ်ကြီးထဲမှာ ကျနော်တို့ အချင်းချင်း ကင်းအောင်နေလို့ မရတော့ပါဘူး။ မကင်းရင် ကောင်းအောင် နေနိုင်ဖို့ အားထုတ်ရပါလိမ့်မယ်။

အနောက်က အသံတွေကို အရှေ့ဆီ စက္ကန့်မခြား ပို့လွှတ်ပါတယ်။ အရှေ့က အသံတွေကိုတော့ အနောက်က မကြားဘူးလို့ ခံစားလာကြပါတယ်။ အရှေ့က လူတွေက ကိုယ့်ဒေသရဲ့ အနေအထားကို ကမ္ဘာကြီးရဲ့ အခြားဒေသက လူတွေ ကြားနိုင်အောင် မြှင့်တင်ရင်းနဲ့ ကိုယ့်ဒေသ ဇာတိပြု ဇာတ်ကြောင်းတွေကို တွန်းအားပေးလာကြပါတယ်။ ဒီလို တွန်းအားပေးရင်း ငါ့ဒေသသာ ငါ့ကမ္ဘာဆိုတဲ့ အစွဲတစ်ခု ဖြစ်ထွန်းလာပါတယ်။ အဲ့ဒါကိုကပဲ ကမ္ဘာကြီးရဲ့ ဖြစ်စဉ် ဖြစ်လာ ပါတော့တယ်။ ငါ့ဒေသ ပြဿနာ ငါပဲ သိတယ်။ ဒါကြောင့် ငါဘာသာပဲ ရှင်းမယ်။ ပြောရရင် အဲ့လိုလူတွေ ပြောတဲ့ “ငါတို့ ကမ္ဘာကြီး” ဆိုတာက လူစုံနယ်စုံ မပါတော့ပဲ ငါ့ဒေသလောက်ပဲ အကျုံးဝင်လာတော့တာပါပဲ။ ဒါက တကမ္ဘာလုံးရဲ့ အနေအထား။ ကိုယ့်ပြည်ကိုယ့်ရွာမှာတော့ နယ်စွန်နယ်ဖျား (peripheral) က အသံတွေကို အလယ်ဗဟို (central) က လူတွေ မကြားဘူးလို့ ခံယူလာခဲ့ကြတာ ကြာပါပြီ။



Social Garden Magazine (SGM) ဟာလည်း ဒီသဘောပါပဲ။ လိုကယ်လည်း ဆန်ပါတယ်။ ဒါပေမယ့် ဂလိုဘယ်နဲ့လည်း ချိတ်ဆက် ကြည့်ချင်ပါတယ်။ ရခိုင်ပြည်နယ်မှာ အလုပ်လုပ်ကြရင်း စုံစည်းဖူးကြတဲ့ လူငယ်တွေ စုစည်းပြီး ဂလိုဘယ် ရေစီးကြောင်းကို အသုံးပြုကာ အွန်လိုင်း မဂ္ဂဇင်း အဖြစ် တင်ဆက် လိုက်တာပါ။ ဒီအတွက် ရခိုင် အငွေ့အသက်တွေ၊ လူမှုအဖွဲ့အစည်း အငွေ့အသက်တွေ များကောင်း များနေနိုင်ပါတယ်။ ဒီလိုပြောလို့ ရခိုင်နဲ့ ပတ်သတ်တဲ့ ဝေဖန်သုံးသပ်ချက်တွေချည့်တော့ တွေ့ရမှာ မဟုတ်ပါဘူး။ ဒါကို ချိန်ညှိနိုင်ဖို့ နယ်ပယ်စုံက လူငယ်တွေကို ဦးစားပေးပြီး စာမူတွေ တင်ဆက်ထားပါတယ်။ လူမှုဥယျာဉ်ဆိုတဲ့ နာမည်အတိုင်းပဲ ရသပိုင်းကို ဦးစားပေးပြီး လူမှု ရောင်စုံ ပန်းခင်းကြီးကို လေးနုအေးလေး ပျက်သိကာမျှလောက် ပေးဝေလိုပါတယ်။ လူငယ်တွေရဲ့ အမြင်ကို ထင်ဟပ်တာ ဖြစ်တဲ့အတွက် ဒေါသရသများ များခဲ့ရင်လည်း လျော့ပေါ့ တွေးပေးစေလိုပါတယ်။ ရှုပ်ထွေးလွန်းတဲ့ နေရာတစ်ခုမှာ ခဏတဖြုတ် အနားရခိုက်မှာ စာမြည်းလေးဖတ် အတွေးလေး ခဏ ဆန့်ထုတ်နိုင်အောင် လှုံ့ဆော် ပေးချင်ပါတယ်။ အရှုပ်တွေကြားထဲ နောက်ထပ် အရှုပ်တစ်ခု ထပ်တိုးလာတယ် ဆိုရင်တော့လည်း စိတ်တိုင်းကျ ဆုံးဖြတ်တော်မူ။

လေးစားစွာဖြင့်


အယ်ဒီတာများကိုယ်စား
အယ်ဒီတာ

Social Garden Magazine (SGM) ဟာလည်း ဒီသဘောပါပဲ။ လိုကယ်လည်း ဆန်ပါတယ်။ ဒါပေမယ့် ဂလိုဘယ်နဲ့လည်း ချိတ်ဆက် ကြည့်ချင်ပါတယ်။ ရခိုင်ပြည်နယ်မှာ အလုပ်လုပ်ကြရင်း စုံစည်းဖူးကြတဲ့ လူငယ်တွေ စုစည်းပြီး ဂလိုဘယ် ရေစီးကြောင်းကို အသုံးပြုကာ အွန်လိုင်း မဂ္ဂဇင်း အဖြစ် တင်ဆက် လိုက်တာပါ။




The Interview

SGM ကာတွန်း




Psychosocial Support

SGM ကာတွန်း

We are saving the World




Social GARDEN
ဘာဘ ဒီသေနတ်က တိုင်း...တိုင်း လို့ မြည်တဲ့အသံ မကြိုက်လို့ ပြောင်းပေးပါလား
ဝိုင်းကထုတ်တဲ့အတွက် တိုင်း...တိုင်း လို့ မြည်မှာပေါ့ နို့ မြန်မာကထုတ်တဲ့ဟာ ဆိုရင် တက်...တက်.... လို့ မြည်တယ်.. ကျိုက်ထီးရိုး မှာပါတယ်
တိုင်း တိုင်း

Tat Tat Tat




"Dear Mr. Gandhi, We regret we cannot fund your proposal because the link between spinning cloth and the fall of the British Empire was not clear to us."

Written by *M. M. Rogers* and illustrated by *Ariv R. Faizal, Wahyu S., Ary W.S.*
Creative team for Search for Common Ground in Indonesia

Gandhi needs to write proposal
Source – PK Forum

SGM ကာတွန်း




Respect the "Respect

# မငြိမ်းချမ်းသေးတဲ့ ငြိမ်းချမ်းရေးသို့



မုန်တိုင်းပြီးရင် လေပြေလာမယ်ဆိုတာ
သိနေလျက်နဲ့
မငြိမ်းချမ်းမှုတွေရဲ့နောက်
ငြိမ်းချမ်းရေးတွေက
ဘယ်ဆီဘယ်ဝယ်....

ငြိမ်းချမ်းရေးဆိုတာ နားနဲ့မျက်စိလို
နီးလျက်နဲ့ဝေးလေခြင်းလား
ဝေးစေဖို့အတွက် နီးနေတာလား
ဝေခွဲမရ ကြေကွဲရတယ်....။

ဆွေးနွေးမှုတွေရဲ့ တစ်ဖက်
ပစ်ခတ်မှုတွေရဲ့ရိုက်ချက်က
အသက်တွေ ပေး ပေးနေရတယ်။

တော်ပါတော့ တန်ပါတော့
သွေးစွန်းမယ့်ငြိမ်းချမ်းရေး စာမျက်နှာတွေ
မလှန်ပါနဲ့တော့
အိုမင်းယိုယွင်းနေတဲ့စိတ်ဓာတ်တွေ
အတ္တကိုရှေ့တန်းတင်တဲ့ လုပ်ရပ်တွေ
ရပ်... ရပ်ပါတော့လား။

အသက်ကို အသက်ပေးနေရတဲ့ ဒီပွဲမှာ
အနိမ့်ပါးဆုံးပေးဆပ်မှုက
ကိုယ်လက်အင်္ဂါပျက်စီးခြင်း
စိတ်ဓာတ်ပျက်ပြားခြင်းနဲ့
ငိုခဲ့ရတဲ့ မျက်ရည်တွေ...။

မဟုတ်ဘူး မဟုတ်ဘူး
တို့လိုချင်တဲ့ငြိမ်းချမ်းရေးမှာ
ပြည်သူတွေမျက်ရည်မကျရဘူး
ကြိုးလန့်စာစားဘဝနဲ့
မနေရဘူး။

ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းတွေ
မဖြစ်ရဘူး
မသန်စွမ်းဘဝနဲ့
နာကျည်းစိတ်တွေ
မွေးဖွားမပေးဘူး..။

အို...အသက်ပေးဖို့ဆို ဝေး
အရှက်ပေးဖို့တောင် မစဉ်းစားရဘူး
ဘယ်သူမှလည်း အနိုင်မယူလိုဘူး
ဘယ်သူမှလည်း မဆုံးရှုံးရဘူး
ယုံကြည်စိတ်ချမှုအပြည့်နဲ့
သံသယကင်းစွာ
အတူယှဉ်တွဲ နေထိုင်ရရင်
ဒါဟာ ငြိမ်းချမ်းရေးဘဲ ။ ။

အိမ်ဝေးငှက်ငယ် (ကပတ)

# တရား



ကိုယ်ကပဲ အချိုကြိုက်လို့လားမသိ
လက်ဖက်ရည်က မချိုဘူး
ဝီစကီက ချိုတယ်။

အမြင့်ကိုကြိုက်လို့
မြင့်သထက်မြင့်အောင်
ကျင်းနက်နက်တူးကြ။

စမ်းသပ်ဖန်ပြွန်တွေထဲ
ဘဝကို ထိုးသိပ်ထည့်
မီးအား
အနည်းအများနဲ့ကစား

လောကပါလတရားကို စိန်ခေါ်ကြ
သံသရာကြိုးဝိုင်းထဲ
ဘယ်သူက ဘယ်သူ့ကို အလဲထိုးမလဲ။

တစ်ချို့
လူမသေဘူး နာမည်သေကြ။

ထူးအိမ်ခ
၂၅ ဖေဖော်ဝါရီ ၂၀၁၃
၁၀ နာရီ

## အမာရွတ်မဲ့ ဆက်သွယ်ခြင်း

အပြန်အလှန် ကုတ်ခြစ်နေရင်
အစင်းရာတွေချည်း ထင်ကုန်ကြမယ် ...

လက်နဲ့ တို့ပြီးပြောလို့ မရနိုင်ရင်
ပခုံးလေးပုတ်ပြီး ပြောလိုက်တာ က
ကုတ်ခြစ်နေတာထက်စာရင်
ပိုအဆင်ပြေမယ် လို့
ကိုယ်တော့ ထင်တယ် ...

အရာတွေထင်ရင် ...
ကြာတော့ အမာရွတ်တွေက
စကားပြောတဲ့အခါ ...
ဘယ်သူ့ဘယ်သူ အတွက်မှ
မကောင်းနိုင်ဘူးလို့
ကိုယ်တော့ မြင်မိတာပဲ .....

**Shri (UMM)**



# ပြုတ်ကျသူများ



မိုးလင်းက မိုးချုပ်ထိတိုင်
ငါတို့ရွှေးနဲ့ ငါတို့ ထမင်းဝိုင်းတည်ရ
ငါတို့ပြဌာန်းချက်နဲ့ ငါတို့ မီးမွှေးရနဲ့
အဖေ့အမွေသားယူ
သားအမွေ မြေးယူ
ဆွေစဉ်မျိုးဆက် ပခုံးပြောင်းလွှဲပြီး
အသက်မွေးမှုဂါထာရွတ်ဖတ်ခဲ့ကြတဲ့
ငါတို့တွေဟာ
အခြေခံလူတန်းစားမိသားစုဖြစ်ကြသတဲ့။
အိမ်ပြင်ဘက်မှာ တောင်နှင်းတွေဖြစ်ကြတဲ့
မီးခိုးငွေ့လို ပြန့်ကျဲအိပ်မက်တွေကို
လူသားဆန်ကြည့်သမျှ
ညည်းညူခဲ့ရတာတွေတော့အများသား…။
ဖြစ်ချင်တဲ့ဆန္ဒနဲ့ ရခဲ့တဲ့အရာတွေ
လွဲလည်းလွဲနိုင်သမျှ
မျက်လွှာချပြီး ခေါင်းငုံ့ရင်ဆိုင်ကြရမယ်ဆိုရင်
မခမ်းနားတဲ့အိပ်မက်ဟာ
မခမ်းနားတဲ့ ဒို့ပဲမက်တတ်ကြသတဲ့လေ။
အဲ့သလို ပြောမပြတတ်တဲ့
သိုသိပ်မှုတွေဖိဆီးရင်း
ကြောက်စိတ်နဲ့ သိမ်ငယ်သွားတဲ့ မျက်ဝန်းတွေ
ညီလေးနဲ့ ညီမလေးဆီမှာ ရှိတယ်
အမေနဲ့ အဖေ့ဆီမှာ ရှိတယ်
ကျွန်တော့်ဆီမှာတော့ တိတ်ဆိတ်တဲ့
သီချင်းလို
မျက်ရည်သံစဉ်တွေရှိတယ်။
တစ်ခါက မဟာတပ်မကြီး ရင်ဘတ်ထဲ
စစ်ကြောင်းချီတော့
ထိန်းချုပ်မှုမဲ့ ရင်ခွင်ဟာ ခုန်မင်တတ်စမှာပဲ
ကျိုးပဲ့ခဲ့ဖူး
ကျွန်တော်တို့မောင်နှမတွေ
ရင်ခုန်ခြင်းအတတ်ပညာမဲ့ခဲ့ပါတယ်။
တကယ်လို့သာ မိုးသားတွေထဲ
ကြယ်ပြာလေးကို ငေးရတာ
ပြည့်စုံခြင်းတစ်ခုဆိုရင်
ကျွန်တော်တို့ ကြွယ်ဝကြတဲ့
တစ်ခုတည်းသော
ရိုးသားခြင်းဟာ အဲ့ဒီ
မိသားစုကြယ်ပြာလေးပါပဲ
သူက မှိတ်တုတ်မှိတ်တုတ် အသက်ရှူတယ်
ကျွန်တော်တို့ကို မလှည့်ဖြားဘူး
ပြီးတော့ သန့်စင်တယ်…
ဒါပေမယ့် တိမ်ညိုတွေကင်းစင်မှသာ
မင်းကိုတွေ့နိုင်မှာမို့
ကောင်းကင်ကြီးကြည်လင်ဖို့
ငါတို့ နေ့စဉ် ဆုတောင်းတယ် ကြယ်လေးရေ
မင်းက ငါတို့အိပ်မက်ဖြစ်လို့
နေ့စဉ်နေ့တိုင်းလင်းပေးပါ။

**ဟီသ**


## ကာရံမဲ့ ဘဝ

နေ့ရက်တွေက . . ရွှေ့လျော့လျော့ . . .
နေပျော့ပျော့ . . . စခန်းသိမ်းတော့ . . .
အနောက်တောင် . . . ယွန်းယွန်းဆီက . . .
ပျံသန်းလာတဲ့ . . . ဇင်ယောက်အုပ်ရယ် . . .
သူထက်ရယ် . . . ငါကကဲလို့ . . .
အိပ်တန်းတက်ဖို့ . . . ဆူညံဆင် . . .။

ထိုအချိန်တွင် . . . တမိုးချုပ်လို့ . . .
ကုန်ခန်းနေတဲ့ . . .အားအင်ကိုပြင် . . .
ကွန်ပိုက်ကိုတဲ့ . . .လှေပေါ်တင် . . .
ကြင်သူဆီ . . .ရောက်ချင်စိတ်နဲ့ . . .
လှော်ခတ်နေတဲ့ . . .တံငါလုလင်။ . . .

အို . . . သင်တို့ အမှန်ပင် . . .
ရောက်ချင်သလိုပေ့ါ . . .
မျှော်ရတော့ . . .မောလှပြီထင် . . .
သခင်အပြန် . . .စိတ်ပူပန်လို့ . . .
ပြန်လာလျှင် . . .ရောကာချက်ဖို့ရယ် . . .
ငြုပ်သီးနဲ့ . . . ကြက်သွန်ထောင်းပါလို့ . . .
ကူးပြန်ပြီပေ့ါ . . . တစ်နေဝင် . . .။

**ထိုက်အောင်လှိုင်း**





## ကျမ ရှင်သန်နေဆဲ

ခါးသီးလှည့် ဖျားတဲ့ အလိမ်အညာ မုသားတွေနဲ့
သမိုင်းမှာ ကျမကို နှိမ်ချလို့ ရေးချင်ရေး
အညစ်အကြေးထုထည်ထဲ နင်းချေလိုချေလည်း
ဖုန်မှုန်တွေလို ထကြွ ကျမ ရှင်သန်နေဦးမှာ

ကျမရဲ့ ပမာမခန့် အမူအယာက ရှင့်ကို
စိတ်ပျက်စေသလား
စိတ်အလိုမကျမှုတွေကြား ကိုယ့်ဘာသာ
မွမ်းကြပ်နေအောင်
ရေနံတွင်းကြီး ဧည့်ခန်းထဲ လျှံကျသလို
ကျမ ကန့်ကလျ လမ်းလျှောက်ပြနေလို့
များလားကွယ်

(မာယာ အမ်ဂျလူသည် အမေရိကန် လူမည်း ကဗျာဆရာမတစ်ယောက်ဖြစ်ပြီး သူမ၏ အသားအရောင် ခွဲခြားမှုကို ဆန့်ကျင်သည့် ကဗျာများကြောင့် ထင်ရှားသည်။ ဤကဗျာသည်လည်း အထင်ရှားဆုံးသော ကဗျာထဲမှ တစ်ပုဒ်အပါအဝင် ဖြစ်သည်။)

လအဆင်းလို
နေအလင်းလို
ဒီရေတွေရဲ့ သေချာခြင်းလို
မျှော်လင့်ချက်ရဲ့ ရုန်းကန်လှုပ်ရှား
ရှင်သန်နေမှုမျိုးလို
ကျမ ရှင်သန်နေဦးမှာ

ခေါင်းကိုငုံ့ မျက်လွှာကိုချ
ရှိုက်ကြီးတငင် ငိုကြွေးမှုများနဲ့
မျက်ရည်စတွေနဲ့ ထမ်းပိုးထားတဲ့ ပုခုံးသားတွေ
နှိမ့်ကျချိန်မျိုး
ကျမ ကျရှုံး လဲပြိုနေတာ ရှင်မြင်ချင်နေခဲ့သလား

စွာတေးကျမက ရှင့်ကို စော်ကားမိသလို
ဖြစ်စေခဲ့သလား
မထွေးနိုင်မအံနိုင် ခံစားနေရအောင်
ကျမ အိမ်နောက်ဖေးဂင်းထဲ
ရွှေတွင်းကြီးတွေ့သလိုမျိုး အူမြူးမိပြီး
အော်ရယ်မိနေလို့ များလားကွယ်

ရှင့်စကားလုံးတွေနဲ့ ကျမကို ပစ်ချင် ပစ်
ရှင့် မျက်လုံးက အကြည့်တွေနဲ့ ကျမကို
တစစီလှီးဖြတ်ချင် လှီးဖြတ်
အမုန်းတရားအပြည့်နဲ့ ကျမကို သတ်ပစ်ချင်
သတ်ပစ်လည်း
လေထုတွေလို ထကြွ ကျမ ရှင်သန်နေဦးမှာ

ကျမရဲ့ ညို့အားက ရှင့်ကို
စိတ်ပျက်စေသတဲ့လား
ကျမ ပေါင် ကျော့ရှင်းကို ရှင်ကြည့်မိခိုက်
စိန်တွေရသွားလို့ ကျမ ထကမိ ပုံမျိုးကြောင့်
ရုတ်တရက် တအံ့တသြ ဖြစ်သွားရလား

သမိုင်းဂင် အရှက်ရမှု တဲကုတ်ထဲက ရုန်းထွက်
ကျမ ရှင်သန်တယ်
နာကျင်မှုတွေ မွေးမြူထားတဲ့
အတိတ်အရိပ်အထဲက ရုန်းထွက်
ကျမ ရှင်သန်တယ်

ကျမက လှိုင်းလုံးတွေ တရိတ်ရတ်နဲ့
ကျယ်ပြောတဲ့
ပင်လယ်နက်တစ်ခု
ငိုကြွေးအော်ဟစ် လှိုင်းကြားမှာ ခံနိုင်ရည် အပြည့်
တုန်လှုပ်မှု ကြောက်ရွံ့မှုညတွေကို ချန်ထားခဲ့ပြီး
ကျမ ရှင်သန်တယ်
အံ့သြဖွယ် လင်းရှင်းတဲ့ မနက်မိုးသောက်ထဲ
ကျမ ရှင်သန်တယ်
ဘိုးဘေးဗူဇာတို့ အမွေကို လက်ဆင့်ကမ်းလို့
ကျမက အိပ်မက်
ပြီးတော့ ကျမက ကျွန်တွေရဲ့ မျှော်လင့်ချက်
ကျမ ရှင်သန်တယ်
ကျမ ရှင်သန်တယ်
ကျမ ရှင်သန်တယ်

- မာယာ အမ်ဂျလူ






# ဤခရီးနီးတော့မည်လား

• မောင်ရင်ကောင်း (ဆေး ၂)

ဤခရီးနီးတော့မည်လား

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ တစ်ရက်နေ့တွင် World AIDS day (AIDS ရောဂါတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့) အဖြစ် ကမ္ဘာတစ်ဝှမ်းလုံး ကျင်းပကြပေအုံးမည်။ တစ်ကမ္ဘာလုံးမှ HIV ကူးစက်ခံရသော ဝေဒနာရှင်များနှင့် သေဆုံးသွား သူများ အတွက် ရည်စူး၍ ဆုတောင်းပွဲများ ပညာပေးပွဲ အခမ်းအနားများဖြင့် နိုင်ငံအလိုက် ကျင်းပကြပေဦးမည်။ အော်ဘာလိုလိုနှင့် HIV ကမ္ဘာမြေပေါ်သို့ ရောက်လာပြီး လူသားအသက် ခြွေလာသည်မှာ ရာစုနှစ်ဝက်မျှပင် ရောက်လာပါပေါ့လား။

၁၉၈၁ ခုနှစ်တွင် ဆန်ဖရန်စစ်စကိုတွင် နေသူ Ken Horne (ကန်းဟွန်း) ကို ကမ္ဘာ့ပထမဆုံး အိတ်အိုင်ဗွီ(HIV) ပိုး ကူးစက် ခံရသည့် လူနာအဖြစ် သတ်မှတ်ကြသည်။ ထိုအချိန်က အမေရိကန် ပြည်ထောင်စုတွင် ထိတ်လန့် ခြောက်ခြား ဖွယ်ရာ အခြေအနေနှင့် ကြုံခဲ့ရသည်။ အမေရိကန် ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာန(CDC)သို့ တောင်ပိုင်းနှင့် မြောက်ပိုင်းကပါ ထူးခြားသော ရောဂါ ရှာဖွေ တွေ့ရှိမှု မှတ်တမ်းများ (case reports) များ တက်လာကြသည်။

ဆေးရုံများတွင် လူနာများသည် ကိုယ်ခံအားကျကာ ကူးစက်ရောဂါ ပေါင်းစုံကြုံတွေ့နေရသည်။ ပါးစပ် အတွင်း နှင့် လည်ချောင်း အတွင်း မှက်ခရုများ၊ ကိုယ်အရည်ပြားတွင် မှိုကြောင့်ဖြစ်သော ရောဂါ ကပ်ပါးများကြောင့် ဖြစ်သော ရောဂါများ နှင့် အဆုတ်လမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားနေကြသည်။ ကုရခက်ခဲသလို ဘာကြောင့်ဖြစ်နေမှန်း မသိကြ။ အမေရိကန်ပြည်ထောင်စု အနေဖြင့် ကြွယ်ဝမှု ချမ်းသာမှု နှင့်အတူ ထူးခြားသော နတ်ဆိုးတစ်ကောင်၏ ခြောက်လှန့်မှုကို ရုတ်တရက်ခံနေ ကြရသည်။

မကြာပါ။ နတ်ဆိုး၏ခြောက်လှန့်မှုသည် အမေရိကန်ပြည်ထောင်စုတွင် သာမကတော့။ ဥရောပနှင့် အာဖရိကနိုင်ငံများတွင်ပါ တွေ့ရှိမှု စတင်လာသည်။ ထိုနတ်ဆိုးကို ရှာဖွေဖို့အတွက် သိပ္ပံပညာရှင်များကြိုးပမ်းခဲ့ကြသည်။ ၁၉၈၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံမှ သိပ္ပံပညာရှင်များမှ ရောဂါသည် ဝေဒနာရှင်များ၏ အကြိတ်အဖုများမှ ရယူသော အသားစ အဖြေများမှ တစ်ဆင့် virus တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ တစ်ဆက်တည်းမှာပင် အမေရိကန် ပြည်ထောင်စုမှ ရောဘတ်ဂဲလို (Robert Gallo) ကလည်း တွေ့ရှိကြောင်း ကြေငြာ နိုင်ခဲ့သည်။

သို့သော်လည်း ကုသဖို့ရာ အခက်တွေ့နေကြဆဲ။ ရောဂါပိုးကို လူပေါင်းများစွာထံမှ အချိန်တို အတွင်း သိရှိပြီး ကုသမှု ရနိုင်အောင် ဆောင်ရွက်ဖို့ရာ ကျန်နေပါသေးသည်။ HIV အတွက် ကနေဦးတွင် ကုထုံးများမှာ စနစ်ကျနမှု မရှိသေးပါ။




ကုသသည့်ဆေးလည်း မရှိသေးပါ။ ဒါ့အပြင် အဘယ်ကြောင့် ဤ ရောဂါပိုးသည် ပြန့်နှံ့နေခဲ့သည်ကိုလည်းမသိကြသေးပါ။ ၁၉၈၃ခုနှစ်တွင် ပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် ထိုရောဂါပိုး နှင့် ပတ်သတ်၍ အတော်များများ သိရှိလာကြသည်။

**HIV ပိုးသည် အဓိကအားဖြင့် ကူးနိုင်သည်မှာ**

- **အကာအကွယ်မဲ့၊ ကွန်ဒုံးမသုံးဘဲ လိင်ဆက်ဆံခြင်း (လိင်တူဖြစ်စေ လိင်ကွဲဖြစ်စေ)၊**
- **ရောဂါပိုးရှိသူ၏ ဆေးထိုးပြွန်၊ ဆေးထိုးအပ် သုံးမိခြင်း၊ ထိုးမိခြင်း၊ (မူးယစ်ဆေး သုံးစွဲသူများ ဆင်ခြင်ပါ)**
- **ရောဂါပိုးရှိသူ၏ သွေးကိုသွင်းမိခြင်း၊**
- **တက်တူး ထိုးခြင်း (အရုပ်တက်တူး သာမက ကိုးကွယ်ယုံကြည်မှု အရ ဆေးပေါက်တာတွေလည်း အကျုံးဝင်ပါတယ် သတိပြုပါ)၊ နှင့်**
- **မိခင်မှ သန္ဓေသားကိုကူးစက်ခြင်း (စောသိပါက မိခင်လည်းဆေးတိုက် မွေးလာတော့လည်း ကလေးပါ ဆေးတိုက်ပါက ကလေးငယ်များ လွတ်ကင်းပါတယ်)**

တို့ဖြစ်ကြသည်။ ၁၉၈၀ပြည့်လွန် ကာလများတွင် Anti-retroviral drugs (ပိုးထိန်းသည့် ဆေးများ) မပေါ်သေးသည့် အတွက် မိခင်မှကလေးသို့ ကူးစက်နှုန်းများသည်။ ယခုကာလမှာတော့ အသစ်အသစ်သော ဆေးဝါးများ၏ အစွမ်း အာနိသင့်ကြောင့် မိခင်မှကလေးသို့ ကူးစက်နိုင်နှုန်းကို များစွာလျော့ချနိုင်လာပါသည်။

၁၉၈၆ခုနှစ်တွင် zidovudine(AZT) ဆေးဝါးများကို ကုသဖို့အတွက်စတင် အသုံးပြုလာကြသည်။ ကနဦး ကုထုံးများတွင် ဆေးတစ်မျိုးတည်း ကိုသာ အသုံးပြုခဲ့သည်။ သို့သော် နောက်ပိုင်းတွင် HIV ပိုး၏သဘောသဘာဝကို သိရှိလာပြီး ဆေးတစ်မျိုးတည်း သုံးခြင်းဖြင့် မလုံလောက်။ ဆေး ၃ မျိုး ပေါင်းမှသာ ပိုးကောင်ရေကို ထိန်းချုပ်နိုင်လာသည်ကို သိရှိလာကြသည်။ ဒါ့အပြင်အချိန်တိုအတွင်း သွေးစစ်၍ အဖြေရှာကာ ရောဂါပိုး ရှိမရှိ မိနစ်ပိုင်း နာရီပိုင်း အတွင်း သိနိုင်လာသည်။ ယနေ့အခါတွင် စာရေးသူတို့ နိုင်ငံ၌ ART ဆေးသောက်၍ ကုသမှုခံယူနေသော လူနာဦးရေ ၂၀၁၇ ကိန်းဂဏန်းများအရ ၂၄၀၀၀၀ကျော် ရှိပါသည်။ ဒီကြားထဲ မိမိ၏ ရောဂါပိုးရှိနေမှု အခြေအနေကို မသိသေးသည့် သူများလည်း ရှိနေပါသေးသည်။ ထို့ကြောင့်လည်း ပညာပေးနိုင်ရေး အလို့ငှါ HIV ပိုးနှင့်ပတ်သတ်၍ အမေး အဖြေပုံစံမျိုး နှင့် အများသိရှိအောင် တင်ဆက်လိုက်ပါသည်။

(၁) မေး-HIV ရောဂါသည် ကုရာနတ္တိဆေးမရှိလား။
ဖြေ- ဒီမေးခွန်းကို ဖြေရမည်ဆိုလျှင် HIVပိုးသည် ယနေ့ခေတ်တွင် လုံးဝ အရှင်း ပျောက်ကင်းအောင်တော့ ဆေးဝါးမပေါ်သေးပါ။ သို့သော်လည်း ယနေ့ခေတ် ဆေးဝါးများသည် ပုံမှန်ရက်မပျက် သောက်သုံးပါက အလွန် အစွမ်းထက်ကာ သွေးထဲ ခန္ဓာကိုယ်ထဲရှိ ပိုးကောင်ရေ ပမာဏကို ထိန်းချုပ်နိုင်ပြီး နှစ်ပေါင်းများစွာ ကျန်းမာ သက်ရှည်စွာနှင့် လူကောင်းပကတိအတိုင်း နေနိုင်ပါသည်။

(၂)မေး- ကျွန်တော်ကျွန်မတို့မှာ သွေးအဖြေကတော့ reactive လို့ပေါ်နေတယ်။ HIV ရှိတာသေချာလို့လားဆရာ။
ဖြေ-များသောအားဖြင့် ဓာတ်ခွဲခန်းအတော်များများက အဖြေထုတ်ပေးရင် သေချာကြည့်ပါ Reactive နဲ့ Non reactive လို့ပဲ ထုတ်ပေးကြတာ များပါတယ်။ Reactive ဆိုတဲ့ အဖြေလေးတစ်ခုနဲ့ စိတ်ဓာတ်မကျပါနဲ့အုံး။ အများအားဖြင့် RDT (rapid diagnosis test) လုပ်ဖို့အတွက် test kit လေးနဲ့စစ်ပေးကြတာများပါတယ်။ မှားတတ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးနဲ့ သက်ဆိုင်ရာနိုင်ငံက အစိုးရရဲ့ ချမှတ်ထားတဲ့ စည်းမျဉ်းတွေ နဲ့ စစ်ပြီးမှ ဓာတ်ခွဲခန်းကြီးများက positive ( ရှိပြီ ) လို့ ထုတ်ပေးရတာပါ။ အခုခေတ်မှာတော့ မျိုးရိုးဗီဇ ဆေးပညာ ထွန်းကားမှုကြောင့် ကုသမှုမခံယူမီ ကြိုက်သလောက် စစ်နိုင်ပါတယ်။ သတိထားရမှာကတော့ ဆေးကုသမှုခံယူရန် နောက်မကျဖို့ပါပဲ။

(၃) မေး- ဆေးသောက်တာ ကြာလာလို့ ပြန်စစ်လို့ Non reactive ထွက်နေရင်ကောဆရာ။ ဘယ်လိုဖြစ်ရတာလဲ။ ဖြစ်ကောဖြစ်နိုင်လား။

ဖြေ- ပထမတစ်ခု ကတော့ ဆေးမတိုက်ခင်တည်းက သွေးသေချာ စစ်ဆေးမှုပိုင်းမှာ ပြဿနာရှိနေလား။ ဒါမှမဟုတ်ရင်တော့ တစ်ခြားအချက်က ခင်ဗျား ဆေးပုံမှန်သောက်တဲ့ အခါ ပိုးကောင်ရေကျလာရင် အဲ့လိုအဖြေမျိုး ထွက်လာနိုင်ပါတယ်။ သို့သော် အလွန့်အလွန်ရှားပါတယ်။ များသောအားဖြင့် ဓာတ်ခွဲခန်းတွေမှာ သမားရိုးကျ စစ်ကြတာက HIV ပိုးကောင်ရေရဲ့ ကိုယ်ခံအားတွေ ကျတော့ သွေးထဲမှာ ထွက်လာတဲ့ ခန္ဓာကိုယ်ရဲ့ တုန့်ပြန်မှု(retroAb) ကို စစ်ကြတာဖြစ်တယ်။ ဒီအဖြေဟာ ဆေးသောက်တာ နှစ်ကြာလို့ ပိုးကောင်ရေ တအားနည်းနေတဲ့ သူအဖို့ မှားနိုင်တယ်။ ဖြစ်တောင့်ဖြစ်ခဲပါ။ ဒါကြောင့် ဆေးသောက်တဲ့

သူဆို HIV ပိုးကောင်ရေ (viral load) နဲ့ ကိုယ်ခံအား (CD4) ပဲ အဓိက ကြည့်ပါတယ်။

(၄) မေး- HIV ပိုးကူးစက်ခံရပါက ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ (AIDS) ဖြစ်ပြီလား။

ဖြေ- HIVပိုး ကူးစက်ခံရသူတိုင်း ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ (AIDS) အဆင့်ကို ရောဂါပိုး ကူးစက်ခံရ ခါစမှာ တန်းမဖြစ်ပါ။ စနစ်တကျ ကုသမှုခံယူပြီး ကျန်းမာ ရေး ဝန်ထမ်းများ၏ ညွှန်ကြားချက်အတိုင်း နေထိုင်ပါက သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ပါသည်။

(၅) မေး- ဒါဖြင့် ကျွန်တော်ကျွန်မတို့ ကျတော့ နေထိုင်မကောင်းဖြစ်မှ သိရတာလဲ။
ဖြေ- ဒါကတော့ ကူးစက်ခံရခြင်းကို စောသိခြင်း၊ နောက်ကျ သိခြင်း အပေါ်မှာ မူတည်ပါသည်။ ကျွန်တော်တို့ လူမျိုးများ သည် လူနည်းစုမှ လွဲ၍အများစုသည် ပုံမှန် ဆေးစစ်မှု (medical check up) မပြုလုပ်ကြပါ။ ဒါကြောင့်လည်း HIV ပိုးကို အလုပ်ကိစ္စကြောင့် သော်လည်းကောင်း၊ ကျန်းမာရေး စစ်ဆေးမှုအရသော် လည်းကောင်း၊ သွေးစစ် ရင်း စောသိကြတာ ရှိသလို တစ်ချို့ ကျတော့လည်း ကူးစက်ခံရပြီး အတော်ကြာမှ ကိုယ်ခံအား တွေ ကျလာမှ ရောဂါတွေ တစ်ခုပြီးတစ်ခုဝင်လို့ ဆေးစစ်ကြ တော့မှ သိလာရခြင်း ဖြစ်ပါသည်။

(၆) မေး- ဒါဖြင့်ဆရာရယ် ကျွန်တော်ကျွန်မ တို့က HIV ရှိလို့ ခဏခဏ နေမကောင်းဖြစ် အိပ်ရာထဲလဲနေရင် ဘယ်လို လုပ်ပါ့မလဲ။ မိသားစုကရှိသေးတယ်။

ဖြေ-မှန်ပါတယ်။ ခင်ဗျားတို့ စိုးရိမ်သင့်ပါတယ်။ စိတ်ပူသင့်ပါတယ်။ သို့သော်လည်း အခုခင်ဗျားတို့ သောက် နေတဲ့ ART ဆေးကလည်း အရမ်းအစွမ်း ထက်ပါ တယ်။ ပုံမှန်သာ ရက်မပျက် သောက်ပါ။ လူကောင်းအတိုင်း ကျန်းမာစွာ နေထိုင်နိုင်ပါတယ်။ တရှောင်ရှောင် နေနေရမယ့် ရောဂါမျိုး မဟုတ်ပါ။ အလုပ်တွေလည်း ပုံမှန် လုပ်နေကျ အတိုင်း လုပ်ပါ။ အဲ့ဒီအတွက် ပြဿနာမရှိနိုင်ပါ။ စနစ်တကျ ဆေးကုသမှု ခံယူပြီး ဆေးပုံမှန်သောက်ဖို့ ထပ်လောင်း အကြံပေးပါရစေ။

(၇)မေး-ဆရာရယ် ကျွန်တော်ကျွန်မ တို့မှာ မိသားစု လည်းရှိတယ် ကလေးတွေ လည်းရှိတယ်။ တခြား သူတွေကို ကူးမှာစိုးတယ်။

ဖြေ- ခင်ဗျားတို့ စိုးရိမ်တာကို ကျွန်တော် ကိုယ်ချင်းစာ ပါတယ်။ သိအောင်လည်း ပြောပြပါ့မယ်။

- အဓိကအားဖြင့် ကူးနိုင်တာတွေ ကတော့ အကာ အကွယ်မဲ့ ကွန်ဒုံးမသုံးဘဲ လိင်ဆက်ဆံခြင်း (လိင်တူ ဖြစ်စေ လိင်ကွဲဖြစ်စေ)၊
- ရောဂါပိုးရှိသူ၏ ဆေးထိုးပြွန် ဆေးထိုးအပ် သုံးမိခြင်း၊ ထိုးမိခြင်း (မူးယစ်ဆေး သုံးစွဲသူများ ဆင်ခြင်ပါ)
- ရောဂါပိုးရှိသူ၏ သွေးကိုသွင်းမိခြင်း၊ တက်တူး ထိုးခြင်း (အရုပ်တက်တူး သာမက ကိုးကွယ် ယုံကြည်မှု အရ ဆေးပေါက်တာ တွေလည်း အကျုံးဝင်ပါတယ် သတိပြုပါ)၊ နဲ့
- မိခင်မှသန္ဓေသားကို ကူးစက်ခြင်း (စောသိပါက မိခင်လည်း ဆေးတိုက်၊ မွေးလာတော့လည်း ကလေးပါ ဆေးတိုက်ပါက ကလေးငယ်များ လွတ်ကင်းပါတယ်) တို့ ဖြစ်ပါတယ်။

ဒီအချက်တွေက လွဲလို့ ပုံမှန် စားသောက် သွားလာနေထိုင် ပွေ့ဖက် ရုံနဲ့ မကူးစက်နိုင်ပါဘူး။ ပုံမှန်အတိုင်း မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်း နေနိုင်သလို ရပ်ရေး ရွာရေးနဲ့ ပရဟိတ လုပ်ငန်းတွေမှာလည်း တက်တက်ကြွကြွ ပါဝင်နိုင်ပါတယ်။

(၈) မေး- ဆရာ ကျွန်တော်/ကျွန်မကတော့ ဆေးကုသမှု ခံယူနေပါတယ်။ အတူနေသူ (အမျိုးသား/အမျိုးသမီး) ကတော့ အခု စစ်တာမရှိဘူးဆရာ။ အဲ့ဒါ
ဆရာဝန်- ဟုတ်ပြီ ဆရာတစ်ခုလောက် မေးမယ်နော်။ ခင်ဗျား တို့အတူ လိင်ကိစ္စရှိကြရင် အကာအကွယ်သုံးလား။
လူနာ- သုံးပါတယ်။ သေချာသုံးပါတယ်။

ဖြေ-ဟုတ်ပါပြီ။ ခင်ဗျားရဲ့ အတူနေသူကိုတော့ စစချင်း သွေးစစ်ဖို့ တိုက်တွန်းပါ။ ခင်ဗျားရဲ့ အနေအထားကို ဖွင့်ပြောပါ။ သူသဘောတူရင် သွေးစစ်ပါ။ အစမှာတော့ မရှိဘူးဆိုရင် ၃လနဲ့၆လ အကြာမှ သွေးစစ်ပါ။ စိတ်ထဲ အတူ နေစဉ် တစ်ခုခု လွဲသွားတာ သံသယရှိရင် ဥပမာ အကာ အကွယ် ကွန်ဒုံးပေါက်သွားတာတို့ ဘာတို့ပေါ့။ ဒါတွေက ရှိနိုင်သေးတယ်။ လိင်ကိစ္စနဲ့ အတူနေသမျှ ကာလပတ်လုံး ၆လတစ်ခါ ၆လတစ်ခါတော့ ပုံမှန်သွေးစစ်ဖို့ အကြံ ပြု ပါရစေ။

(၉) မေး- ဆရာရယ် ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီးက ကလေး သိပ်ယူချင်တာပဲ ဆရာရယ်။ ခက်တာက ကျွန်တော် တို့မှာ HIVပိုးရှိလို့ ယူလို့မရဘူး လူတွေ ပြောနေကြတယ် မှန်ပါသလားဆရာ။

ဖြေ-ဒါဟာ လွဲမှားနေတဲ့ အယူအဆ တစ်ခုပါပဲ။ လောလော ဆယ် ခင်ဗျား ရော ခင်ဗျားအမျိုးသမီးပါ ဆေးကုသမှု ခံယူ နေသလို ART ဆေးတွေလည်း ပုံမှန် သောက်နေကြတယ်။

အဲ့တော့ ခင်ဗျားတို့ ကလေးယူမယ်ဆို ခင်ဗျားတို့ရဲ့ ကိုယ်ခံအား(CD4)နဲ့ ပိုးကောင်ရေ(viral load) စစ်ပါမယ်။ ကိုယ်ခံအားတွေကောင်းပြီး ပိုးကောင်ရေ သွေးထဲမှာ မရှိသလောက် နည်းပါးရင် ယူနိုင်ပါတယ်။ သို့သော် သက်ဆိုင်ရာ ဆရာဝန်ကြီးများနဲ့ သေချာဆွေးနွေး တိုင်ပင်ပြီးမှ သေချာပြင်ဆင် ပြီးမှယူပါ။

(၁၀) မေး-ဆရာ ကျွန်တော်/ကျွန်မ ကတော့ ဆေးကုသမှု ခံယူနေသူပါ။ ဆေးသောက်နေတာလည်း ကြာပါပြီ။ အတူနေသူကတော့ (အမျိုးသား/အမျိုးသမီး) ဆေးစစ်တိုင်း (Non reactive) မရှိဘူးလို့ ထွက်နေတာ ကြာပါပြီ။ အဲ့ဒါ ကလေးယူချင်လို့ ဆရာ ရနိုင်လား။

ဖြေ-ဟုတ်ပါပြီ။ အရင်ဆုံး နှစ်ဦးစလုံး ဆန္ဒရှိတယ် ဆိုရင်တော့ ယူလို့ရနိုင်စရာ အကြောင်းရှိပါတယ်။ ဒီcase မှာတော့ ဆေးသောက်နေတဲ့သူ အဖို့ကလည်း ပိုးကောင်ရေပမာဏ (viral load) အဖြေကောင်းပြီး ကိုယ်ခံအား(CD4) ကလည်း အနည်းဆုံး သင့်တင့်တဲ့ ဆရာဝန် လက်ခံနိုင်တဲ့ အနေအထားရှိရပါမယ်။

တစ်ခါ တစ်ဖက်က HIVမရှိတဲ့ လူနာရဲ့ လက်တွဲဖော်ကိုလည်း ရှင်းပြဖို့လိုအပ်ပါတယ်။ အရင်ဆုံး ကလေးမယူမီ (pre exposure prophylaxis) ကူးနိုင်ခြေ နည်းအောင် ကြိုတင်ဆေးသောက်ဖို့နဲ့ အတူတူ နေစဉ်မှာလည်း ကူးစက်နိုင်ခြေ အနည်းအများကိုလည်း ရှင်းပြရပါမယ်။

ပြီးရင်တော့ အမျိုးသမီး သားဥကြွေချိန်ကို ရက်တွက်ပြီး ထိုရက်တွေမှာ အတူနေရပါမယ်။ နေစဉ်ကာလမှာလည်း လုပ်ဆောင်ရမယ့် အပြုအမူတွေကိုလည်း သက်ဆိုင်ရာ ဆရာဝန်ကြီးများ ကျွမ်းကျင်သူများမှ လမ်းညွှန်ပါအုံးမယ်။ မွေးလာတဲ့ ကလေးလည်း ကူးစက်နိုင်ခြေ နည်းအောင် ဆေးတိုက် ကျွေးတာ ပြုစုကုသရတာတွေ ရှိပါတယ်။

ဖြစ်နိုင်ရင်တော့ ဆရာဝန်များ ကျန်းမာရေးဝန်ထမ်းများနဲ့ ဆွေးနွေးတိုင်ပင်ပြီးမှ ယူကြစေလိုပါတယ်။

(၁၁) မေး-ဆရာခင်ဗျား ကူးစက်ဖို့ အခြေအနေ တစ်ခုခု ကြုံခဲ့ရင် ဘယ်လိုလုပ်ရမလဲ။

ဖြေ-ခင်ဗျား ဘာကိုပြောချင်တာလဲ တစ်ချက်လောက် ပြောပြပါအုံး။

မေး-ဒီလိုဆရာ ကျနော်က အမျိုးသမီးတစ်ဦးနဲ့ ကာမ ဆက်ဆံခဲ့တယ် အကာအကွယ် မသုံးမိဘူး။ HIV ကူးသွားမှာလည်း ကြောက်တယ် အဲ့အတွက်ပါဆရာ။

ဖြေ- ဒါက ဒီလိုကိစ္စတွေက ရှိတတ်ပါတယ်။ များသောအားဖြင့် ကျန်းမာရေးဝန်ထမ်းတွေ ကြုံရတဲ့ ဆေးထိုးအပ စူးတာ ခွဲခန်းမှာ ထိမိခိုက်မိတာ စတဲ့ လုပ်ငန်းခွင် မတော်တဆတွေကြောင့်တော့ တွေ့ရတာ ပိုများတယ်။ ခင်ဗျား ပြောသလိုလည်း ရှိတတ်ပါတယ်။
ဒီအတွက် PEP (post exposure prophylaxis) ဆိုပြီး တတ်နိုင်သမျှ ကူးနိုင်ခြေနည်းအောင် စောနိုင်သမျှစောအောင် ဆေးတိုက်တဲ့ နည်းတော့ရှိပါတယ်။ အဓိကက လူနာဟာ PEP မသောက်ခင်မှာ သွေးစစ်ကြည့်လို့ HIV မရှိဖို့တော့ လိုပါတယ်။
ဒါပေမယ့် သွေးစစ်ဆေးမှုတွေ နဲ့အတူ ဆွေးနွေးတိုင်ပင်မှုတွေ လုပ်ဖို့လိုအပ်ပါသေးတယ်။ risk factors ကူးစက်နိုင်ခြေပေါ်မူတည်ပြီး စဉ်းစားရတာတွေ ရှိပါတယ်။ ပြီးတော့လည်း လူနာက မိမိရဲ့ အကြောင်းအရာကို မခြွင်းမချန် အပြည့်အစုံ ပြောပြဖို့လိုပါတယ်။ ဒါမှလည်း ရှေ့ဆက် ဆေးကုသမှုမှာ အဆင်ပြေမှာပါ။

(၁၂) မေး- ဆရာခင်ဗျား ART ဆေးသည်လည်း ဆေးယာဉ်ပါး တတ်တယ် ဆိုတာ ဟုတ်ပါသလား။

ဖြေ-မှန်ပါတယ်။ ဆေးယာဉ်ပါး တတ်ပါတယ်။ ARTဆေးမှ မဟုတ်ဘူး။ ဘယ်ပိုးသတ်ဆေးမဆို ယဉ်ပါးတတ်ပါတယ်။ အများအားဖြင့်တော့ ဆေးယဉ်ပါးတာနှစ်မျိုး တွေ့ရတယ်။ ပထမ တစ်မျိုးက ဆေးပုံမှန်မသောက်တာပါပဲ။ ဆေးကို လေးလေးစားစား မသောက်ဘဲ သောက်လိုက် မသောက်လိုက် နေလို့ဖြစ်တာပါ။
ဒုတိယ တစ်မျိုးကတော့ စပြီး အကူးခံရတည်းက ဆေးယဉ်ပါးတဲ့ ပိုးကူးစက်ခံရလို့ပုံမှန်ဆေးသောက်သော်ငြား ဆေးမတိုးတာပါ။ မြန်မာပြည်မှာတော့ ပထမတစ်မျိုးက အများဆုံး ဖြစ်ပါတယ်။ ဒါကြောင့် မှာချင်တာက ဆေးကို ပုံမှန် တိတိ ကျကျ သောက်ကြပါ။

(၁၃) မေး- ဆရာကျွန်တော်/ကျွန်မ ကို အိမ်နားက လူရပ်ကွက်ထဲက လူတစ်ယောက်က ဒီဆေးသောက်ရင် ရပြီ ပြောတယ်။ သူ့တုန်းက ဆေးရုံက ဒီဆေးပဲ ပေးနေတာတဲ့။ ကျွန်တော် ကျွန်မ တို့ကချမ်းသာတယ်။ ဈေးကြီးလည်း ဝယ်သောက်နိုင်တယ် ရလားဆရာ။
ဖြေ- ဒါဟာ မြန်မာပြည်မှာ အတွေ့များတဲ့ ပြဿနာပါ။ ယောင်လို့တောင် မလုပ်မိပါစေနဲ့။ ART ဆေးမတိုက်မီ ကျွန်တော်တို့ဟာ opportunistic infection လို့ခေါ်တဲ့ ကိုယ်ခံအား ကျချိန် ကိုယ်တွင်းအောင်း နေတတ်တဲ့ ရောဂါတွေကို အရင်ဆုံး စစ်ဆေး ရှာဖွေရပါတယ်။ တွေ့ရင်ဖြစ်တာ အရင်ဆုံး စိတ်ချနိုင်လောက်တဲ့အထိ ကုရပါတယ်။ တစ်ခါ အသည်းဓာတ် ကျောက်ကပ်ဓာတ်တွေ ကောင်းမကောင်း အရင်စစ်ရပါတယ်။ အားလုံး အဆင်ပြေနိုင်တဲ့ အတိုင်းအတာရမှ ART ဆေးစပါ့မယ်။

နောက်တစ်ခုက လူချင်းတူတာတောင် အသက်ရှုပုံချင်း မတူပါဘူး။ ဆေးဆိုတာလည်း ဒီလိုပါပဲ။ ဒီဆေးဟာ ဒီလူနဲ့ တည့်ပင်မဲ့ နောက်လူနဲ့ တည့်ချင်မှ တည့်ပါမယ်။ ဒါကြောင့် လည်း ဆေးစသောက်သူတွေဆို တစ်ပတ်တန်သည် ၂ပတ် တန်သည် ခေါ်ချိန်းတာ ရက်ချိန်းစိပ်စိပ်လေးနဲ့ ခေါ်ကြည့်ရ တာတွေ လုပ်ရပါတယ်။

ချမ်းသာလို့ ဆေးဝယ်သောက်နိုင်တယ် ဖြစ်ဖြစ် ကျွမ်းကျင် ဆရာဝန်များနဲ့ တိုင်ပင်ပြီးမှ ဆေးကုသမှု ခံယူဖို့ အကြံပေး ပါရစေ။

(၁၄) မေး- အပြင်မှာ ရောင်းနေတဲ့ အားဆေးတွေ ဓာတ်စာ တွေနဲ့ တွဲဖက် သုံးဆောင်လို့ ရလားဆရာ။
ဖြေ-အများအားဖြင့် ဂျင်ဆင်း ပိုလန် နဲ့ အချို့သော ဓာတ်စာ ဆိုသည့် ဆေးဝါးများကတော့ ART ရဲ့ အာနိသင်ကို ကျသ လို အသည်းဓာတ် များ၊ ကျောက်ကပ်ဓာတ်များ တက်စေ ပြီး လူကို အသက် အန္တရာယ် ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် ဘယ်အရာမဆို ကုသတဲ့ ဆရာဝန်နဲ့ တိုင်ပင်ဖို့ အကြံပေးပါရစေ။

(၁၅) မေး-ဆရာခင်ဗျား ဒီဘက်ခေတ်မှာ HIV အတွက် ဆေးကုသဖို့ အဆင်ပြေလာပြီလား။
ဖြေ- လွန်ခဲ့တဲ့ ဆယ်စုနှစ် ကျော်တုန်းကတော့ ဆေးကုသမှု အထူးသဖြင့် ART ဆေးထောက်ပံ့မှု လိုအပ်ချက်တွေရှိလို့ လူနာတွေအတွက် အဆင်မပြေခဲ့ပါဘူး။ ဒါတွေဟာကြာခဲ့ပြီ။ အခုခေတ်မှာတော့ အစိုးရအနေနဲ့ လုံလောက်တဲ့ ထောက်ပံ့မှု တွေ ပေးနိုင်လာပြီး ART centre များ ဆေးရုံကြီးတွေမှာ ရှိလာပါပြီ။ အခုလိုအပ်တာကတော့ ခင်ဗျားတို့အနေနဲ့ ပုံမှန် သွေးစစ် ဆေးကုသမှု ခံယူပြီး လာကြဖို့ တိုက်တွန်းပါတယ်။

(၁၆) မေး- ရန်ကုန်မန္တလေး မြို့ကြီးတွေမှာပဲဆေးက ရတာလား ဆရာ။
ဖြေ- မဟုတ်တော့ပါဘူး။ ရန်ကုန် မန္တလေးမြို့ကြီးတွေ သာမက တိုင်းနဲ့ပြည်နယ် မြို့တော်တွေရော ခရိုင်နဲ့ မြို့နယ် တွေပါ မကျန် ဆေးပေးနိုင်နေပါပြီ။ အချို့မရသေးတဲ့ နယ်တွေမှာလည်း ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်ဖို့ ကြိုးစား နေကြပါပြီ။
(၁၇) မေး - ကမ္ဘာမှာ HIV ပိုးကူးစက်ခံထားရပင်မဲ့ ပျောက်ကင်းသွားသူတွေ ရှိသေးလားဆရာ။
ဖြေ-ရှိပါတယ်။ ရှားရှားပါးပါး ဖြစ်ရပ်အချို့ ရှိခဲ့ဖူးပါတယ်။
မေး-သိပါရစေဆရာ။

ဖြေ- ၂၀၀၇ ခုနှစ်တုန်းက ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ တင်မိုသီ ရေးဘရောင်း ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သွေးကင်ဆာကို ရိုးတွင်း ချဉ်ဆီ လဲလည် ကုသရင်း HIV ပိုး လုံးဝ ပျောက်သွားခဲ့ဖူးတယ်။ သူဟာ ၁၉၉၅ခုနှစ်ထဲက HIVပိုး ရှိတယ်လို့ သိရှိထားသူဖြစ်ပြီး ဆေးကုသမှုလည်း ခံယူနေ ပါတယ်။ သူ့ရဲ့ရလဒ်နဲ့ ဘာကြောင့် ဒီလိုဖြစ်တာလဲ အပေါ် မူတည်ပြီး လေ့လာနေပါတယ်။ အဖြေအသစ်တွေလည်း ရှာတွေ့နေပါပြီ။ HIV ဝေဒနာရှင်တွေအတွက် သတင်း ကောင်းပါ။

(၁၈) မေး-ဟာ ဒါဆို သတင်းကောင်းပဲဆရာ။ ဒါ ဆို အနာဂတ်မှာ HIV ပိုးကို လုံးဝပျောက်အောင်ကုနိုင်ဖို့ ဆေး ပေါ်လာနိုင်ပါ့မလား ဆရာ။
ဖြေ-မျိုးရိုးဗီဇနဲ့ ပတ်သတ်ပြီး လေ့လာတဲ့ ဆေးပညာ ပေါ်လာတာဟာ နှစ် ၄၀၀လောက် ဆေးပညာကို အချိန်ကုန် သက်သာ စေတာပါပဲ။ ဆိုလိုတာက ဆစ်ဖလစ်လို ကာလ သား ရောဂါမျိုး ပျောက်ဖို့ ကျွန်တော်တို့ ဘိုးဘေး တွေက နှစ်၄၀၀လောက် စောင့်ခဲ့ရတယ်။ အခုခေတ် အနေအထား နည်းပညာနဲ့ တွက်ရင်တော့ နောင်ဆယ်စုနှစ် ၂စုနဲ့၃စုအတွင်း ကံကောင်းရင် ဆယ်နှစ် ပတ်ချာလည် အတွင်းမှာ ကုသနိုင် မယ့် နည်းသစ်တွေ ထပ်တွေ့နိုင်ပါတယ်။

ယခုနှစ် (world AIDS Day) ဆောင်ပုဒ်သည် "HIV ပိုးရှိမရှိ၊ မိမိကိုယ်ကို သွေးစစ်ကြည့်" (know your status) ဖြစ်ပါသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းပါသည်။ ထို့ကြောင့်လည်း သွေးစစ်ကြည့်ကြဖို့ တိုက်တွန်း လိုပါသည်။ ယနေ့ ကမ္ဘာကြီး၏ တက်ခေတ် နတ်ဆိုး တစ်ကောင်ဖြစ်သော HIV ပိုးသည် နောင် ဆယ်စုနှစ်များတွင် လုံးဝ ပျောက်ကင်းနိုင်အောင် ကုသနိုင်ဖို့ နည်းလမ်းများ ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထိုကာလသို့ မရောက်မီ အချိန်လေးမှာ ဝေဒနာရှင်များ အနေဖြင့် သက်တမ်းရှည်စွာ နေနိုင်ပြီး လက်ရှိ ကုထုံးများ ART ဆေးဝါးများကို စနစ်တကျ မှီဝဲဖို့လိုအပ်ပါသည်။ စနစ် တကျ ကုသမှုခံယူခြင်းသည် တစ်နည်းအားဖြင့်လည်း ရောဂါ ဘယ ပြန့်ပွားမှုကို တားမြစ်နိုင်သော နည်းလမ်းတစ်မျိုး လည်း ဖြစ်ပါသည်။
သို့မှသာ နောင် အနာဂတ်တွင် ဤကမ္ဘာမြေကြီးမှ ကြောက်မက်ဖွယ် နတ်ဆိုးတစ်ကောင်ကို အပြီးအပိုင် မောင်းထုတ်နိုင်မည် ဖြစ်ပါတော့သည်။ ။

- မောင်ရင်ကောင်း (ဆေး၂)

# ဝန်ထမ်းတွေရဲ့ လူ့အခွင့်အရေးတဲ့လား

- 4G

> ကျင့်ဝတ်တွေက တန်ဖိုးပါ။
> ကျင့်ဝတ်တွေကို
> ထိန်းသိမ်းခြင်းဟာ
> ကိုယ်အလုပ်လုပ်နေတဲ့
> လုပ်ငန်းခွင်နဲ့ အဖွဲ့အစည်းကို
> တန်ဖိုးထားခြင်းပါ။

ဝန်ထမ်းတွေရဲ့ လူ့အခွင့်အရေးတဲ့လား

- **မိတ်ဆက်**

ဒီစာကို ရေးရတဲ့ ရည်ရွယ်ချက်က ကျနော်တို့ လောကမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပြောလေ့ပြောထ ရှိတဲ့ အကြောင်းအရာ တစ်ခုကို ဆွေးနွေးကြည့်ခြင်း ဖြစ်ပါတယ်။ မတူတဲ့အမြင်များ ရှိမယ်ဆိုတာလည်း ကြိုတင် မျှော်လင့်ပါတယ်။ ကျနော် ဆွေးနွေးချင်တဲ့ အကြောင်းအရာကတော့ လူသာချင်း စာနာ ထောက်ထားရေး လုပ်ငန်းတွေကို လုပ်နေတဲ့ အဖွဲ့အစည်း တွေဟာ ဒုက္ခသည်တွေ၊ ကူညီရေးကို လက်ခံတဲ့ ရပ်ရွာလူထု တွေအတွက် ဆိုရင်တော့ လူ့အခွင့်အရေးအရ ဆိုတာကို ဦးစားပေး ထည့်သွင်းစဉ်းစားပေး ကြတယ်။ ဒါပေမယ့် ကိုယ့်ဝန်ထမ်းတွေရဲ့ အခွင့်အရေးကိုတော့ ချိုးနှိမ်ထား ကြတယ် ဆိုတဲ့ အများအမြင်ပါ။ ကျနော်တို့ လောကဆိုတာ လူသားချင်းစာနာ ထောက်ထားမှု ကူညီရေး ခေါင်းစဉ် အောက်က နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့ အစည်းများမှာ အလုပ်လုပ်နေကြတဲ့ ဝန်ထမ်းများရဲ့ အနေအထား ပတ်ဝန်းကျင်ကို ဆိုလိုပါတယ်။ တကယ်လို့ ထည့်ချင်ရင် ရေးဘေးလိုမျိုးမှာ ဝင်ကူကြတဲ့ အရပ်ဘက် အဖွဲ့တွေလည်း ပါနိုင်ပါတယ်။

- **စတင်ခြင်း**

လူသားချင်း စာနာထောက်ထားမှု humanitarian ဆိုတာ ဘာလဲ ဆိုတာကို ဘာသာဗေဒအရ အရင် စေ့ငုကြည့်ကြ ရအောင်ပါ။ ၁၉ ရာစုမှာ စတင်ပေါ်ပေါက်လာတဲ့ စစ်ပွဲတွေမှာ ဒဏ်ရာရသူတွေကို ကူညီကယ်ဆယ်တာကနေ စတင် လာခဲ့တယ်လို့ ဆိုကြပါတယ်။ ဟင်နရီဒူးနန့်ဆိုရင် လူတွေအားလုံးနီးပါး သိကြပါတယ်။ သူတို့ရဲ့ လုပ်ရပ်ကို humanitarian လုပ်ရပ်လို့ ယေဘုယျခေါ်ဆိုကြပါတယ်။ humanitarian ဆိုတာဘာလဲဆိုတော့ လူသားများ၏ ကောင်းကျိုးချမ်းသာကို အလေးထားသော၊ လူသားများ၏ ဒုက္ခခံစားမှုများကို သက်သာစေလိုသော၊ ၎င်းကဲ့သို့ လူ၊ ဂရုဏာစိတ်ရှိသူဟု ဆိုပါတယ်။ မြန်မာစကား ပရဟိတဆိုတဲ့ အများကောင်းကျိုး ဆောင်ရွက်လိုသူ၊ ဆောင်ရွက်ခြင်း ဆိုတဲ့ စကားနဲ့ နီးစပ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံ လက်ရှိအနေအထားမှာ တွေ့နေရတဲ့ ပရဟိတနာမည်ခံ လုပ်ငန်းတွေနဲ့ ရည်ရွယ်ချက်ခြင်း မကွာသော်လည်း လုပ်နည်း လုပ်ဟန် ခြားနားပါတယ်။ ဒါဟာလည်း တကမ္ဘာလုံးမှာ ဖြန့်ကြက် ရပ်တည်နေတဲ့ အဖွဲ့အစည်းတွေ ဖြစ်တဲ့အတွက် စနစ်တကျ စည်းကမ်းတကျ ဆောင်ရွက်မှသာ ရေရှည်အတွက် အဆင်ပြေမှာကြောင့်ပါ။ ကိုယ့်ရပ်ရွာလေး ထဲမှာတော့ စေတနာရှိတဲ့သူ၊ အချိန်ပေးနိုင်တဲ့လူက ဝင်လုပ် တယ်။ မအားတော့တဲ့အခါ ဆက်မလုပ်ဘူး။ ရွာအဆင့် ရပ်အဆင့်ဖြစ်တဲ့ အတွက် သိပ်ပြဿနာ ကြီးကြီးမားမား မရှိပါဘူး။ ဒီတော့ ဒီသဘောနှစ်ခုကို နှိုင်းယှဉ်ကြည့်တာ နဲ့တင် သိသာပါတယ်။ ရပ်ရွာအဆင့် အဖွဲ့အစည်း သေးသေး လေးတွေမှာ ဝင်ရောက်လုပ်ကိုင်ရတာ လွယ်ကူ လွတ်လပ်သ လောက်၊ အဖွဲ့အစည်း ကြီးလေ လူများလေ၊ စည်းကမ်း ထိန်းသိမ်းဖို့ ပိုပြီးလိုအပ်လေ ဖြစ်လာကာ၊ လွတ်လပ်မှု ပိုပြီး နည်းလာပါမယ်။

- **ပါဝါ အတိုင်းအဆ**

အထက်ပါ အကြောင်းရင်းကြောင့်ပဲ လူသားတွေအတွက် ကောင်းကျိုး ရှေးရှု ဆောင်ရွက်ပါတယ်ဆိုတဲ့ အဖွဲ့အစည်း မှာပဲ လူတွေအတွက် စည်းကမ်းတွေ တင်းကြပ်လာရ ပါတယ်။ ဒါ့အပြင် အခြား ဆင်ခြင်စရာတွေလည်း ရှိပါသေး တယ်။ ထိုအထဲကမှ ဆင်ခြင်စရာ သဘောတရား တစ်ခု တင်ပြချင်ပါတယ်။ power relation ဆိုတဲ့ သဘောပါ။ ကူညီရေး လုပ်သားနဲ့ အကူအညီယူရသူကြားမှာ ဆက်ဆံရေး တစ်ခု ရှိပါတယ်။ ကူညီရေး လုပ်သားမှာက ပစ္စည်းတွေ၊ ငွေတွေ၊ အထောက်အပံ့တွေ ပေးရတာ ဖြစ်တဲ့ အတွက် ရပ်ရွာလူထုအပေါ်မှာ လွှမ်းမိုးမှုရှိပါတယ်။ ဒီလို လွှမ်းမိုးမှုနဲ့ လုပ်ပိုင်ခွင့်ကို အသုံးချပြီး အလွဲအသုံးချတာ၊ ကိုယ်ကျိုး အတွက် အမြတ်ထုတ်တာတွေ ဖြစ်ပါတယ်။ ဝန်ထမ်း အချင်းချင်း ကြားမှာလည်း ရာထူးကြီးသူနဲ့ ရာထူးငယ်သူ ကြားမှာ ပါဝါကွာပါတယ်။ လတ်တလော ကမ္ဘာမှာ ဟိုးလေး တစ်ကျော်ကျော် ဖြစ်ခဲ့တဲ့ လူသားချင်း စာနာထောက်ထားမှု humanitarian လုပ်တဲ့ အဖွဲ့အစည်းတစ်ခုက လိင် အရှုပ်တော်ပုံက ဒါကို ပြပါတယ်။ မြန်မာပြည်မှာလည်း မကြာခဲ့တဲ့ ကာလက CSO တစ်ခုမှာ အကြီးအကဲ လုပ်သူက ကိုယ့်ဝန်ထမ်း မိန်းကလေးတွေကို လိင်ပိုင်းဆိုင်ရာ မတော် မတရား ပြုမူတာလည်း ဒီသဘောပါပဲ။ ဒါကြောင့် ပါဝါအင်အား၊ လုပ်ပိုင်ခွင့် အင်အား ပိုများသူက ပိုပြီး ထိန်းသိမ်းရပါတယ်။ စောင့်စည်းရပါတယ်။ အားကြီးသူက အားငယ်သူကို ညှာတာရတာပါပဲ။

- **ဖြည့်ဆည်းသူ**


နောက်တစ်ခုက duty bearer တာဝန်ကို ယူခြင်း သဘောတရား ပါ။ နိုင်ငံတစ်ခုအတွင်းမှာ ရှိတဲ့ လူသားတွေ (နိုင်ငံသားတွေချည့် မဟုတ်ပါ) အတွက် လူ့အခွင့်အရေးတွေ တတ်နိုင်တဲ့ အနေအထားကနေ အပြည့်အဝ ဖြည့်တင်းပေးဖို့ အတွက် အဓိက တာဝန်ရှိတာက အစိုးရပါ။ အရေးပေါ် အခြေအနေ ဖြစ်လာရင်တော့ အစိုးရ အနေနဲ့ ဖြည့်တင်းဖို့ မတတ်နိုင်တဲ့အခါ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ အခြား လူမှု အဖွဲ့အစည်းတွေက ဝင်ကူရပါတယ်။ ဒီအတွက် အဖွဲ့အစည်း အသီးသီးမှာ လုပ်နေတဲ့ လူဟာ လူ့အခွင့်အရေး (အရေးပေါ် အခြေအနေမှာတော့ အခြေခံ လိုအပ်ချက်) ကို ဖြည့်တင်း ပေးသူ တာဝန်မှာပါ။ တာဝန်ယူသူက တာဝန်ပိုရှိပါတယ်။ ဒီအတွက် ပိုပြီး တင်းကြပ်တဲ့ စည်းကမ်းနဲ့ အကန့်အသတ် တွေကို လိုက်နာရပါတယ်။

- တာဝန်ခံရခြင်း

တတိယတစ်ချက်က ကျနော်တို့ ကိုင်ပြီး သုံးနေတဲ့ ငွေတွေက ဒုက္ခသည်တွေ၊ အကူအညီလိုတဲ့ သူတွေရဲ့ နာမည်ကို အသုံးပြုပြီး ရလာတာတွေပါ။ အလှူရှင်တွေက ဒုက္ခရောက် နေတဲ့၊ အကူအညီလိုနေတဲ့ သူတွေအတွက် လှူလိုက်တာပါ။ ဝန်ထမ်းတွေအတွက် အဓိက မဟုတ်ပါ။ ဝန်ထမ်းတွေက အဲ့ဒီအလှူကို ဖြစ်မြောက်အောင် ကူညီရတဲ့ သူတွေပါ။ သူများငွေကို ကိုင်တွယ်အသုံးပြုရတဲ့အတွက် တာဝန်ခံမှု ရှိရပါမယ်။ သူတို့အတွက် ကောင်းကျိုးဖြစ်စေပြီး၊ မလိုအပ် တဲ့ ဆိုးကျိုးတွေ အနည်းဆုံး ဖြစ်အောင် ဆောင်ရွက်ရမယ်။ ဒီအထဲမှာမှ မလိုအပ်ပဲ အပိုငွေတွေ မကုန်အောင် ဂရုစိုက်တာလည်း ပါပါမ ယ်။ ဒီနေရာမှာ မြန်မာပြည်က ပရဟိတ အဖွဲ့တွေနဲ့ မတူတာ တစ်ခုက အလှူရှင်တွေက သူတို့ငွေတွေနဲ့ အလုပ်လုပ်မယ့် လူတွေအတွက် ရုံးနဲ့ ဝန်ထမ်း အသုံးစာရိတ်ကို ရာခိုင်နှုန်း တစ်ခုအထိ ခွင့်ပြုပါတယ်။ သုံးခွင့်ရှိပါတယ်။ ဒီအထဲကနေ ပြီးတော့ပဲ ဝန်ထမ်းတွေ ရသင့်ရထိုက်တဲ့ အခွင့်ထူး (benefits) တွေ ပေးပါတယ်။

- အခွင့်ထူးနဲ့ ရပိုင်ခွင့်

ဒါကပဲ ပြောစရာ နောက်တစ်ချက်ပါ။ အခွင့်ထူး benefit နဲ့ ရပိုင်ခွင့် rights ကို ရောထွေး မစဉ်းစားမိဖို့ လိုပါတယ်။ လူတစ်ယောက် အသက်ရှင် ရပ်တည်ဖို့ အတွက် မရှိမဖြစ်၊ အစာ၊ရေ လိုအပ်တယ်။ ဒါက အခြေခံ ရပိုင်ခွင့်အခွင့် အရေး ဖြစ်ပါတယ်။ ဝန်ထမ်းတစ်ယောက် လစာ ကောင်းကောင်း ရတယ်။ နှစ်ကုန်ရင် ဘောနပ်စ် ရတယ်။ ဒါက အခွင့်ထူးပါ။ လူတိုင်း မရနိုင်။ ဝန်ထမ်းဖြစ်ခြင်းကြောင့်၊ အလုပ် ကြိုးစားခြင်း ကြောင့်သာ ရတာမျိုးပါ။ အခြား တစ်ဖက်မှာ လည်း ထိုကဲ့သို့ အခွင့်ထူးများ ခံစားခွင့်ရခြင်းမှာ ပေးဆပ်ရ မည့် လိုက်နာဆောင်ရွက်ရမည့် တာဝန်များ ရှိသောကြောင့် ဖြစ်ပါတယ်။ အရေးပေါ် အခြေအနေများ၊ ပဋိပက္ခ အခြေ အနေများတွင် အလုပ်လုပ်ရသော လုပ်သားများဟာ အခြား သူများထက် ပိုပြီး ပင်ပန်းပါတယ်။ စိတ်ဖိစီးမှုကို ခံစားရ ပါတယ်။ ဒီအတွက် ကာလတစ်ခုခြားပြီး အနားပေးလေ့ ရှိပါတယ်။ ရေရှည်သွားရမယ့် လုပ်ငန်းကြီး တစ်ခုအတွက် ကိုယ့်ဝန်ထမ်းတွေက စိတ်ရောကိုယ်ပါ လန်းဆန်း တက်ကြွနေဖို့ လိုပါတယ်။ ဒါကြောင့် ဒီပေါ်လစီကို နိုင်ငံတကာ အဖွဲ့အစည်းတွေမှာ ထားကြပါတယ်။ R&R policy လို့ ခေါ်လေ့ရှိပါတယ်။




- **လွတ်လပ်စွာ အငြင်းပွားခြင်း**

နောက်ထပ် ဝန်ထမ်းတွေနဲ့ အဖွဲ့အစည်းတွေကြားမှာ အငြင်းအပွားရဆုံး ကိစ္စကတော့ လွတ်လပ်စွာ ပြောဆိုခွင့် ကိစ္စဖြစ်ပါတယ်။ အထူးသဖြင့် လူမှုကွန်ယက်မှာ စိတ်တိုင်း ကျ ရေးသားခွင့်ကို ပိတ်ပင်တာနဲ့ ပတ်သတ်ပြီး မကျေမနပ် ဖြစ်ကြပါတယ်။ လူတစ်ယောက်ချင်းရဲ့ လွတ်လပ်စွာ ပြောဆိုခွင့်ကို ပိတ်ပင်သလားပေါ့။ မန်နေဂျာတွေ လူကြီး လုပ်သူတွေ ကလည်း ဝန်ထမ်းတွေရဲ့ စည်းလွတ်ဝါးလွတ် ပြောဆိုခြင်းဟာ အဖွဲ့အစည်းရဲ့ ပုံရိပ်ကို ထိခိုက် လာနိုင်တာကို စိုးရိမ်ကြပါတယ်။ မြန်မာပြည်လို တစ်ဦးနဲ့ တစ်စု၊ လူမျိုးတစ်ခုနဲ့ တစ်ခု မတည့်တဲ့ နေရာမှာ ပိုပြီး ဆင်ခြင်စရာတွေ များပါတယ်။ ရှိရင်းစွဲ ပဋိပက္ခ အခြေအနေ တွေကို ပိုပြီး မဆိုးဝါးစေဖို့ ကန့်သတ်မှုတွေ လုပ်ရပါတယ်။ အခု ခေတ်စားနေတဲ့ Do No Harm principle ဆိုတာဟာ ဒီအတွက်ပါ။ ကိုယ့်ရဲ့ မထင်မှတ်တဲ့ အပြုအမူလေး တစ်ခုကနေ ကိုယ့်အဖွဲ့အစည်းကို ထိခိုက်၊ ကိုယ့်ဆီက အကူအညီ လိုအပ်နေသူကို ထိခိုက်နိုင်ပါတယ်။ ပြဿနာက

ဘယ်ဟာက ဘယ်လို အကျိုး အပြစ် ရှိတယ်ဆိုတာကို ဆုံးဖြတ်ဖို့က သိမ်မွေ့တဲ့ ကိစ္စပါ။ အလားတူပဲ ဝန်ထမ်းတွေ ကိုယ်တိုင်ရဲ့ လုံခြုံရေး အခြေအနေရ ကန့်သတ်ရတာ မျိုးလည်း ရှိပါတယ်။ တချို့ဟာတွေ ကတော့ ဝန်ထမ်း ဖြစ်နေလို့ မဟုတ်ဘဲ သာမာန် ကိုယ့်ကျင့်သိက္ခာရှိတဲ့ လူတစ်ယောက် မလုပ်သင့်တာ တွေပါပဲ။ ဒါတွေကို လူမှုရေး လုပ်ဆောင်တဲ့ အဖွဲ့အစည်း၊ ကျင့်ဝတ်ကို လိုက်နာတဲ့ အဖွဲ့အစည်းတွေက အထူး အလေးထားပါတယ်။

- **ဝန်ထမ်းအကြီးအကဲတွေက အခရာ**

ဒီနေရာမှာ မန်နေဂျာနဲ့ ရုံးအကြီးအကဲ လုပ်သူတွေရဲ့ ဝန်ထမ်းတွေနဲ့ ဆက်ဆံရေးက အရေးကြီးပါတယ်။ သူတို့ ကိုယ်တိုင် ဝန်ထမ်တွေရဲ့ ဒုက္ခသုက္ခတွေကို ဘယ်လောက် နားလည်ပေးနိုင်ပြီး ရှင်းလင်း ပြောပြနိုင်မလဲက အခရာ ကျပါတယ်။ HR သမားတွေရဲ့ ပါးရည်နပ်ရည် ကလည်း အရေးပါ ပါတယ်။ နေရာတကာမှာ ပေါ်လစီတွေနဲ့ ထိန်းကျောင်းရုံ မက ဝန်ထမ်းတွေရဲ့ အသံကို နားထောင် ပေးဖို့ လိုအပ်ပါတယ်။ ကိုယ့်ရုံးထဲမှာတင် ပြောခွင့် ပေးဖို့ လိုပါတယ်။ ဒါ့အပြင် တချို့အဖွဲ့အစည်းတွေရဲ့ လုပ်ထုံး လုပ်နည်းတွေကလည်း ဝန်ထမ်းတွေရဲ့ အသံကို နားထောင်ဖို့ အဟန့်အဟား ဖြစ်စေပါတယ်။ တချို့ ပေါ်လစီတွေက ဝန်ထမ်း အချင်းချင်း ခွဲခြားသလိုမျိုး ဖြစ်နေတတ်ပါတယ်။ ဥပမာ အထက်က R&R ပေါ်လစီမှာပဲ ခွဲခြားတာမျိုး ရှိပါတယ်။ အပြင်ကလာတဲ့ ဝန်ထမ်းက အခွင့်အရေးရပြီး ဒေသခံတွေက မရတတ်တာမျိုးပါ။ စိတ်ဖိစီးမှုချင်းအတူတူ တချို့က အခွင့်အရေး ပိုရတာမျိုး ရှိတတ်ပါတယ်။ ဒါမျိုး ဆိုရင်တော့ ခွဲခြားဆက်ဆံတာ ဖြစ်လို့ ထောက်ပြ ပြောဆိုခွင့်ရှိပါတယ်။

- လောကပါလ တန်ဖိုးများ

အခုထိ ပြောနေတာက လူသားချင်းစာနာမှု အကူအညီရဲ့ မူလဘူတ အဓိပ္ပါယ်အောက်ကနေ ရိုးစဉ်းစွာ တွေးခေါ် ထားတာတွေပဲ ဖြစ်ပါတယ်။ လူသားချင်းစာနာမှုနဲ့ ဆိုင်တဲ့ အခြေခံ မူတွေကိုသာ ပြောနေတာ ဖြစ်ပါတယ်။ ဒီအဖွဲ့ အစည်း တွေမှာ လုပ်နေတဲ့ လူတွေအတွက် ပြောနေတာ ဖြစ်ပါတယ်။ ဒီလိုပြောလို့ ဒီလို အကူအညီတွေမှာ နိုင်ငံရေး ရည်ရွယ်ချက်တွေ၊ ဘက်လိုက်တယ်လို့ ယူဆစရာတွေ မရှိဘူး မဟုတ်ပါဘူး။ ဒါတွေက အပြင်ဘက် လူတွေရဲ့ အကြည့်မှာ ပိုပြီး မြင်လေ့ရှိပါတယ်။ တကယ်လို့ ကိုယ်တိုင်လည်း သံသယရှိတယ်ဆိုရင် အဖြေက ရိုးရှင်းပါတယ်။ အဲ့အဖွဲ့တွေနဲ့ မပတ်သက်ရုံပါပဲ။ တတ်နိုင်ရင်လည်း ဆန့်ကျင်ပေါ့လေ။ အဲလို မဟုတ်ဘဲ အလုပ်လည်း ဝင်လုပ်တယ်။ ပြီးတော့ လိုအပ်တဲ့ စည်းကမ်း မလိုက်နာနိုင်တာကို ကိုယ့်အခွင့်အရေး တွေကို ပိတ်ပင်တယ်လို့ အသံကောင်းဟစ်တာဟာ သူရဲဘော ကြောင်ရာ ကျပါတယ်။

ပြန်စဉ်းစားကြည့်ရင် ဒီမူဝါဒတွေဟာ စိတ်နေစိတ်ထား ကောင်းတွေကို ညွှန်ပြနေတာပါ။ ဂရုဏာနဲ့ မေတ္တာကို အခြေခံထားတဲ့ လူ့အခြေခံ လုပ်ရပ်တွေသာ ဖြစ်ပါတယ်။ ကိုယ့်ကြောင့် တပါးသူ မထိခိုက်အောင် နေခြင်းဟာ မွန်မြတ်သော အကျင့်ပါ။ ကိုယ့်စိတ်ကလေးကို တချက် ပြန်ငဲ့ စောင်းကြည့်လိုက်ရင် ဘယ်လောက်အထိ လောဘဒေါသ တွေနဲ့ လွှမ်းမိုးနေလဲ။ ဘယ်လောက်အထိ လောကပါလ တရားတွေ ထုံမွှမ်းနေမလဲဆိုတာ မြင်ကြရမှာပါ။

- **လူသားချင်း စာနာထောက်ထားမှု မူဝါဒများ**

နောက်ဆုံး ပြန်ချုပ်ရရင် လူသားချင်း စာနာမှုနဲ့ ဆိုင်တဲ့ မူဝါဒတွေက အရေးကြီးပါတယ်။ လူသားချင်း စာနာ ထောက်ထားမှု အကူအညီတွေမှာတင်သာ မကဘဲ အခြား သော အရေးပေါ် အကူအညီဖြစ်စေ၊ ဖွံ့ဖြိုးရေး အကူအညီ ဖြစ်စေ ပေးရာမှာ အသုံးတည့်မယ်လို့ ထင်ပါတယ်။ Core Humanitarian Standard on quality and Accountability (CHS) ရဲ့ အမှတ် ၈ အချက်မှာ အခုလို ဖော်ပြထားပါတယ်။ “Communities and people affected by crisis receive the assistance they require from competent and well-managed staff and volunteers.” “အရည်သွေး ပြည့်ဝပြီး စနစ်တကျ စီမံခန့်ခွဲထားသော ဝန်ထမ်းများနဲ့ စေတနာ့ ဝန်ထမ်းများရဲ့ အကူအညီ” လို့ တိတိကျကျ ဖော်ပြထားပါတယ်။

ICRC ရဲ့ ကူညီရေး လုပ်တဲ့ လုပ်သားတိုင်း လိုက်နာရမယ့် ကျင့်ဝတ်တွေဟာလည်း အရေးပါပါတယ်။ ဖတ်ကြည့်ကြ စေချင်ပါတယ်။ ကျင့်ဝတ်တွေက တန်ဖိုးပါ။ ကျင့်ဝတ်တွေကို ထိန်းသိမ်းခြင်းဟာ ကိုယ်အလုပ်လုပ်နေတဲ့ လုပ်ငန်းခွင်နဲ့ အဖွဲ့အစည်းကို တန်ဖိုးထားခြင်းပါ။ ဆရာဝန်လူနာ ဆက်ဆံရေးလိုပဲ ယုံကြည်မှု၊ အလွဲသုံးစားမှုများ မဖြစ်ဖို့ အတွက် ကျင့်ဝတ်တွေကို ထိန်းသိမ်းခြင်းဟာ မရှိမဖြစ် လိုအပ်ပါတယ်။ တန်ဖိုးရှိတဲ့ အတွေးအခေါ် တစ်ခုဟာ လွဲမှားစွာ နားလည်လိုက်တာနဲ့ ရှိရင်းစွဲ တန်ဖိုးကတော့ ကျမသွားပါဘူး။ ကိုယ့်အတွက်သာ အသုံးဝင်တဲ့ တန်ဖိုး တစ်ခု ဆုံးရုံးသွားတာပါ။
နိဂုံးချုပ် ပြောလိုတဲ့အချက်ကတော့ စည်းကမ်းတွေဟာ ရှိကြရမှာဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့ မူဝါဒတွေဟာ အသက်ပါ။ ဝန်ထမ်းတစ်ယောက်ရဲ့ ရပိုင်ခွင့် benefits ကို Human Rights နဲ့ ရောထွေး မစဉ်းစားကြဖို့ပဲ ဖြစ်ပါတယ်။ ဉာဏ်ပညာနဲ့ ချိန်ဆက်ကြဖို့ပါပဲ။ ခပ်ရှင်းရှင်းပြောရရင် ရတဲ့ လစာနဲ့ လုပ်ပိုင်ခွင့်တော့ လိုချင်တယ် ကိုယ်တာဝန်ယူရမယ့် အပိုင်းကိုတော့ ကန့်သတ်တယ်ထင်ရင် ဒီအလုပ်မှာ မလုပ်ကြဖို့ပဲ တိုက်တွန်းစရာရှိတယ်။




# မြန်မာ့ အရပ်ဖက်အဖွဲ့အစည်းများ ဘာလဲ ဘယ်လဲ

• တေဇာမျိုးဝင်း

မြန်မာ့အရပ်ဖက် အဖွဲ့အစည်းများ

အစိုးရအသစ် တက်လာပြီးနောက်ပိုင်း ၂၀၁၅ အလွန်တွင် မြန်မာပြည်၌ အရပ်ဖက် အဖွဲ့အစည်းများ၏ လှုပ်ရှား ဆောင်ရွက် နိုင်မှုနယ်ပယ် ပိုကျုံ့လာသည် သို့မဟုတ် ပိုကျယ် လာသည်ဖြင့် ဆွေးနွေးငြင်းခုံမှုများရှိလာသည်။

တချို့လည်း ၂၀၁၀ နောက်ပိုင်းတွင်မှ တကျော့ပြန် ထွန်းကား လာသော အရပ်ဖက် အဖွဲ့အစည်းများ၏ ရပ်တည်မှုနှင့် လှုပ်ရှား ဆောင်ရွက်မှုများမှာ နိုင်ငံရေးအရ ဘက်ပါနေသည် ဟု ပြောဆိုမှုများလည်း ရှိလာပြန်သည်။ တစ်ဖက်တွင်လည်း မြန်မာ့နိုင်ငံရေးသည် စစ်မှန်သော ဒီမိုကရေစီ အခြေအနေသို့ မရောက်သေးရာ အရပ်ဖက် အဖွဲ့အစည်းများ၏ လှုပ်ရှား နိုင်မှု နယ်ပယ်/ လွပ်လပ်မှုကို ၂၀၁၀ - ၂၀၁၅ ကာလနှင့် ၂၀၁၅ အလွန်ကာလကို နှိုင်းယှဉ်ရန်မှာ မသင့်တော်ဟု ယူဆကြသည်။ သို့သော် ဒေသတွင်း နိုင်ငံများနှင့် ယှဉ်လျှင် မြန်မာနိုင်ငံ၏ အရပ်ဖက် အဖွဲ့အစည်းများမှာ အရေအတွက် အားဖြင့် သော်လည်းကောင်း၊ လှုပ်ရှား ဆောင်ရွက်နိုင်မှုဖြင့် သော်လည်း အားကောင်းလာသည်ကို အသိအမှတ်ပြုရမည် ဖြစ်သည်။ သို့တိုင် ပြည်တွင်းတွင်တော့ အကန့်အသတ် အတားအဆီးများ ရှိနေသေးသည်။ အရပ်ဖက် အဖွဲ့အစည်း များ၏ ဦးတည်ချက်လားရာနှင့် ရေရှည်တွင် မည်သို့ ရပ်တည်ကြမည်လည်း ဆိုသည်ကတော့ အလွန် စိတ်ဝင် စားစရာ ကောင်းလှသည်။ ထို့ကြောင့် မြန်မာ့ အရပ်ဖက် အဖွဲ့ အစည်း များ ဘယ်လဲဆိုသည့် ခေါင်းစဉ်ဖြင့် ဤငြင်းခုံမှုများ အတွင်း မိမိ၏ အတွေ့အကြုံကို အခြေခံသော အမြင် သဘော ထားကို ဝင်ရောက် ဆွေးနွေးလို သည်။

အရပ်ဖက် လူမှုအဖွဲ့အစည်း (civil society) ဆိုသည့် စကားရပ် သည် အနောက်တိုင်း အိုင်ဒီရော်လော်ဂျီမှ ဆင်းသက် လာခြင်း ဖြစ်သည်။ အရပ်ဖက် လူမှုအဖွဲ့အစည်း ဆိုသည်မှာ နိုင်ငံတော်၏ ထိန်းချုပ်မှု လက်တံမှ ကင်းလွတ် ပြီး လွတ်လပ်စွာ ရပ်တည်သော၊ ကိုယ်စားပြုရာ ပြည်သူ လူထု၏ အကျိုး စီးပွားအတွက် အမြတ်အစွန်း အတွက် မဟုတ်ပဲ လှုပ်ရှား ဆောင်ရွက်သော အဖွဲ့အစည်းများ ဟု အဓိပ္ပါယ် ဖွင့်သည်။ ဥပမာအားဖြင့် ကျောင်းသားသမဂ္ဂ၊ လယ်သမား သမဂ္ဂ၊ သုတေသန အဖွဲ့အစည်းများ၊ လူ့အခွင့် အရေး အတွက် ဆောင်ရွက်သော အဖွဲ့အစည်း များနှင့် NGO အဖွဲ့တို့ပါဝင်ကြသည်။ မြန်မာနိုင်ငံတွင် ကိုလိုနီခေတ် မတိုင်မကာလတွင် အရပ်ဖက်လူမှု အဖွဲ့အစည်းဟု အဓိပ္ပါယ် ဖွင့်ဆိုနိုင်သော အဖွဲ့အစည်းများ မရှိသလောက်ဖြစ်သည်။ သို့သော် ကိုလိုနီခေတ်မှစ၍ မြန်မာနိုင်ငံတွင် အရပ်ဖက်လူမှု အဖွဲ့အစည်းများ တဆထက် တဆ ပေါ်ပေါက်လာခဲ့သည်။

လွတ်လပ်ရေးကာလ တစ်လျှောက် ၁၉၅၀ ကျော်လောက် အထိ အားကောင်းခဲ့သော်လည်း ၁၉၆၂ ခုနှစ်တပ်မတော် အာဏာ သိမ်းပြီး နောက်ပိုင်းမှ စ၍ အရပ်ဖက်လူမှု အဖွဲ့အစည်းများ သင်းသတ်ခံခဲ့ရသည်။ ၂၀၀၈ ခုနှစ် နာဂစ်နောက်ပိုင်း ကာလသည် မြန်မာနိုင်ငံတွင် အရပ်ဖက် လူမှုအဖွဲ့အစည်းများ သိသိသာသာ တစ်ဖန် ခေါင်းပြန်ထောင် လာနိုင်သော အချိန်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် အကြီး မားဆုံး ရင်ဆိုင်ခဲ့ရသော သဘာဝဘေးအန္တရာယ် ဖြစ်တာနဲ့ အညီ မြန်မာပြည်အရပ်ရပ်မှ အထူးသဖြင့် လူငယ်များ ဦးဆောင်၍ အစုအဖွဲ့လေးများ ဖွဲ့စည်းကာ ဝိုင်းဝန်း

ကူညီခဲ့ကြသည်။ ပရဟိတ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ကာ ကိုယ်စီ အဖွဲ့နာမည်လေးများ ပေးထားကြ သော်လည်း တရားဝင် မှတ်ပုံတင် ဖွဲ့စည်းနိုင်ခဲ့ ကြခြင်းတော့ မရှိပေ။ လူငယ်မျိုးဆက် ဖြစ်တာက တစ်ကြောင်း၊ နိုင်ငံရေးနှင့် လုံးဝမနွှယ်ကြတာက တစ်ကြောင်း ကြောင့် တပ်မတော် အစိုးရရဲ့ ပစ်မှတ်ထား ခံရခြင်းမှ ကင်းလွတ် ခဲ့ရသည်။ ၂၀၁၀ တွင် တပ်မတော်မှ ရွေးကောက်ပွဲကျင်းပ၍ နိုင်ငံရေး စနစ် အပြောင်းအလဲ ဖြစ်လာပြီး နောက်ပိုင်း အထူးသဖြင့် ၂၀၁၂ နောက်ပိုင်းတွင် အရပ်ဖက် အဖွဲ့အစည်းများ ပိုမိုအားကောင်း လာခဲ့ကြသည်။ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့် ဥပဒေထွက်ပေါ်လာခြင်း၊ နိုင်ငံရေး အကျဉ်းများ ပြန်လည် လွတ်မြောက်လာခြင်း၊ နှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် NLD ကိုယ်စားလှယ် များ ကြားဖြတ် ရွေးကောက်ပွဲ မှတစ်ဆင့် လွှတ်တော်ထဲ ရောက်လာခဲ့ခြင်း တို့သည် ပြည်သူလူထုနှင့် အရပ်ဖက် အဖွဲ့အစည်းများ အတွက် တွန်းအားဖြစ်ခဲ့သည်။

ဒီမိုကရေစီ အကူးအပြောင်း ကာလ နှင့်အတူ ထွက်ပေါ်လာကြသော အရပ်ဖက် အဖွဲ့အစည်းများ ဖြစ်သည်နှင့် အညီ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့အတွက် အလေးထား ဆောင်ရွက်ခဲ့ ကြသလို၊ ဒီမိုကရေစီ ဘက်တော်သားများ၊ နိုင်ငံရေး ပါတီများနှင့်လည်း မဟာမိတ်ဖြစ်ခဲ့ကြသည်။ အာဏာရှင် လက်ကျန်စနစ်တို့ကို တိုက်ထုတ်ခြင်း၊ မတရားမှုကို တော်လှန်ခြင်း၊ ပြည်သူတို့၏ အခွင့်အရေးကို ကာကွယ်ရန် အလို့ငှာ ဆောင်ရွက်ခဲ့ကြသော အရပ်ဖက် အဖွဲ့စည်းများသည် ဒီမိုကရက်တစ် အင်အားစုဖြစ်သော (NLD အပါအဝင်) နိုင်ငံအရေးပါတီများ၊ ပါတီအဖွဲ့ဝင်များ နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ ရှိခဲ့သည်။ အရပ်ဖက် အဖွဲ့အစည်းများ၏ ရပ်တည်ချက်နှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်တာ နှင့်အညီ ဒီမိုကရေစီ အရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ တိုက်ပွဲဝင်ခဲ့ကြသည်။ အခြေအနေက ပေးလာသော တာဝန်များကို တာဝန် ကျေပွန်ရန် ထမ်းဆောင်ခဲ့ကြရခြင်းကြောင့် ၂၀၁၀ မှ ၂၀၁၅ အကြား ကာလများတွင် အရပ်ဖက် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးအရ အတိုက်အခံဘက်မှ ဘက်လိုက်ကာ ဆောင်ရွက်ခဲ့ကြသည်ဟု စွပ်စွဲကောင်း စွပ်စွဲနိုင်သည်။

ထိုကာလ (၂၀၁၀ -၂၀၁၅) တွင် အရပ်ဖက် အဖွဲ့အစည်းများ အနေဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အကန့်အသတ်များစွာ ရှိခဲ့သည်။ ဥပဒေအရ ကန့်သတ်ချက် များ ရှိသည့်အပြင် အစိုးရ အဖွဲ့အစည်းများ အတွင်း တာဝန် ယူထားသော လူပုဂ္ဂိုလ် အများစုမှ ပူးပေါင်းဆောင်ရွက် လိုစိတ်အားနည်းမှုများလည်း ရှိခဲ့သည်။ ထို့ကြောင့် အရပ်ဖက် အဖွဲ့အစည်း အများစု၏ လှုပ်ရှားဆောင်ရွက် ရမှုများမှာ ပူးပေါင်း ဆောင်ရွက်မှုထက် ထိပ်တိုက်သဘော ဆောင်ခဲ့သည်။ အရပ်ဖက် အဖွဲ့အစည်းများအနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်ပေါ်ရန် အင်တိုက်အားတိုက် ရွေးကောက်ပွဲ အသိပညာပေး သင်တန်းများနှင့် ရွေးကောက်ပွဲ စောင့်ကြည့်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် NLD ပါတီမှ တောင်ပြို ကမ်းပြို နိုင်ပြီးနောက် အစိုးရဖွဲ့နိုင်ခဲ့သည်။ သမ္မတ အပါအဝင် ပြည်နယ်နှင့် တိုင်း ၁၄ ခုစလုံးတွင် ဝန်ကြီးချုပ်များ ခန့်အပ်နိုင်ခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒေါ်အောင်ဆန်းစုကြည် အတွက် သမ္မတ နေရာ တာဝန်ယူရန် အဟန့်အတား ဖြစ်နေသည့်အတွက် နိုင်ငံတော် အတိုင်ပင်ခံ ရာထူး ဖန်တီး၍ သူမ၏ စကားအတိုင်း သမ္မတ၏ အထက်တွင် နေနိုင်ခဲ့သည်။ ထိုသို့ပြောင်းလဲမှု အခြေအနေများကပင် အရပ်ဖက် အဖွဲ့အစည်းများနှင့် ပြည်သူလူထု အတွက် ဒီမိုကရေစီရေးအတွက် မျှော်လင့်ချက် ပိုမိုမြင့်တက်လာ စေခဲ့သည်။

NLD သည် ဒီမိုကရက်တစ် အင်အားစုများ၏ မဟာမိတ် ဖြစ်သည် နှင့်အညီ ယခင်က ပါတီအဖွဲ့ဝင် တက်ကြွ လှုပ်ရှားသူများ၊ အရပ်ဖက် အဖွဲ့အစည်းများ နှင့်အတူ ပူးပေါင်း ဆောင်ရွက်ခဲ့ သူများသည် လွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ကြီးများ ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့် အရပ်ဖက် အဖွဲ့အစည်းများ အနေဖြင့် အစိုးရသစ် လက်ထက်တွင် ပိုမို၍ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာ နိုင်လိမ့်မည်၊ NLD အစိုးရမှာလည်း အရပ်ဖက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် အရေးပါမှုကို ယခင်အစိုးရထက် အများကြီး ပိုနားလည်သည် ဟုလည်း ယုံကြည်ခဲ့ကြသည်။ တချို့ အရပ်ဖက် အဖွဲ့အစည်းများသည် ၂၀၁၅ အလွန်တွင် နိုင်ငံရေး ပါတီများ (အထူးသဖြင့် NLD) နှင့် မဟာမိတ် အနေအထားမှ ခွာ၍ လွတ်လပ်သော၊ ပရော်ဖက်ရှင်နယ်ဆန်သော အရပ်ဖက် အဖွဲ့အစည်းများ အဖြစ် ရပ်တည်ရန် ကြိုးစားလာကြ သည်များကို မြင်တွေ့ရသည်။ သို့မှသာ မူရင်း အရပ်ဖက်အဖွဲ့အစည်းတို့၏ အနှစ်သာရအတိုင်း အစိုးရကို ထိန်းကျောင်းနိုင်ခြင်း၊ အစိုးရ၏ မူဝါဒကို အခြေပြု၍ ထောက်ပြ ဝေဖန်နိုင်ခြင်းနှင့် မိမိတို့ ကိုယ်စားပြု

> ဒီမိုကရက်တစ် နိုင်ငံရေးပါတီများ
> အာဏာရယူ လာနိုင်သော
> အခြေအနေတွင်တော့ သီးခြားလွတ်လပ်စွာ၊
> ဘက်ကင်းစွာဖြင့် ပရော်ဖက်ရှင်နယ်
> ဆန်ဆန် ရပ်တည်သင့်သည်။ ထို့ပြင်
> ဒေသတွင်းနိုင်ငံများဖြင့် ချိတ်ဆက်နိုင်သော၊
> နိုင်ငံတကာ အရပ်ဖက် အဖွဲ့အစည်းများနှင့်
> ချိတ်ဆက်နိုင်သော အရပ်ဖက် အဖွဲ့
> အစည်းအများ အဖြစ် ရပ်တည်ရန်
> ကြိုးစားသင့်ကြောင်း

သော လူ့အဖွဲ့အစည်း အကျိုးအတွက် အစိုးရကို တောင်းဆိုနိုင်ခြင်း တို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

သို့သော် မှန်းချက်နဲ့ နှမ်းထွက် လွဲခဲ့ရသည်။ NLD လက်ထက်တွင် အရပ်ဖက် အဖွဲ့များအနေဖြင့် အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး အတွက် အခက်အခဲများ ဆက်လက် ရှိနေဆဲဖြစ်သည်။ ထို့ပြင် အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော် ကိုယ်စားလှယ်များသည် အရပ်ဖက် အဖွဲ့အစည်းများနှင့် မိမိသဘောဆန္ဒ အတိုင်း ထိတွေ့ ဆက်ဆံရန် စိုးရိမ်မှုများ ရှိလာသည်။ NLD ပါတီမှ ပါတီဝင်များ အရပ်ဖက် အဖွဲ့အစည်းများနှင့် NGOs များ၏ လှုပ်ရှား ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်လိုပါက တာဝန်ရှိသူများကို တင်ပြပြီးမှသာ ဆောင်ရွက်ရန် ညွှန်ကြားချက် ထုတ်ဝေခဲ့သည့်အပေါ် ဝေဖန်မှုများစွာ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် အစောပိုင်းတွင် အမျိုးသား လွှတ်တော်၌ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့် ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် အဆိုတင်သွင်းခဲ့ပြီး အတည်ပြုခဲ့သည်။ ၎င်းပြင်ဆင်ချက်တွင် ဆန္ဒထုတ်ဖော်သူများသည် ပြုလုပ်မည့် အစီအစဉ်၊ ခန့်မှန်း လူဦးရေ၊ ကြွေးကြော်သံတို့ကို သာမက ခန့်မှန်း ကုန်ကျစရိတ်နဲ့ ကုန်ကျခံမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုပါ တင်ပြရန်လိုအပ်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး နှင့် အေးချမ်းသာယာရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ ငွေ သို့မဟုတ် အခြားသော ပစ္စည်းများ ထောက်ပံ့ကူညီ၍ စီတန်းလှည့်လည်ရန် လှုံ့ဆော်သူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ် ချမှတ်နိုင်ရန် အချက်တို့လည်း ပါဝင်လာခဲ့သည်။

ဤသို့ဖြစ်လာရ သည်မှာ လက်ရှိအစိုးရအနေဖြင့် တချို့သော အရပ်ဖက် အဖွဲ့အစည်းများ နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိဖြင့် အစိုးရကို တိုက်ခိုက်နေသည် ဟူသော အမြင်များ ရှိလာ၍ ဖြစ်သည်။ မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် စစ်မှန်သော ဒီမိုကရေစီနိုင်ငံသို့ ရောက်ရှိသေးသည်မဟုတ်ပဲ အကြပ်အတည်းများ ရှိနေဆဲဖြစ်သော ကြောင့် လက်ရှိ NLD အစိုးရမှ ၎င်းတို့ကို ကျော်လွှားနိုင်ရန် ကြိုးပမ်းနေဆဲဖြစ်သည်။ ထို့ကြောင့် အရပ်ဖက်အဖွဲ့အစည်းများ အနေဖြင့် အစိုးရကို အကြပ်ရိုက်စေရန် ဆောင်ရွက်ကြမည့်အစား ထောက်ခံဝန်းရံကြရန် NLD အနေဖြင့် လိုလားဟန်ရှိသည်။

တချို့သော အရပ်ဖက် အဖွဲ့အစည်းများ ကလည်း ၎င်းအယူအဆကို လက်ခံကြသည်။ သို့သော်လည်း တစ်ဖက်တွင်လည်း အရပ်ဖက် အဖွဲ့အစည်းများအနေဖြင့် လွတ်လပ်၍ ပရော်ဖက်ရှင်နယ်ဆန်စွာ ရပ်တည်လိုပါက အစိုးရကို ဝေဖန်ထောက်ပြ ထိန်းကျောင်းရမည်ဖြစ်သည်။

ယခုလက်ရှိ NLD ပါတီနှင့် အစိုးရသည် နှစ်ပေါင်းများစွာ ဒီမိုကရေစီ အရေး တိုက်ပွဲဝင်ခဲ့သည်မို့ ဒီမိုကရေစီ ဘက်တော်သားများ အနေဖြင့် ရဲဘော်ရဲဘက် အချင်းချင်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ကြိုဆိုထောက်ခံရမည် ဆိုသည်မှာ မှန်ကန်ပါသည်။ သို့သော် လက်ရှိအစိုးရနှင့် NLD ကို မထောက်ခံရုံ ဝေဖန် ထောက်ပြရုံဖြင့်သော ဒီမိုကရေစီကို မလိုလားသူများဟု မရှုမြင်သင့်ပေ။ မိမိအစိုးရ၏ ဒီမိုကရေစီ ပြုပြင် ပြောင်းလဲရေးကို ကြိုဆိုသည်က တစ်ကဏ္ဍ ၊ မိမိအစိုးရ ကိုယ်တိုင် ဒီမိုကရက်တစ် မဆန်သော လုပ်ရပ်များကို ထောက်ပြသည်က တစ်ကဏ္ဍဖြစ်သည်။ အစိုးရကို အပြန်အလှန် ထိန်းကျောင်းခြင်းဆိုသော လုပ်ငန်းသည်ပင် အရပ်ဖက် အဖွဲ့အစည်းများ၏ တာဝန်တစ်ရပ်ဖြစ်သလို ဒီမိုကရေစီ၏ အနှစ်သာရလည်းဖြစ်သည်။

မိမိသည် ကုသိုလ်ကောင်းမှု ၁၀ ခုပြုခဲ့သည်ဖြစ်၍ မကောင်းမှု ၁ ခုပြုလုပ်ခဲ့သည်ကို ခွင့်လွှတ်နိုင်ရမည်၊ မကောင်းမှု ၁ ခုက ကောင်းမှု ၁၀ ခုနှင့်ယှဉ်လျှင် မပြောပလောက်၊ ချေလိုက်လျှင်ပင် ကောင်းမှု ၉ ခုကျန်သည်ဟု ယူဆ၍ မရပေ။ ကောင်းမှု ၁၀ ခု၏ အကျိုးက တကဏ္ဍ၊ မကောင်းမှု ၁ ခု၏ အကျိုးက တကဏ္ဍသာဖြစ်သည်။ ယခုလည်း အစိုးရအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုနှင့် ဒီမိုကရေစီရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု မည်မျှရှိစေကာမူ ဒီမိုကရက်တစ် မဆန်သော လုပ်ရပ်များ မူဝါဒများ ရှိလာပါက ထောက်ပြနိုင်သည့် အစုအဖွဲ့ လိုအပ်မည်သာဖြစ်သည်။ ဒီမိုကရက်တစ် ဆန်သော လုပ်ရပ်များကို ထောက်ခံရမည် ဖြစ်သလို ဒီမိုကရက်တစ် မဆန်သော လုပ်ရပ်များကိုလည်း ဝေဖန် ထောက်ပြ ရမည်ဖြစ်သည်။ ထိုတာဝန်ကို အရပ်ဖက် အဖွဲ့အစည်းများက ဆောင်ရွက်ရန်လိုသလို၊ ၎င်းကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည်ပင် ဒီမိုကရေစီ၏ အနှစ်သာရ ဖြစ်သည်။

အရပ်ဖက် အဖွဲ့အစည်းများ အနေဖြင့်လည်း ဒီမိုကရေစီ ရရှိရေး အတွက် တိုက်ပွဲဝင်နေရသော တော်လှန်ရေး ကာလတွင် နိုင်ငံရေးပါတီများ အပါအဝင် ဒီမိုကရက်တစ် အင်အားစု နှင့်အတူ ပူးပေါင်း တိုက်ပွဲဝင်ရခြင်း ရှိနေနိုင်ခဲ့သော်လည်း ဒီမိုကရေစီ တည်ဆောက်ရေး ကာလတွင်၊ အထူးသဖြင့် ဒီမိုကရက်တစ် နိုင်ငံရေးပါတီများ အာဏာရယူလာနိုင်သော အခြေအနေတွင်တော့ သီးခြားလွတ်လပ်စွာ၊ ဘက်ကင်းစွာဖြင့် ပရော်ဖက်ရှင်နယ် ဆန်ဆန် ရပ်တည်သင့်သည်။ ထို့ပြင် ဒေသတွင်းနိုင်ငံများဖြင့် ချိတ်ဆက်နိုင်သော၊ နိုင်ငံတကာ အရပ်ဖက် အဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်သော အရပ်ဖက် အဖွဲ့ အစည်းအများ အဖြစ် ရပ်တည်ရန် ကြိုးစားသင့်ကြောင်း အကြံပြုရင်း နိဂုံးချုပ်လိုက်ပါသည်။

# Interfaith Understanding

# မတူကွဲပြား ယုံကြည်မှုများအကြား သဟဇာတ ဖြစ်တည်မှု အလှတရား



• ကိုကိုလွင်

Interfaith

Interfaith ဆိုသည့် စကားရပ်သည် inter = (နှစ်ခုကြား) အပြန်အလှန်၊ faith = သက်ဝင်ယုံကြည်မှု/ ကိုးကွယ်နာခံမှု စသည့် စကားလုံးနှစ်လုံးအား ပေါင်းစပ်၍ ခေါ်တွင်သည် ဖြစ်ရာ အများအားဖြင့် “ဘာသာပေါင်းစုံ ချစ်ကြည်ရေး”ဟု မြန်မာမှုပြု ဘာသာပြန်လေ့ရှိပြီး၊ မတူကွဲပြားသော ဘာသာတရား ကိုးကွယ်ယုံကြည် ကြသူများ အကြား အပြန်အလှန် နားလည်မှု တည်ဆောက်ခြင်း၊ ချစ်ကြည် ရင်းနှီးမှု တည်ဆောက် တိုးပွားစေခြင်း စသည်ဖြင့် သဘောပေါက် နားလည် ဖော်ဆောင် လျက်ရှိကြသည်။

Interfaith အား “ဘာသာပေါင်းစုံ ချစ်ကြည်ရေး” ဟု မြန်မာလို အဓိပ္ပာယ် ပြန်ဆိုရာတွင် သက်ဆိုင်ရာ ဘာသာတရား အသီးသီး၏ ကိုးကွယ်ယုံကြည်မှုတွင် တိုက်ရိုက် အကျုံး မဝင်သော နတ်ကိုးကွယ်သူများ၊ ရှေးပညာရှိကြီး များ၏ အဆုံးအမ၊ အဆိုအမိန့်များကိုသာ အလေးထား ယုံကြည် လိုက်နာကြသူများ၊ စသည်နှင့် မည်သည့် ဘာသာတရား ကိုမျှ ယုံကြည်ကိုးကွယ်ခြင်း မပြုသူများအား ပလပ်ထားသည့် သဘောဆောင်သည်ဟု အမြင်ရှိနိုင်သည်။

သို့ရာတွင် လူသားတိုင်းတွင် မတူညီသော ကိုးကွယ်မှု၊ ယုံကြည်မှုသည် ဘာသာတရားများ အားဖြင့် ဖြစ်နိုင်သလို၊ မည်သည့် ဘာသာတရားကိုမျှ နာခံ သက်ဝင်ခြင်းမရှိဘဲ၊ မိမိစိတ်ဖြင့် မိမိနှစ်သက်ရာ တစ်စုံတစ်ရာကို လက်ခံ ယုံကြည်နေခြင်း၊ ကိုးကွယ်နေခြင်း သည်လည်း၊ ထိုသူ (သို့မဟုတ်) ထိုလူ့အစုအဝေး၏ faith (ယုံကြည်မှု) အဖြစ် အသိအမှတ်ပြုကြ ရမည်ဖြစ်သည်။

Interfaith သည် ယုံကြည် ကိုးကွယ်မှု အသီးသီး လက်ခံထားကြသူများ (လူသားအားလုံး) နှင့် သက်ဆိုင်သည့် ဘဝနေနည်း ဖြစ်စဉ် ဖြစ်ကြောင်းကို အခြေခံကာ မတူကွဲပြားသည့် လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ အစဉ်အလာ၊ ယဉ်ကျေးမှုနှင့် လူရည်လူသွေး စသည်များကို လောက၏ အလှတရားများအဖြစ် အပြုသဘော ရှုမြင်စေပြီး၊ လူသားများအကြား ၎င်းမတူကွဲပြားမှုများကို အပြန်အလှန် အသိအမှတ်ပြုလေးစားခြင်း၊ လူမှုဆိုင်ရာနှင့် လောကကောင်းကျိုးသယ်ပိုးမှုများတွင် ညီညွတ်စေခြင်းဖြင့် ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်း၊ သတ္တလောကတွင် ယဉ်ကျေး၍ အကျင့်သိက္ခာ မြင့်မားသော လူသား သမိုင်းစဉ်အား ဖြစ်ထွန်းစေခြင်း၊ စသည်တို့၏ အခြေခံ အကြောင်းတရား တစ်ရပ်လည်းဖြစ်သည်။

Interfaith သည် လူသားများနှင့် ၎င်းတို့၏ မတူကွဲပြားသော နာမ်ပိုင်းဆိုင်ရာ လက်ခံယုံကြည် ကိုးကွယ်မှုများကို အပြန်အလှန် အသိအမှတ်ပြုပြီး၊ သဟဇာတ ဖြစ်ထွန်း၍ ငြိမ်းချမ်းသည့် တစ်လုံးတစ်ဝတည်းသော လူ့အသိုင်းအဝိုင်း တစ်ရပ်ကို တည်ဆောက်ရန် မှတပါး၊ လူ့အစုအဝေး တစ်ရပ်၏ ကိုးကွယ် ယုံကြည်မှုနှင့် ယဉ်ကျေးမှုအား အခြား လူ့အစုအဝေး တစ်ရပ်၏ ကိုးကွယ်ယုံကြည်မှု/ ယဉ်ကျေးမှု တို့ဖြင့် လွှမ်းမိုးစေခြင်း၊ ဆွဲဆောင်သိမ်းသွင်းခြင်း စသည် တို့ကို မရည်ရွယ်ပါ။

ထို့အပြင် သက်ဆိုင်ရာ သာသနာပြု လုပ်ငန်းများ၏ သဘောသဘာဝ ရည်ရွယ်ချက်နှင့် Interfaith လုပ်ငန်း၏ သဘောသဘာဝ ရည်ရွယ်ချက်များ မတူညီသည်ကို ကောင်းစွာ နားလည်ထားရန် လိုအပ်ပါသည်။ ယေဘုယျ အားဖြင့် လူအများ နားလည်ထားကြ သည်မှာ သာသနာပြု လုပ်ငန်းများသည် . . .

- မိမိတို့၏ ယုံကြည်မှုနှင့် သာသာရေးဆိုင်ရာ သွန်သင် ဆုံးမမှုများကို ဘာသာဝင် အချင်းချင်း ကောင်းစွာ နားလည် သဘောပေါက်ပြီး တရား

မိမိတို့ကိုယ်တိုင်က သက်ဝင်
ယုံကြည်သည့် ဘာသာ
တရားဆိုင်ရာနှင့် နာမ်ရေးရာ
ယုံကြည်မှုများကို ကောင်းစွာ
မသိနားမလည်၊ တန်ဖိုးထား
လေးစားရကောင်းမှန်း
မသိသူများ အနေဖြင့်
တစ်ပါးသူ၏
ယုံကြည်ကိုးကွယ်မှုနှင့်
ကျင့်သုံးမှုများကို နားလည်မှု
တည်ဆောက်ပြီး အပြန်အလှန်
လေးစားသမှု ပြုရမည်
ဆိုခြင်းမှာ ယုတ္တိကျသော
အယူအဆ မဖြစ်နိုင်ပေ။


တော်များကို လက်တွေ့ဘဝတွင် လိုက်နာကျင့်သုံးကြစေရန်

- မိမိတို့၏ ယုံကြည်ကိုးကွယ်မှု (မိမိတို့ ယုံကြည်သည့် အမှန်တရား) ကို မသိရှိသေးသော အခြားလူ့အစုအဝေးထံသို့ တရားအလင်း ပြန့်နှံ့ရောက်ရှိစေခြင်းဖြင့် မိမိတို့နှင့်အတူ ယုံကြည်ကိုးကွယ်လိုက်နာသူများ တိုးပွား လာကြစေရန်
- မိမိတို့၏ သာသာရေးဆိုင်ရာ ယုံကြည်မှုများ၊ တရားဓမ္မနှင့် အဆုံးအမများ အစွန့်ရှည်စေရန်၊ စသည်ဖြင့် ဖြစ်သည်။

သို့သော် Interfaith ဆိုသည်မှာ ဘာသာတရား တစ်ခုခုကို ဦးစားပေးပြီး အဓိက အားကောင်းလာစေရန် ရည်ရွယ်သည် မဟုတ်ဘဲ၊ ဘာသာတရား အသီးသီးကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသူများ အပါအဝင် နာမ်ပိုင်းဆိုင်ရာ (Spiritual) ယုံကြည်မှု တစ်ရပ်ရပ်ဖြင့် ရှင်သန်နေကြသော လူသားများအကြား ယုံကြည်ကိုးကွယ်မှု မတူသော်လည်း၊ လူသားဆန်စွာဖြင့် အပြန်အလှန် အသိအမှတ်ပြုကာ မိမိတို့အသီးသီး၏ အသိပညာ၊ အတတ်ပညာ၊ ယဉ်ကျေးမှုနှင့် ကောင်းမွန်သော ကိုယ်ကျင့် တရားတို့ကို ပေါင်းစပ်လက်တွဲ၍ မိမိတို့ ရှင်သန်နေထိုင်သော နိုင်ငံ့ အကျိုး၊ လူသားအကျိုး၊ လောက ကောင်းကျိုး များကို လူနှင့်လူချင်း မခွဲမခြား တန်ဖိုးထား ဖော်ဆောင်လာ နိုင်ကြစေရန် ဖြစ်သည်။

Interfaith ၏ သဘောသဘာဝသည် မတူကွဲပြားစွာ ယုံကြည် ရှင်သန် ကြသူများ အချင်းချင်းတွင် တစ်ဦးတစ်ဖွဲ့၏ ကိုးကွယ် ယုံကြည်မှုနှင့် ယုံကြည်ရာအလိုက် နာခံလေးစား လိုက်နာကျင့်သုံးမှုများ၊ အစဉ်အလာနှင့် ယဉ်ကျေးမှု စံနှုန်းများကို အပြန်အလှန် စူးစမ်းလေ့လာကြစေရန် အခွင့်အလမ်းများ ဖန်တီးပေးပြီး၊ တစ်ဦးအပေါ် တစ်ဦး နားလည်မှုနှင့် သဘောထား ကြီးမှုများ ကို တိုးပွားစေသည်။ ဤဖြစ်စဉ်တွင် အခြား သူများ ၏ ယုံကြည်ကိုးကွယ် ကျင့်သုံးမှုများကို ပိုမို နားလည် လာစေရန် အားပေးသည့်နည်းတူ၊ မိမိတို့ကိုယ်တိုင် ယုံကြည်ကိုးကွယ် ကျင့်သုံးနေသော ဘာသာတရား၏ အဆုံးအမနှင့် တန်ဖိုးများကိုလည်း ကောင်းစွာ နားလည် သဘောပေါက် တန်ဖိုးထား လိုက်နာထိန်းသိမ်း ကျင့်သုံးကြသော ဝါဒီကောင်းများ ဖြစ်လာ ကြစေရန်ကို အလေးအနက် ထားသည်။ အဘယ်ကြောင့် ဆိုသော် မိမိတို့ကိုယ်တိုင်က သက်ဝင်ယုံကြည်သည့် ဘာသာ တရားဆိုင်ရာနှင့် နာမ်ရေးရာ ယုံကြည်မှုများကို ကောင်းစွာ မသိနားမလည်၊ တန်ဖိုးထား လေးစားရကောင်းမှန်း မသိသူများ အနေဖြင့် တစ်ပါးသူ၏ ယုံကြည်ကိုးကွယ်မှုနှင့် ကျင့်သုံးမှုများကို နားလည်မှု တည်ဆောက်ပြီး အပြန်အလှန် လေးစားသမှု ပြုရမည် ဆိုခြင်းမှာ ယုတ္တိကျသော အယူအဆ မဖြစ်နိုင်ပေ။


ထို့အပြင် မတူကွဲပြားသော ယုံကြည်မှု၊ ယဉ်ကျေးမှုများဖြင့် ရှင်သန်နေကြသော လူသားများအကြားတွင် Interfaith လုပ်ငန်းစဉ်များကို ဖော်ဆောင်ကြရာတွင် အခြေခံအားဖြင့် လူ့အဖွဲ့အစည်း တစ်ခုနှင့် တစ်ခုအကြားတွင် ရိုးသားမှု၊ ပွင့်လင်းမှု၊ ယုံကြည်မှုနှင့် ညီညွတ်မျှတမှုများကို အစဉ်အားပေး မြှင့်တင်ခြင်းဖြင့်၊ ဖြဟ္မစိုရ်တရား ထွန်းကားသော လူ့ဘောင်သစ် တစ်ရပ်ကို တည်ဆောက်နိုင်ရန်ဖြစ်ကြောင်းကို အခြေခံအားဖြင့် ရိုးရှင်းစွာ နားလည် သဘောပေါက် စေလိုပါသည်။



SGM ဆောင်းပါး

# ဆူသောတရား အေးသောတရား





**မြတ်စံ**

ဆူသောတရား အေးသောတရား

"တရားနာရတဲ့ ဒီတစ်ညတာဟာ ကျွန်တော်တို့ရဲ့ တစ်ဘဝစာနဲ့ ညီမျှပါတယ်"

Sound box ကတဆင့် အင်အားကောင်းကောင်းနဲ့ ထွက်လာတဲ့ ကျွန်တော်တို့ လမ်းတရားပွဲ ၆ ရက်မြောက် ညရဲ့ အလှူခံစားပွဲက နိဗ္ဗာန်ဆော်ရဲ့ အသံပါ။ ဒုတိယည တရားပွဲကိုတော့ သူငယ်ချင်း တစ်ယောက်ရဲ့ ကျေးဇူးနဲ့ နားကြား ဖြစ်ခဲ့တယ်။ ကျွန်တော့် အိမ်အောက်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း သူက တရားပွဲကို အာရုံစိုက် နားထောင်နေတော့ ကျွန်တော်လည်း နားကြား ဖြစ်ခဲ့တာပါ။ အဲဒီ ရွှေစေတီ ဆရာတော်ရဲ့ သတိပဋ္ဌာနသုတ် တရားကို နာရင်းနဲ့ ကျွန်တော် တရားထိုင်စဉ်က မြင်ခဲ့တဲ့ အသိရေးရေး တချို့ကလည်း ခေါင်းထဲမှာ ဟိုဒီပြေးလွှားလို့ပေါ့။

၁ စက္ကန့်မှာ ကုဋေ ၁ သိန်းဖြစ်နေတဲ့စိတ်တွေ၊ ဇော ၇ ချက် စတာတွေနဲ့ တွက်လိုက်ရင် ဉာဏ်နဲ့ယှဉ်ပြီး ရလိုက်တဲ့ ဉာဏသမ္ပယုတ် ကုသိုလ်တောင် ထုထည်က များလွန်းလှပေတာပဲ။ ဒီကုသိုလ်တွေ ရသွားမယ့် လူတွေအတွက် အသံချဲ့စက်နဲ့ ဟောလို့ TV ကောင်းကောင်း ကြည့်မရတဲ့ သူတွေ၊ စကားကောင်းကောင်း ပြောလို့မရ တဲ့သူတွေ၊ နားငြီး စိတ်ရှုပ်ရတဲ့ သူတွေ စိတ်အနှောင့်အယှက် ဖြစ်ရတာ တန်ပါတယ်၊ သူတို့အပူနဲ့ သူတို့ပဲ လို့ တွေးလိုက်မိတဲ့ အချိန်မှာ ဗုဒ္ဓရဲ့ မဟာ ကရုဏာတော် ဆိုတဲ့အသိက ရင်ကို ဒိန်းကနဲ လာစောင့်တယ်။ ဗုဒ္ဓသာ ရှိရင်ရော အကုသိုလ် ရသွားမယ့် သူတွေထက် ကုသိုလ်ရသွားမယ့် လူနည်းစုရဲ့ အကျိုးကို ကြည့်မှာလား။ မာဂဏ္ဍီရဲ့ မိဘတွေ တရားရဖို့ အတွက် မာဂဏ္ဍီကို စတေးရသေးတာပဲ လို့ ပြောမယ့်သူ တွေလည်း ရှိကြမှာပါ။ ဒါပေမယ့် သူ့မိဘတွေက ဒိဋ္ဌိလုံးဝ ပြုတ်သွားတာ။ ရှည်လျားလှတဲ့ သံသရာထဲက၊ ဒီစိတ် ဒီခန္ဓာရဲ့ အလိုလိုက်နေရတဲ့ suffering အားလုံးကနေ မကြာခင် အပြီးတိုင် လွတ်မြောက် သွားကြတော့မှာ။ အဲဒီတော့ တရားပွဲတွေကို ကျယ်ကျယ်လောင်လောင်လုပ်သင့် မသင့် ကျွန်တော် မဆုံးဖြတ်နိုင်တော့။ သို့သော်...

*ဗုဒ္ဓသာ ရှိရင်ရော အကုသိုလ် ရသွားမယ့် သူတွေထက် ကုသိုလ်ရသွားမယ့် လူနည်းစုရဲ့ အကျိုးကို ကြည့်မှာလား။ တခြားသူတွေကို စိတ်အနှောင့်အယှက်ပေးပြီးမှ ကုသိုလ် ရကြတော့မှာလား။*

သို့သော် ဒီလိုကုသိုလ် တောင်ထုရဖို့ အတွက်က ဒီတစ်နည်းပဲ ရှိသလား။ တခြားသူတွေကို စိတ်အနှောင့်အယှက်ပေးပြီးမှ ကုသိုလ် ရကြတော့မှာလား။ ကိုယ်တွေသာ ဘာသာခြား မိဘထံမှာ မွေးဖွားကြီးပြင်းလာတဲ့ ဘာသာခြားတွေ ဖြစ်နေရင်ရော။ ကျွန်တော်တို့ ကျေနပ် ကြည်ဖြူနိုင်ပါ့မလား။ အဲလိုမွေးလာလည်း ငါတို့ကတော့ ဗုဒ္ဓဘာသာ ပြောင်းလိုက်မှာပဲလို့ စဉ်းစား တွေးတောမှု မပါတဲ့ ကိုယ်ချင်းစာ အငွေ့အသက်ကင်းတဲ့ အဖြေမျိုးတော့ လွယ်လွယ် မပေးသင့်ပါဘူး။

"တရားပွဲ တွေမှာ အလှူခံဖလားတွေ ချထားတယ်။ တရားလာနာတဲ့ လူတစ်ယောက်ဟာ ဒါကိုမြင်ပြီး မလှူနိုင်တဲ့ အခါ စိတ်ထဲ စနိုးစနောင့် ဖြစ်သွားတယ် ဆိုရင် ဒါဟာ မကောင်းတော့ဘူး။"

ဒါက ပါချုပ် ဆရာတော်ကြီးရဲ့ သဘောထားပါ။ ခုတော့ ကျွန်တော်အပေါ်မှာ ပြောခဲ့တဲ့ တစ်ညတာဟာ တစ်ဘဝ စာပါပဲ ဆိုတဲ့ ဘာမှန်းမသိတဲ့ စကားတွေ အများကြီးပါတဲ့ စကားမျိုး တွေကို နိဗ္ဗာန်ဆော် ကိုမိုက်ခဲက ညနေ ၄ နာရီလောက်က စပြီး မနားတမ်း လိုတာထက် ပိုပြီး ကျယ်လောင် လွန်းတဲ့ အသံချဲ့စက် ကတဆင့် ပြောကြားနေတာကတော့ ဘယ်ပေတံနဲ့ တိုင်းရမှန်းကို မသိတော့ပါဘူး။ ဆိုခဲ့တဲ့ ကုသိုလ် တောင်ထုရဖို့ အတွက် ဆရာတော်ရောက်မှ ရှိသင့်တဲ့ အသံအနေအထားနဲ့ နာကြားလို့ မရနိုင်ဘူးလား။

ဒီ့ထက်ပိုတတ်နိုင်ရင် သတ်မှတ်ချက် တစ်ခုခု ဥပမာ အဖိတ်၊ ဥပုသ်နေ့ ကိုယ့်ရပ်ကွက် ဘုန်းကြီး ကျောင်းတွေမှာ ည ၇ နာရီ တရားပုံမှန် ဟောပေးတဲ့ စနစ်မျိုး လုပ်လို့ မရနိုင်ဘူးလား။ ဘုန်းကြီးတွေရဲ့ စိတ်ထဲမှာ တခြား ကိုယ့်ဘေးက ကျောင်းတွေအကုန် တိုက်ကျောင်း တွေဖြစ်ကုန်ပြီ၊ ဒို့လည်း အလှူခံပြီး ဆောက်ဦးမှပဲဆိုတဲ့ ဖိအားမျိုး၊ ဦးဘယ်သူကတော့ဖြင့် ကားစီးနေပြီ ဆိုတဲ့ ဖိအားမျိုးထက် စာရင် ဟိုဘက်ကျောင်းက တရားပွဲမှာ လူပိုလာတယ်၊ ဒို့လည်း စိတ်ဝင်စားအောင် ဘယ်လို ဟောလိုက်မယ်၊ ဘယ်လို ပြင်ဆင်လိုက်မယ်ဆိုတဲ့ ဖိအားမျိုးက ပိုလို့ မရှိသင့်ပေဘူးလား။ အတွေးတွေက မဆုံးတော့...။

ဒါတွေ မြင်ရကြားရတိုင်း သာဝတ္ထိက ဇေတဝန် ကျောင်းတော်ကြီးကိုပဲ စိတ်ကူးနဲ့ သွားသွား ကြည့်နေမိတော့တာပါပဲ။

> “Quote”
>
> “ဓမ္မစကား နေ့တိုင်းကြားက
> စိတ်ထားဖွေးလက် သိဉာဏ်ထက်၏ ”





လူငယ်ကဏ္ဍ

# မျှဝေချင်သော အတွေးလေးများ

ကိုထိုက် (နတ်တလင်း)

အချိန်တစ်ခုရသည်နှင့် မရေးဖြစ်သည်မှာ ကြာပြီဖြစ်သော အညတြ အတွေးများ ကဏ္ဍအား ရေးမိပါ၏။ လူငယ်များ အတွက် ပညာရေး အတွေးအမြင်လေးပါ။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဆရာ ဦးအောင်သင်းကလည်း မှာခဲ့သည်။ "ကျိုးကြောင်း ဆင်ခြင်နိုင်ဖို့ ... တိုင်းပြည် တိုးတက်ဖို့... လူငယ်များသည် အရေးပါပြီး လူငယ်တွေ ပညာသင်ဖို့ ကြိုးစားဖို့လိုသည်.... ။"

လီကွမ်ယု ကလည်း ပြောသည် "ကိုယ့်လူတွေကိုသာ ပညာ တတ်အောင် သင်ထားပေးပါ အခြားသူတွေ သူ့အလိုလို အောက်ကျို့ လာပါလိမ့်မည်" တဲ့.... ။

မှန်သည်- ပညာတတ်ပါက ကျိုးကြောင်းဆင်ခြင်နိုင်မည်... ကျိုးကြောင်း ဆင်ခြင်နိုင်က...
"ကိုယ့်ထက်အားကြီးသောဆင်အား ချွန်းဖြင့်ထိမ်းနိုင်၏ ....
ကိုယ်ထက်ရေကူးမြန်သော ငါးအား မျှား၍ ဖမ်းနိုင်၏ ...
ကိုယ့်ထက် စည်းလုံးသော ပျားအား ဖွတ်၍ စားနိုင်၏ ...
ကိုယ်ထက် လျှင်မြန်သော သမင်အား မြှားဖြင်ပစ်၍ ဖမ်းနိုင် ၏ ။"

ဒါက ကျိုးကြောင်း ဆင်ခြင်ရာတွင် လူက တိရိစ္ဆာန်ထက် သာသွားသော ဥပမာ သာဓကများ သက်သက်ဖြစ်ပြီး လူလူ ချင်းတွင်လည်း...

***"ပညာတတ်သူက... မတတ်သူကိုလွှမ်းမိုးနိုင်သည်...***
***ပညာတတ်သော လူမျိုးက.... မတတ်သော***
***လူမျိုးကိုလွှမ်းမိုးနိုင်သည်....***
***ပညာတတ်သော နိုင်ငံက.... မတတ်သောနိုင်ငံအား***
***လွှမ်းမိုးနိုင်သည်...."***

ထို့ကြောင့် လူငယ်များ မိမိသက်ဆိုင်ရာ ဘာသာရပ်အလိုက် တတ်ကျွမ်းဖို့ ... Professional ဖြစ်ဖို့လိုပြီး... စုစည်းဖို့လည်း လိုအပ်သည်ဟု မြင်မိပါ၏ ... ။

ပညာရေးစနစ်ကို ပြန်လည် သုံးသပ်ပြင်ဆင်နေသည်ဟု ကြားသဖြင့် ဝမ်းသာရပါ၏။ သို့သော် စနစ်ကောင်းနေတာ တစ်ခုနှင့် မလုံလောက်ဘဲ...တစ်ဦးချင်းစိတ်ဓာတ် ပြင်းထန်ဖို့ လိုအပ်သလို... အစိုးရမှလည်း ထိရောက်စွာ ပံ့ပိုးပေးဖို့ လိုအပ်ပါ၏။ ထို့အပြင် လက်ရှိအခြေအနေမှာ နိုင်ငံရပ်ခြား ပညာတော်သင်ဆု များအတွက် အခွင့်အလမ်းများ ရလျှက် ရှိရာ မိမိစွမ်းအား ရှိလျှင်ရှိသလောက် Network ကျယ်လျှင် ကျယ်သလောက် လေ့လာဆည်းပူးနိုင်သဖြင့်... ရသည့် အခွင့်အရေးကို လက်လွှတ်မခံသင့်ပေ... ။

သတိပြုရန်မှာ ပညာသင်သွားသောလူငယ်များ... ပြည်ပတွင် ယာယီ အလုပ်လုပ်နေသော မြန်မာနိုင်ငံသား လူငယ်များ အဖို့... Brain Drain ဖြစ်မသွားစေဘဲ.... Brain Storage သဘောမျိုးသာ ဖြစ်သင့်ပြီး လိုအပ်ပါက မိမိနိုင်ငံသို့ ပြန်လာ၍ ပူးပေါင်း ဆောင်ရွက်ဖို့ လိုပါလိမ့်မည်။ ထို့အတွက် အစိုးရမှလည်း ပြည်ပရောက် အသိပညာရှင် အတတ် ပညာရှင်များအား နွေးထွေးစွာ ပြန်လည်ဖိတ်ခေါ်ဖို့ လိုပါလိမ့်မည်။ စင်္ကာပူနှင့် တရုတ် နိုင်ငံများသည်လည်း ထိုလမ်းစဉ်ကို ထိရောက်စွာ အသုံးချခဲ့သည်ဟု လေ့လာမိပါ ၏ ... ။

**သဘာဝ + စွမ်းအား + လုပ်အား = ရလဒ်**
**(စွမ်းအား = အသိပညာ၊ အတတ်ပညာ)**

ဆိုတာလေးကို မမေ့သင့်ဘဲ လက်ရှိအချိန်သည် မိမိအတွက် စတင်ရန် အကောင်းဆုံး အခြေအနေ ဖြစ်ကြောင်းနှင့် တစ်စိုက်မတ်မတ် ခွန်အားစိုက်၍ မိမိ မိသားစု၊ မိမိဒေသ၊ မိမိ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန် အတွက် လူငယ်များ၏ ပါဝင်မှု သည် အနာဂတ်အတွက် လွန်စွာ အရေးပါကြောင်းတိုက်တွန်း လိုက်ရပါ၏ ....။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ... ☺☺☺

*(Ref: ဆရာ အောင်မြိုင်သင်း ရေးသားသော "ကျွန်တော်သိတဲ့ အဖေ့အကြောင်း" နှင့် အခြားစာအုပ်များမှ)*

SGM အက်ဆေး

# ဖိနပ်တစ်ရံ၏ အထုပ္ပတ္တိ

• ထူးအိမ်ခ

ဖိနပ်တစ်ရံ၏ အထုပ္ပတ္တိ

ကျွန်တော်သည် အိုမင်းနေပြီဖြစ်သော ဖိနပ်တစ်ရံဖြစ်ပြီး ဟိုးအရင် အချိန်များတွင် နုပျိုမှုများစွာ ရှိခဲ့ဖူးပါသည်။ ထိုအချိန် ကာလများအား လွမ်းဆွတ်၍ ပြန်လည် တူးဆွနေခြင်းမျိုး မဟုတ်သည်ကိုတော့သိစေချင်ပါသည်။ ကျွန်တော်ကြားဖူးခဲ့သော (လူတော်တော်များများ ပြောဖူး ကြားဖူးနေကျ ဖြစ်သော) "ခံစားနေရတာတွေ အခြား တစ်ယောက် ယောက်ကို ရင်ဖွင့်လိုက်ရင် ပေါ့သွားတာပေါ့" ဟူသော စကားအတိုင်း ရိုးသားစွာ ရင်ဖွင့်ခြင်းဖြစ်ပါသည်။



ကျွန်တော့်၏ အသက်အရွယ်နှင့် ဖြတ်သန်းမှုအရ မြက်ခင်းစိမ်းစိမ်းများ၊ လွင်တီးခေါင်ပြင်များ၊ ကန္တာရများ၊ အိုအေစစ် များ အစရှိသော နေရာပေါင်း များစွာ ရောက်ရှိခဲ့ဖူး ပါသည်။ ထို့အပြင် အမွေးပွ ကော်ဇော ကြီးများခင်း၍ ရောင်စုံ မီးဆိုင်း ကြီးများ ချိတ်ဆွဲထားသော ဆောင်းတွင်း အလား လေအေးပေးစက်များ တပ်ဆင်ထား သည့် ခန်းမ ကျယ်ကြီးများ၊ ကပွဲခန်းမများနှင့် ဘာများအား ရောက်ရှိ နေထိုင်ခဲ့ဖူးသလို ရွှံ့နွံအလူးလူးနှင့် နေရက်များစွာ ကိုလည်း ဖြတ်သန်းခဲ့ဖူးပါသည်။

ထိုကဲ့သို့သော အခြေအနေများတွင် ခင်မင် ဂုဏ်ယူဖွယ် ကောင်းသောသူ ဖိနပ် ပိုင်ရှင် များအား တွေ့ဆုံ ခဲ့ရသကဲ့သို့ ရိုင်းစိုင်းသော၊ တန်းဖိုး မထားတတ်သူ များနှင့် လည်း တွေ့ဆုံ ဆက်ဆံခဲ့ရပါသည်။ ကျွန်တော်၏ ဘဝ တစ်လျှောက်လုံးတွင် မည်သူ့ ကိုမျှ မည်သည့်အချိန်တွင်မျှ မျက်နှာကြီးငယ် မလိုက်ခဲ့ဖူးပါ။ ထို့အပြင် အမိန့်ပေး စေခိုင်းခြင်းမျိုးလည်း မပြုလုပ်ဖူးကြောင်း ကျိန်တွယ် ပြောရဲ ကြောင်း အာမခံပါသည်။ ထိုကဲ့သို့ အခွင့်အရေး မျိုးလည်း မရရှိဖူးကြောင်း သိစေချင်ပါသည်။

သို့သော် အချို့သောသူများသည် ကျွန်တော့်အား "ဖိနပ်စုတ်" ဟုခေါ်ဝေါ်ပြီး စွန့်ပစ်တတ်ကြပြီး ထိုအချိန် အခါများတွင် သူတို့အတွက် ဘဝသေဆုံးသည်အထိ ပါရမီ ဖြည့်ဆည်း ပေးခဲ့ဖူးသည်ကို သတိ မရကြတော့ပါ။ သူ့တို့၏ ဂရုမစိုက်မှု၊ အမြင် မှားယွင်းမှုများအား ကျွန်တော့်အပေါ် တွင်သာ ပုံချလေ့ရှိပါသည်။ သက်သေပြရမည်ဆိုလျှင် အကယ်၍ တစ်စုံတစ်ယောက် လမ်းလျှောက် လာစဉ် သံကို နင်းမိပြီး စူးမိပါက သံကို မမြင်သော မျက်လုံးကို အပြစ် မတင်ပဲ ကျွန်တော့် ကိုသာ အပြစ်တင်ကြသည်ကို သင် ကြားဖူး မြင်ဖူးပါလိမ့်မည်။ ထိုကိစ္စများ အတွက် အပြစ်မရှိ အပြစ်ရှာကာ အပြစ် တင်ခြင်း မဟုတ်သည်ကို သိစေချင်ပါ သည်။

ကျွန်တော်သည် ဖိနပ်တစ်ရံ ဖြစ်နေရခြင်းအား ဝမ်းမနည်းသလို ဂုဏ်လည်းမယူပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်နှင့် ဘဝတူဖိနပ်များ (ဖိနပ်ဖြစ်ခဲ့ဖူးသူများ) အများ ကြီး ရှိနေသောကြောင့် ဖြစ်ပါသည်။ ကျွန်တော့်အား ကိုယ်ရည် သွေးသည်ဟု မထင်စေလိုပါ။ ကျွန်တော်တို့သည် ပေးရသည့် ငွေကြေးတန်ဖိုးချင်း မတူသော်လည်း ကျွန်တော် တို့၏ ကျောပေါ်မှ လိုက်ပါသူအားလုံးကို လုံခြုံစေလိုသော စေတနာသည် အတူတူ သာဖြစ်ပါသည်။ ဤနေရာတွင် မိတ်ဆွေနှင့် ကျွန်တော်တို့၏ ထင်မြင်ယူဆချက်များ ကွဲပြား ကောင်း ကွဲပြားပါလိမ့်မည်။ ကိစ္စမရှိပါ။ ထင်မြင်ယူဆချက် များနှင့် သဘောထား များသည် အမြဲတစေ မတူညီနိုင်ပါ။ မိတ်ဆွေ၏ ထင်မြင်ယူဆချက်သည် မိတ်ဆွေအတွက် မှန်ကောင်းမှန်နေနိုင်ပြီး ကျွန်တော်၏ ယူဆချက်သည်လည်း ကျွန်တော့်အတွက် မှန်နေပါလိမ့်မည်။

> "ဗိုလ်ချုပ် အောင်ဆန်းနှင့် မဟတ္တမဂန္ဒီကို မသိသလို အေဗရာဟင် လင်ကွန်းနှင့် ဟစ်တလာ၊ မာဂရက် သက်ချာ ကိုလည်း မသိပါ။ ထိုသူများသည် မိမိယုံကြည်ရာ အတိုင်း ရှင်သန်၊ သေဆုံးခဲ့ကြပြီး ကျွန်တော် သည်လည်း ကျွန်တော် ယုံကြည်ရာ အတိုင်း ရှင်သန်၊ သေဆုံးမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။"

ကျွန်တော်သည် ရော့ခ် ဂီတကို မသိ သလို ဂန္ထဝင် နှင့် ပေါ့ပ် သီချင်းများ ကိုလည်း မသိပါ။ အဘယ့်ကြောင့် ဆိုသော် ကျွန်တော် သည် ဖိနပ်တစ်ရံသာ ဖြစ်သော ကြောင့် ဖြစ်သည်။ သိပ္ပံပညာကို မလေ့လာဖူးသလို ဂမ္ဘီရပညာ ကိုလည်း မစူးစမ်းဖူးပါ။ ဘာသာရေး၊ လူမှုရေးများနှင့် မသက်ဆိုင် သလို နိုင်ငံရေးကိုလည်း စိတ်မဝင်စားပါ။ ထိုကိစ္စ များနှင့် ဖိနပ်တစ်ရံဖြစ်သော ကျွန်တော်နှင့် (လုံးဝ) မသက်ဆိုင်သောကြောင့် ဖြစ်ပါသည်။ ဗိုလ်ချုပ် အောင်ဆန်း နှင့် မဟတ္တမဂန္ဒီကို မသိသလို အေဗရာဟင် လင်ကွန်းနှင့် ဟစ်တလာ၊ မာဂရက် သက်ချာ ကိုလည်း မသိပါ။ ထိုသူများ သည် မိမိယုံကြည်ရာ အတိုင်း ရှင်သန်၊ သေဆုံးခဲ့ကြပြီး ကျွန်တော်သည်လည်း ကျွန်တော် ယုံကြည်ရာ အတိုင်း ရှင်သန်၊ သေဆုံးမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် တာဝန်ကျေခဲ့သော (မိမိတာဝန်ကို ပြီးဆုံးသည်အထိ သို့မဟုတ် စွန့်ပစ်ခံရပြီးသည့် အချိန်အထိ တာဝန် ယူနိုင်ခဲ့သော) ဖိနပ်တစ်ရံသာ ဖြစ်ပါသည်။ ထို့အ တွက် ကြီးမြတ်သော ဂုဏ်ယူဖွယ် ကောင်းသော အဆောင် အယောင်နှင့် နာမည်ကောင်း လက်မှတ်များ မရှိပါ။ မည်သူ ကမှလည်း တန်ဖိုးထားစရာ ဟူ၍ မယူဆ ကြပါ။ ကျွန်တော် သည် အိုမင်းနေပြီဖြစ်သော ဖိနပ်တစ်ရံသာ ဖြစ်ပါသည်။

(၁၁ နိုဝင်ဘာ ၂၀၁၈၊ ၁၁ နာရီ ၃၂ မိနစ်)

SGM အက်ဆေး

# သစ်ပင်တက်တဲ့ ငါး

## • ခိုင်ကျော်ညို

**"Ask not what your country can do for you, ask what you can do for your country"**

အမေရိကန် သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ ရဲ့ နာမည်ကျော် မိန့်ခွန်းကို ဘွဲ့ရပြီးတဲ့နောက် ပထမဆုံး စဉ်းစားမိတယ်။ ဘွဲ့ခန်းမရဲ့ လှူပေါင်း ထောင်ချီကြားမှာ အတွေးတွေ ဖြန့်ကျက်မိရင်း ကျတော့်ခေါင်းထဲက စကားလုံးများနဲ့ ကျတော် တိုက်ပွဲဖြစ်ပွား နေရတယ်။

"သင့်နိုင်ငံက သင့်အတွက် ဘာလုပ် ပေးနိုင်မလဲ မမေးနဲ့ သင်က သင့်နိုင်ငံအတွက် ဘာလုပ်ပေးနိုင်မလဲ ကိုသာမေး"
စကားလုံးတွေက အရမ်းလှပတယ်၊ တန်ဖိုး ရှိတယ်။
ကောင်းပြီ ကျတော်ဘွဲ့ရ သွားပြီ။

နိုင်ငံအတွက်ကျတော် ဘာလုပ်ပေးနိုင်မလဲ စဉ်းစားတယ်။
ခေါင်းထဲကို ဘာမှရောက်မလာဘူး။

အဝေးသင် ကျောင်းသားတစ်ယောက် အဖြစ် ၇ နှစ်ထိ ကျတော် ကျောင်းတက်ခဲ့ရတယ်။ ကြားထဲမှာ ၂ နှစ် ကျတာရော၊ ကျောင်းတက် ကာလ ၅ နှစ် တိုးတဲ့အထဲ ပါသွားတာရောကြောင့် အဲ့လောက် ကြာသွား ရတယ်။ ဒီလို ၇ နှစ်တာ ကာလမှာ ဥပဒေ ပညာဘွဲ့ကို သင်ယူခဲ့ရပေမယ့် တက္ကသိုလ်မြေကို ခြေချခဲ့ရပေမယ့် နိုင်ငံအတွက် ကျနော် ဘာလုပ်ပေးနိုင်မလဲ ဆိုတဲ့ မေးခွန်းကို ကိုယ့်ဘာသာ စဉ်းစားတတ်အောင် မသင်ယူ နိုင်ခဲ့ဘူး။

သင်ပေးမဲ့လူမရှိခဲ့ဘူး။ ...



အဝေးသင် ကျောင်းသားမို့ ဒီလိုပြောတယ် ဖြစ်မယ်... အဝေးသင်တက် ဖြစ်အောင်လဲ အခြေအနေကိုက တွန်းပို့ခဲ့တာပဲလို့ ဆိုရမယ်။

ငယ်စဉ်ကတည်းက သင်ကြားခဲ့ရတဲ့ ပညာတွေ... တက္ကသိုလ်မှာ ဆက်လက် သင်ကြားခဲ့ရတဲ့ ပညာတွေ.. အားလုံးက နိုင်ငံအတွက်မပြောနဲ့... မိမိတစ်ကိုယ်စာ အတွက်တောင် ဖူလုံတဲ့ အသက်မွေးဝမ်းကြောင်း တစ်ခု မဖန်တီးပေးနိုင်ဘူး။

လက်တွေ့ကျကျ သုံးသပ်ရရင် အချိန်တွေက နှမြောဖို့ကောင်းတယ်။

သူငယ်တန်းကနေ ၁၀ တန်းအထိကို အချိန်က ၁၁ နှစ်၊ ဥပဒေကျောင်းသား အဖြစ် အချိန်က ၇ နှစ် စုစုပေါင်း အနေနဲ့ မြန်မာနိုင်ငံ အစိုးရရဲ့ တရားဝင် အသိအမှတ်ပြု ဘွဲ့တစ်ခုရဖို့ အချိန် ၁၈ နှစ်ထိ ကျနော် ရင်းနှီးမြှုပ်နှံခဲ့ရတယ်။

ကျတော့်မိဘတွေ၊ ဘိုးဘွားတွေရဲ့ ငွေကြေး တွေ၊ ငယ်ရွယ်မှုတွေကို ရင်းပြီး ယူခဲ့ရတဲ့ ဘွဲ့တစ်လုံးဟာ... ကျတော့် တစ်ဘဝစာကို တောင် မပူမပင် နေရဖို့ အာမ.. မခံနိုင်ဘူး။ ဒါဟာ မြန်မာနိုင်ငံရဲ့ ပကတိ အခြေအနေပဲ။ ယိုယွင်းသွားတဲ့ ပညာရေးရဲ့ သားကောင် ဖြစ်ခဲ့ရတဲ့ ၉၀ ခုနှစ်ကျော်များ ဆီက လူငယ်တွေ လက်ရှိကြုံတွေ့ နေရတဲ့ အခက် အခဲပဲ။ ၉၀ ကျော်ကနေ ၉၅ အတွင်း မွေးဖွားခဲ့တဲ့ အခုချိန် အသက် ၂၁ ကနေ ၂၇ အတွင်းရှိကြတဲ့ ကျတော်တို့ လူငယ်တွေရဲ့ အနာဂါတ်တွေဟာ အရမ်းကို ပုံပျက်ပန်းပျက် ဖြစ်သွားခဲ့ရပြီ။ ဘာပဲပြောပြော ထိုအချိန်က အုပ်ချုပ်ခဲ့သူတွေရဲ့ တာဝန်တွေမကင်းဘူးလို့ ပြောရင် ငြင်းစရာအချက် မရှိလောက်ဘူး။

နိုင်ငံအတွက် တစ်ထောင့်တစ်နေရာ ကနေ ကျတော်လဲ လုပ်ပေးချင်တယ်။ ရှေ့နေ တစ်ယောက် လုပ်ပြီး ချို့တဲ့နေတဲ့ တရားစီရင်ရေး မဏ္ဍိုင်ကနေ နိုင်ငံတော်ကို ပေးဆပ်ချင်တယ်။ ဒါပေမဲ့ ရှေ့နေ တစ်ယောက်ရဲ့ အနာဂါတ်ဟာ ဘယ်လောက်များ ဖြောင့်ဖြူးနိုင်မှာလဲ။ ထမင်းတောင် နပ်မှန်ပါ့မလား။

ဒီမေးခွန်းတွေအတွက် တိကျတဲ့အဖြေမရှိဘူး။ ...
ပြီးတော့ ရှေ့နေတစ်ယောက် ဖြစ်ဖို့ဆိုတာ ကရော ကျတော့် အိပ်မက်အစစ် အမှန်လား။

“လူငယ်ဆိုတာ အိပ်မက်တွေ
ရှိရတယ်”
ဟုတ်ကဲ့ ကျနော်
ဟက်ဟက်ပက်ပက်ပဲ ရယ်မိတယ်။
မြန်မာနိုင်ငံမှာ မက်ခွင့်ရတဲ့
အိပ်မက်တွေက လူတစ်ချို့
အတွက်ပဲလို့ တရားဝင်မကန့်သတ်ရုံ
တစ်မယ်ပဲ။

အဖြေကတော့ မဟုတ်ဘူးဆိုတာပဲဖြစ်မယ်။

ကျတော် ရှေ့နေတစ်ယောက် ဖြစ်လာဖို့၊ ဥပဒေဘွဲ့ရဖို့ တခါမှအိပ်မက် မမက်ခဲ့ဖူးဘူး။ ရှေ့နေတွေကို အားမကျခဲ့ဖူးဘူး။
ကျတော့် Idol ပုဂ္ဂိုလ်တွေဟာ ရှေ့နေလောကထဲက တစ်ယောက်မှမဟုတ်ဘူး။
၁၀ တန်းအောင်တဲ့ အချိန်ထိ ဥပဒေဆိုတာ ခေါင်းထဲကို မရောက်ခဲ့ဘူး။

အိုင်းစတိုင်း ကတော့ ပြောတယ် 'ငွေကြေးနောက် မလိုက်နဲ့.. အိပ်မက်နောက်လိုက်... ငွေကြေးက သူ့ဘာသာ လိုက်လာလိမ့်မယ်' တဲ့။

မြန်မာမှာတော့ ပြောင်းပြန်ပဲ။ ငွေကြေးနောက် အရင်လိုက်ကြ ရပြီးမှ အိပ်မက်တွေနောက် ပြန်လိုက်ရတယ်။ ပညာကို သူငယ်တန်း ကနေ ၁၀ တန်းထိ ၁၁ နှစ် သင်လာရတယ်... နောက်ဆုံး ၁၁ နှစ်မြောက်မှာ စာအလွတ် မကျက်နိုင်၊ အလွတ် မမှတ်နိုင်ပေါ် မူတည်ပြီး ဘဝကပြောင်းလဲ သွားတော့တယ်။ ဆယ်တန်း အောင်မှတ်ဆိုတာက ဘဝကို အဆုံးဖြတ် ပေးလိုက်တယ်။ အိပ်မက်တွေ အတုံးအရုန်း ကျဆုံးကုန်တယ်။ ၁၀ တန်းဆိုတာ အိပ်မက်သတ်ကွင်းပဲ။

ကျတော့်ပတ်ဝန်းကျင်မှာ ငါးတွေသစ်ပင်ပေါ် တက်နေကြတာကို ကျတော်မြင်ရတယ်။ ဆင်တွေကျားတွေ ရေကူးသင်နေကြရတယ်။ ငှက်တွေအားလုံး မပျံတတ်တော့ဘူး။ ခြသေ့်တွေ သူများခြေရင်းအောက် ကျွန်တွေ ဖြစ်နေကြရတယ်။ ကျတော်ကိုယ်တိုင်ကရော...ထူးမခြားနားပဲ သစ်ပင်ပေါ်တက် တတ်အောင် ကြိုးစားနေရတဲ့ ငါးတစ်ကောင်ပဲ မို့လား။

ပညာရှင်တွေကပြောတယ်
“Do the job you love” တဲ့။

သို့ပေမဲ့လည်း အဲ့ဒီအတိုင်းဘယ်တော့ လုပ်နိုင်မယ်ဆိုတာ မစဉ်းစား တတ်တော့ဘူး။
“Love the job you do” အဆင့်မှာပဲ ကျတော်တို့ ပိတ်လှောင် ခံထားရတော့တယ်။
၁၀ တန်းအောင်ခါစ... အိပ်မက်တွေအကုန် ခဝါချပြီး မေ့နိုင်အောင် ကြိုးစားကာ အလုပ်ရဖို့ပဲစိတ်အား ထက်သန်ခဲ့ရတယ်။

Premier ကော်ဖီစက်ရုံမှာ ... ကော်ဖီအိတ်ကြီးတွေ ထမ်းပို့ရတဲ့ တစ်လ 50,000 ရတဲ့အလုပ်ကို လျှောက်ခဲ့ဖူးတယ်။ လုံခြုံရေးဝန်ထမ်းဆိုတဲ့အလုပ်ကို Bodyguard အလုပ်ဆိုပြီး အထင်တကြီး သွားလျှောက်ခဲ့ဖူးတယ်။ မှတ်ပုံတင်မရှိလို့ ဆိုပြီး နှစ်ခုလုံးက ငြင်းပယ်ခြင်းခံခဲ့ရတယ်။ ၁၈ နှစ်ကျော် ခါစမှာ စစ်တမ်းကောက်တဲ့ အချိန်ပိုင်း အလုပ်သမား ဖြစ်ရင်း ငတ်တစ်လှည့်ပြတ်တစ်လှည့်။ ၂၃ နှစ်ရောက်တော့ NGO လောကထဲကို ... လည်တယ်လည်တယ်နဲ့ ထပ်ရောက်သွားပြန်တယ်။ အိပ်မက်တွေလား မမှတ်မိတော့ဘူး။

"Love the job you do" ဆိုတဲ့ ဝဲဂယက်ထဲ ကျတော် နေသားကျနေပြီ။ တခါမှ မတွေးခဲ့ဖူးတဲ့ Profession တွေကြား ပျော်မွေ့နေတတ်ရပြီ။

လူငယ်ဆိုတာ အိပ်မက်တွေရှိရတယ် ဆိုတဲ့စကားကိုကြားရင် ကျတော်ငယ်ငယ်က အသားအရမ်းဖြူတာလို့ သူများတွေကို ပြောခဲ့ဖူးတာကို သတိရတယ်။ ... အခုချိန် အရမ်းမဲနေတဲ့ အသားကို ကြည့်ပြီး အားလုံးဟက်ဟက် ပက်ပက်ရယ်ကြတယ်။

"လူငယ်ဆိုတာ အိပ်မက်တွေရှိရတယ်" ဟုတ်ကဲ့ ကျနော် ဟက်ဟက်ပက်ပက်ပဲ ရယ်မိတယ်။ မြန်မာနိုင်ငံမှာ မက်ခွင့်ရတဲ့ အိပ်မက်တွေက လူတစ်ချို့ အတွက်ပဲလို့ တရားဝင်မကန့်သတ်ရုံ တစ်မယ်ပဲ။

ကလေးတွေကို လွတ်လပ်စွာ အိပ်မက်မက်ခွင့်ပေးပြီး လွတ်လပ်စွာ ပျံသန်းခွင့်ပေးတဲ့ ပညာရေးကို တောင့်တမိတယ်။ ကိုယ်မသင်ချင်တဲ့ ဘာသာရပ်တွေ နားလည်ချင်စိတ်မရှိတဲ့ ဘာသာရပ်တွေကို အတင်း နားလည်အောင် သွတ်သွင်းရပြီး မလုပ်နိုင်တဲ့အခါ .. "မင်းလူညံ့" လို့ပြောခံရမှုတွေ ပယ်ပျောက် သွားစေချင်တယ်။
ကလေးတွေကို "Do the job you love" လို့ အားပါးတရ ပြောချင်မိတယ်။...
ကျတော်ကတော့ ကျတော် မကျွမ်းကျင်တဲ့ အားကစားတစ်ခုမှာ ချန်ပီယံဖြစ်ဖို့ ကြိုးစားနေရဦးမယ်။
ဒီစာကိုလည်း ၁၈ နှစ်တာကြာအောင် သင်ကြားပြီးမှရခဲ့တဲ့ ဘွဲ့တစ်ခုဟာ ကျတော့်ဘဝကို အဆင်ပြေမှာပါဆိုတဲ့ အာမခံချက် တစ်ခုလေး တောင်မပေးနိုင်တာကို စိတ်မကောင်းဖြစ်မိရင်း... စိတ်ကူးပေါက်ရာ ချရေးမိတာပဲ။ အဆင်မပြေတဲ့ လူ၊ အဆင်မပြေတဲ့ ဘွဲ့ ရထားတဲ့လူ ရေးတဲ့စာ ဆိုတော့ ဖတ်ရတာလည်း အဆင်ပြေချင်မှ ပြေမယ်။ သစ်ပင် တက်ဖို့ ကြိုးစားနေတဲ့ ငါးအတွက်ကတော့ အဆင်ပြေတယ်ဆိုတာ အဆင်မပြေတာပါပဲ။





# ဆံရှည်မလေး မရှိတော့ပါ

• နိရောဆာန်

ဆံရှည်မလေး မရှိတော့ပါ

သီတင်းကျွတ်ခါနီးမို့ မိုးတိမ်တွေ လွင့်ပါးစ မိုးကောင်းကင်ဟာ ကျမအတွက် ကျယ်ပြောတဲ့ အိပ်မက်ကြီး လိုပါပဲ။ ကြည်ပြာရောင် မိုးသားထက်မှာ ကျမ သူငယ်ချင်းတွေ ခေါ်လေ့ရှိတဲ့ ဂြိုလ်တုတစ်စင်း (တကယ်တော့ အမြင့်ပျံတဲ့ ဂျက်လေယာဉ် အမျိုးအစား ဖြစ်ပါတယ်။) ဖြတ်သွားတိုင်း မီးခိုးတွေလို အမြီး အရှည်ကြီး ကျန်ရစ်ခဲ့တာဟာ မနေ့ညက မက်ခဲ့တဲ့ အိပ်မက်ကို ဆွဲဆန့်ပြီး တွေးရတာနဲ့တူပါတယ်။ အချိန်တန်တော့ လည်း တွေးရင်းတွေးရင်း နဲ့ အဖြူရောင် အငွေ့တန်းကြီး မြင်ကွင်းထဲကနေ ပျောက်ချင်းမလှ ပျောက်သွားတဲ့ အထိပေါ့..။

ကောင်းကင်က အဖြူရောင် အငွေ့တန်းကိုမြင်တိုင်း ကျမရင်ထဲကို အလိုလိုရောက်လာတဲ့ အကြောင်းအရာ တစ်ခု ရှိခဲ့တယ် ဆိုရင် ကျမဟာ ထိုအကြောင်းအရာ ထဲက အမျိုးသမီး တစ်ယောက်ကို ဘယ်တော့မှ မမေ့နိုင်ဘူးဆိုတာ အသေအချာ ပါပဲ။ သူဟာ ဂြိုလ်တု တစ်စင်း ဖြတ်သွားတိုင်း မီးခိုး ရှည်တွေကို မျှော်လင့်ချက် မျက်လုံးတွေနဲ့ ငေးကြည့်၊ ပုခုံးထက် ရှည်ကျနေတဲ့ ဆံပင်တွေကို လက်နဲ့ထိတွေ့ပြီး 'ဆံပင်တွေ ရှည်ပါစေ'လို့ ဆုတောင်းခဲ့တယ်။

ဆံပင်ရှည်ချင်တဲ့ သူငယ်ချင်းတွေကို သူ့လိုပဲ ဆုတောင်းတတ်ဖို့ ဆုတောင်းနည်းတွေ သင်ပေးခဲ့တယ်။

ကျမသူငယ်ချင်း အချို့လည်း သူနဲ့အတူ ဆုတောင်းခဲ့ဖူးကြတယ်။ အချိန်တန်တော့ ဆံပင်တွေ ညှပ်လိုက် ကြပြီး တိုသွားကြတယ်။ ဆံပင်မညှပ်တဲ့ သူ့အတွက် ကတော့ ဆံပင်ရှည်တွေဟာ သူ့ဆုတောင်းတွေလို့ ဂုဏ်ယူမဆုံး ပြောပြပြန်ပါတယ်။ သူ့လို ဆုမတောင်းတတ်တဲ့ ကျမကိုတော့ သူဘာမှ စောဒကတက်ခြင်း မရှိသလို ကျမကိုယ်တိုင်လည်း သူ့ကို ဘာမှဝေဖန်ခြင်း မပြုခဲ့ပါ။

"ဝါးဖြူမျှစ်ပြုတ်၊ စရစ်ရိုး၊ ဖလံတောင်ဝှေး၊ ဂုန်မင်း"

(၄)တန်းကျောင်းသူဘဝရဲ့ သီတင်းကျွတ် ကျောင်းပိတ်ရက်တွေမှာ ကျမတို့မတွေ့ဖြစ်ဘဲ ဝေးကွာခဲ့ကြတယ်။ အဲ့ဒီ ဝေးကွာခြင်းဟာ စန်းစန်းမြင့်ဆိုတဲ့ ဆံပင်ရှည် အတန်းဖော် တစ်ယောက်ကို စာသင်ခန်းတွေနဲ့ ဝေးစေခဲ့မှန်း သိခဲ့ရင် အဲ့ဒီနှစ်က ကျောင်းရက်ရှည်မပိတ်ဖို့ ကျမဆုတောင်း ဖြစ်ခဲ့မယ် ထင်ပါရဲ့။
ကျောလည်ထိ ရှည်ကျနေတဲ့ဆံပင်တွေကို သားရေပင်နဲ့ နှစ်ခွစည်းထားတဲ့ ခေါင်းရွက်သည်မလေးဟာ ကျမတို့ အိမ်ရှေ့ကနေ ညနေတိုင်းလိုလို ဖြတ်သွားလေ့ရှိပါတယ်။ အုန်းဆီ မထိရတဲ့ ဆံပင်ဟာ နီကြောင်ကြောင် အရောင်စွန်းနေပြီး သူဝတ်ထားတဲ့ ကျောင်းစိမ်းဝတ်စုံဟာ နေ့စဉ် ဝတ်နေကျ တစ်စုံတည်းသော ဝတ်စုံလို့တောင် ထင်မိတယ်။

"သမီးရေ...လာပါဦး"

## ကမ္ဘာမှာ ငါတို့မသိတာတွေ အများကြီးရှိတယ်.... နင်မော့မော့ကြည့်ပြီး ဆုတောင်းတတ်တဲ့ ဂြိုလ်တုတစ်စင်းလို ဟိုး....အမြင့်ကြီးကို ပျံသန်းနိုင်ဖို့ အခွင့်အရေးနဲ့ ခွန်အားတွေရှိရင် သိပ်ကောင်းမှာပဲ။ ငါတို့ သိသင့်သိထိုက်တာတွေအားလုံးကိုသိပြီး ဒီနေရာကို ပြန်လာမယ်။ ဒီလူတွေကို ပြောပြမယ်..။

အမေက ဝါဖြူမျှစ်နှစ်စီးကို ဈေးဗန်းထဲက ရွေးနေတဲ့အချိန်မှာ ကျမက မီးဖိုချောင်ထဲကို ပြေးဝင်ပြီး ပိန္နဲစေ့ပြုတ် ထည့်ထားတဲ့ မြေအိုးလေးကို ဖွင့်လိုက်တယ်။ အမေခွာထားတဲ့ ငှက်ပျောဖူး အပြင်ခွံတစ်ခုကို ယူပြီး လက်တစ်ဆုပ်စာ ပိန္နဲစေ့ ပူပူနွေးနွေးကို ငှက်ပျောဖူးခွံထဲ ထည့်တယ်။ နောက်... ဈေးသည်မလေး အနား ပြန်ပြေးလာပြီး သူ့ကို ပေးလိုက်မိပါတယ်။

"စန်းစန်းမြင့်...ဈေးရောင်းရင်း လမ်းမှာစားသွားနော်။ ငါတို့အိမ်မှာ အများကြီးပဲသိလား။"

ကျောင်းနေ နောက်ကျတာကြောင့် ကျမထက် အသက်ကြီးတာ ဖြစ်ပေမယ့် ရွယ်တူတစ်ယောက်လိုပဲ နာမည် တပ်ပြီး ခေါ်တာကို သူက သဘောကျနေဆဲပါ။
သေချာမကြည့်ရင်တောင် မြင်နေရတဲ့ အဖြူရောင် အင်္ကျီဟာ ဖားဥတွေနဲ့ ညစ်မည်းနေပြီး ထမီအစိမ်းရောင် ဟာ ပါးလျယိုရွဲနေတယ်။ ရှဉ့်မြီးအင်္ကျီ အောက်ဘက်က အိတ်ကပ်လေးဟာ အပြင်ကို ထွက်နေပြီး ဈေးရောင်းရတဲ့ ပိုက်ဆံလေးတွေကို သယ်ဆောင်ထားရပါတယ်။ ရယ်ပြုံးနေတဲ့ မျက်နှာလေးနဲ့ အိမ်ထဲက တစ်လှမ်းချင်းထွက်သွားတဲ့ အတန်းဖော်ကိုကြည့်ပြီး ဖော်ပြလို့ မတတ်တဲ့ ခံစားချက်တစ်ခု စွန်းထင်မိတာတော့ အမှန်ပါပဲ။ သူဘယ်မှာနေသလဲဆိုတာ ကျမမသိသလို သူ့အိမ်မှာ ဘာတွေလုပ်ရသလဲဆိုတာ ကျမ မသိခဲ့ပါဘူး။

စန်းစန်းမြင့် မရှိတော့တဲ့နောက်ပိုင်း ဆံပင်တွေရှည်ဖို့ ဆုတောင်း တတ်တဲ့ အကျင့်လည်း ပျောက်သွားခဲ့သလို ကျမတို့ရဲ့ မုန့်စားဆင်းကျောင်း လွှတ်ချိန်ဟာ ခါတိုင်းထက်တော့ ပိုပြီးတိတ်ဆိတ်သွားခဲ့တယ်။ ကျမဝယ်စား တတ်တဲ့ ကန်စွန်းဥပြုတ်ကို တစ်ဝက်ခွဲကျွေးဖို့လည်း မဖြစ်နိုင်တော့ဘူး။ ကျမဆီက သင်္ချာပုစ္ဆာတွေကို လည်း အလွတ်ကျက်မယ့်သူ မရှိတော့ဘူး။ တစ်ခါတစ်ခါ သတိရရင်တော့ သူ့အကြောင်းတွေကို ရယ်စရာ အဖြစ် ပြန်ပြောတတ်ကြပါတယ်။

တကယ်တော့ ဘဝဟာ ပျော်ရွှင်ရယ်မောစရာတွေနဲ့ စတင်တာ မဟုတ်သလို ကြည်နူးစရာတွေနဲ့ အဆုံးသတ် မယ်လို့ ဘယ်သူကမှ တတ်အပ်ပြောပြထားတာ မရှိပါဘူး။ လွတ်လပ်ပျော်ရွှင်တဲ့ဘဝကို အချိန်ပြည့်ရမယ်ဆို တာလည်း မဖြစ်နိုင်ပါဘူး။ ကစားချိန်မှာ မကစားရဘဲ အိမ်က ကလေးအငယ်လေး တွေကို ထိန်းနေရ သလား...။ သူ့အမေ တောထဲ မျှစ်ချိုးသွားချိန်မှာ မျှစ်ထုပ်ကို မနိုင်မနင်းနဲ့ လိုက်ရွက်ပေးနေရသလား...။ ကျမမသိတဲ့ လောကခံကို ငယ်ရွယ်စဉ်မှာပဲ စတင်ရင်ဆိုင်နေရပါပြီ။

ကျမ အထက်တန်းကျောင်းကို ပြောင်းပြီး ကျောင်းတက်ရတဲ့ အခါ အတန်းဖော် သူငယ်ချင်းတော်တော် များများ ကျောင်းဆက် မတက်ဘဲ အသီးသီး ကျောင်းထွက် ကုန်ကြပါတယ်။ ကျမက အထက်တန်းတက် နေချိန်၊ တချို့တွေက ဘဝရဲ့ အစောပိုင်း အချိန်မှာတင် အိမ်ထောင် ကျသွားကြတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြု တဲ့အခါ ဖြစ်တည်

### တကယ်တော့ ဘဝဟာ ပျော်ရွှင်ရယ်မောစရာတွေနဲ့ စတင်တာ မဟုတ်သလို ကြည်နူးစရာတွေနဲ့ အဆုံးသတ် မယ်လို့ ဘယ်သူကမှ တတ်အပ်ပြောပြထားတာ မရှိပါဘူး။

လာမယ့် အကျိုးဆက်တွေကို သူတို့တွေ လက်ခံ နားလည်ထားကြပြီလား။ ရင်ဆိုင်နိုင်ပါရဲ့လား။ ထိုအထဲမှာ ဆံရှည်မလေး စန်းစန်းမြင့်လည်း သေချာပေါက် ပါဝင်ပါလိမ့် မယ်။

အဲ့ဒီနေ့က ဂြိုလ်တုတွေ မပျံသန်းခဲ့ဘူးတင်ပါရဲ့။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ၊ ၁၉ ရက်နေ့မှာ စန်းစန်းမြင့် သွေးသွန်ပြီး လူ့လောကထဲက ထွက်ခွာသွားခဲ့တယ်။

စန်းစန်းမြင့်ကို ကျမ သိပေမယ့် သွေးသွန်ခြင်းဆိုတဲ့ စကားလုံးကို ကျမ လုံးစေ့ပတ်စေ့ နားမလည်ခဲ့တာဟာ ကျမ သိပ်ညံ့ခဲ့လို့လား။ လူ့လောကရဲ့ ကျင်လည်ဆဲ ၁၈ နှစ်ကာလ မှာ သူမလိုမိန်းမများ ဘယ်နှစ်ယောက် ရှိခဲ့ပြီလဲ ကျမ မသိပါ။

အရပ်အခေါ် 'သွေးသွန်ခြင်း' ဆိုတဲ့ နောက်ကွယ်က စန်းစန်းမြင့် နားမလည်ခဲ့တဲ့ အရာတစ်ခုကို အထက်တန်း အောင်ပြီးတဲ့နောက် ကျမ နားလည်လိုက်ပါတယ်။ မူလတန်း လေးပဲရှိတဲ့ ရွာလေးမှာမို့လို့ ကျမတို့တွေ မသိရတာလား။ သူနာပြုဆိုတာ နပ်မမှန်တဲ့ ရွာဆေးပေးခန်းလေးကပဲ ကျမ တို့ကို သိတတ် နားလည်မှုတွေ မပေးခဲ့တာလား။ အစောကြီး ကျောင်းထွက်သွားရပြီး အချစ်နဲ့ဘဝကို အလဲအလှယ် လုပ်ချိန်မှာ အားနည်း ချက်တွေရှိခဲ့သလား။ မေးခွန်းတွေ အများကြီးနဲ့အတူ မီးခိုးငွေ့တွေ ထင်ရစ်ခဲ့တဲ့ ကောင်းကင်ကို ကျမ ငေးကြည့်မိပါတယ်။

အသက် ၁၅ - ၄၉ နှစ်အတွင်း ၁၀ ရာနှုန်းကနေ ၃၅ ရာနှုန်း သော သေဆုံးမှုတွေထဲမှာ စန်းစန်းမြင့်ဆိုတဲ့ အတန်းဖော်၊ ဆံရှည် မလေးတစ်ယောက်ရဲ့ နာမည်ကို ဘယ်သူမှ မပြောဘဲ ကျမမြင်တွေ့ခဲ့ရတယ်။ အသက်တစ်ချောင်းကို တားမြစ်ခြင်း ကြောင့် အသက်ကို ပေးရတယ်လို့ ပြောမယ်ဆိုရင် လွဲမှား နေတဲ့ အယူအဆတွေ အတွက်ရော ဘယ်အရာနဲ့ ပြုပြင် ပေးထိုက်ပါသလဲ။

ကမ္ဘာမှာ ငါတို့ မသိတာတွေ အများကြီးရှိတယ်။ နင်မော့မော့ ကြည့်ပြီး ဆုတောင်းတတ်တဲ့ ဂြိုလ်တုတစ်စင်း လို ဟိုး.... အမြင့်ကြီးကို ပျံသန်းနိုင်ဖို့ အခွင့်အရေးနဲ့ ခွန်အားတွေရှိရင် သိပ်ကောင်းမှာပဲ။ ငါတို့ သိသင့်သိထိုက်တာ တွေ အားလုံးကို သိပြီး ဒီနေရာကို ပြန်လာမယ်။ ဒီလူတွေကို ပြောပြမယ်..။

တချိန်တုန်းက စန်းစန်းမြင့်ကို ပြောပြခဲ့ဖူးသော စကားတွေ ဟာ ကျမရင်ထဲမှာ ပဲ့တင်ထပ်ရင်း တိမ်မြုပ်သွားပါတယ်။ နည်းလမ်းတကျ သိရှိနားလည်ထိုက်တဲ့ အိမ်ထောင်ပြုမှု နောက်ဆက်တွဲတွေကို ကျမရဲ့ရွာကျောင်း က အတန်းဖော် လေး သိမသွားရှာပါဘူး။ သူ့ဆီမှာ ဆံပင်ရှည်တွေအတွက် မျှော်လင့်ချက်တွေရှိခဲ့သလို ဘဝ အတွက် မျှော်လင့်ချက်တွေ အများကြီး ရှိပါလိမ့်မယ်။ အဲ့ဒီ မျှော်လင့်ချက်တွေဟာ ပျောက်ကွယ် သွားတဲ့ မီးခိုးငွေ့တွေ ဖြစ်ခဲ့ပါပြီ။ ငယ်ရွယ် နုနယ်တဲ့ ဘဝအစမှာ မြင်ကွင်းထဲကနေ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတဲ့ သူမလိုမိန်းမတွေရဲ့ အသက်တစ်ချောင်း စီ အတွက်တော့ နှမြောမိတာအမှန်ပါပဲ။

နိရောဆာန်


*မှတ်ချက်။ ။ ၂၀၁၆ခုနှစ် စစ်တမ်းများအရ အသက်အန္တရာယ် လုံခြုံစိတ်ချမှုမရှိသော ကိုယ်ဝန်ဖျက်ချ ခြင်းကြောင့် မိခင်သေနှုန်းသည် မြန်မာနိုင်ငံ၏ နေရာဒေသများ အလိုက် ၁၀ မှ ၃၅ ရာခိုင်နှုန်း အထိ ရှိပြီး အချို့ နေရာများတွင် ၆၀ ရာခိုင်နှုန်း အထိ မြင့်တက်လျက် ရှိကြောင်း သိရှိရပါသည်။*



SGM အက်ဆေး

# "လူ့တန်ဖိုးဟု ဆိုရာဝယ်"

• တိမ်ညိုသွေး



ပုံပြင်တစ်ခုရဲ့အစမှာ မြင်နေရတဲ့ မြင်ကွင်းတွေက မြင်နေကြ မျိုး မဟုတ်၊ ရှေးခေတ်လက်ရာ အဆောက်ဦး တွေကို မြင်နေ ရသလို နိုင်ငံခြားသားလူဖြူတွေ၊ လူမဲတွေ ကိုလည်း တွေ့နေ ရတယ်။ ထူးဆန်းတာက အားလုံးရဲ့ အဝတ်စား ပုံစံတွေက မြင်မြင်နေကျမျိုး မဟုတ်ဘဲ နိုင်ငံခြား ကားတွေထဲက ရှေးခေတ် ဒီဇိုင်းတွေနဲ့။ သတိထား ကြည့်လိုက် တော့ ...

သူက ဈေးတစ်ခုရဲ့ အနားမှာ။ အဲဒီ ဈေးရဲ့ အလယ်ကောင် ကွက်လပ်တစ်ခုမှာ လေလံပွဲတစ်ခု။ လူတွေကို ငွေ အပြိုင် အဆိုင်ပေးပြီး အရောင်းအဝယ် လုပ်နေ ကြတာကို တွေ့နေရ တယ်။ ဘုရား..ဘုရား..။ အရောင်းခံ နေတာက လူမည်းတွေ။ တစ်ခါမှ တစ်သက်နဲ့တစ်ကိုယ် ခုလို လေလံပွဲ မမြင်ဖူးတော့ သူအံ့ဩ ဆွံ့အ နေမိတယ်။

ဘေးဘီဝဲယာကို ကြည့်မိတော့ မိန်းကလေးတစ်ယောက်...။ မျက်ဝန်းထဲမှာ မျက်ရည်စတွေ အပြည့်နဲ့ တစ်ခုခုကို စိုးရိမ် ထိတ်လန့်နေတဲ့ ပုံစံမျိုး။ သေချာ ကြည့်လိုက်တော့မှ လက်တွေ ခြေထောက်တွေမှာ ကြိုးတွေဆွဲလို့ အရောင်းခံရဖို့ ရောက်နေတဲ့ လူမည်း မိန်းခလေးတစ်ယောက်၊ အို.. သနား စရာ ကောင်းပါပေ့၊ အလွန်ဆုံးရှိမှ ၂၀ ပတ်ဝန်းကျင် မိန်းမပျို လေး တစ်ယောက်။

တစ်အောင့်လောက် ကြာတော့ အဲဒီမိန်းခလေးငယ်ကို ရှေ့ထွက် ခိုင်းပြီး လေလံဈေး စခေါ်တော့တယ်။ လေလံဈေး စခေါ်တဲ့ ခဏအတွင်းမှာပဲ မိန်းခလေးက ရှိုက်ပြီး ငိုလိုက် တယ်။ ကြောက်ရွံ့ခြင်းနဲ့ ရှက်ရွံ့ခြင်းတွေ ရောယှက် နေတဲ့ မိန်းမပျိုလေး တစ်ယောက်၊ လူပုံအလယ်မှာ အားကိုး ရာမဲ့ ငိုယိုနေတာကို ကြည့်ရင်း သနားမိတယ်။ သူ့အနေနဲ့ လည်း ဘာမှ ကူညီပေးနိုင်တဲ့ အခြေအနေ မရှိ။ ဘယ်လိုမှ ဆက်ပြီး ကြည့်နေနိုင်ဖို့ သူ့မှာ အင်အားမရှိတော့ဘဲ သူလှည့်ထွက် လာမိတယ်။

"တောက်"

သူစိတ်မကောင်းလည်းဖြစ် ဒေါသလည်း ထွက်ရင်း တောက် တစ်ချက် ခေါက်မိတယ်။ လူတွေကို အချင်းချင်းရောင်းဝယ် ကျွန်ပြုနေတာကို မြင်ရတာ သူဘယ်လိုမှ လက်ခံပေးလို့ မရ။

ဒါပေမယ့် သူ့စိတ်ထဲမှာ ဒီမိန်းခလေးကို ဘယ်သူဝယ်သွားလဲ ဆိုတာကို သိချင်တဲ့အတွက် သူလေလံပွဲကို ပြန်လှည့်လာ မိတော့ လေလံပွဲက ပြီးနေပြီ။

လေလံ ပွဲရဲ့အလယ် ကွက်လပ်မှာ ကောင်မလေးတစ်ယောက် မတ်တပ်ရပ်ပြီး တစ်ယောက်ယောက်ကို ရှာနေသလိုမျိုးနဲ့ လှမ်းကြည့် နေတယ်။ အို... ခုနက မိန်းခလေးပါလား။ သူရင်တွေ တုန်ပြီး ကိုယ့်အတွေးနဲ့ကို ဝမ်းသာမိတယ်။ ဒီ မိန်းခလေးကို ဘယ်သူမှ မဝယ်ခဲ့ပါလား။
မိန်းခလေးက သူ့ဆီကို လျှောက်လာရင်း စာရွက်လေး တစ်ရွက်ကို လှမ်းထိုးပေးတယ်။

"အကို . . ကျွန်မကို ဝယ်သွားတဲ့ အရှင်ကို တွေ့မိပါသလား၊ ဒီစာရွက်ပိုင်းကို ပေးပြီး ထွက်သွားလို့ပါ"

ဘယ်လို. . . သူ့နားကိုတောင် သူမယုံချင်။ ဝယ်သွားတဲ့သူကို ရှာနေတာတဲ့။ ကြည့်ရတာ မိန်းခလေးက စာဖတ်တတ်ဟန် မတူပါ။

သူ မိန်းခလေး ပေးသော စာရွက်ကို ယူပြီး အသံထွက် ဖတ်ပြလိုက်တယ် ။
"မင်းကို ဒီနေ့ကစပြီး လွတ်လပ်ခွင့်ပေးလိုက်ပြီ။ မင်းသွား လိုရာ သွားနိုင်တယ် " တဲ့။

သူစာကိုဖတ်ရင်း တစ်ပြိုင်နက်တည်းမှာ လွတ်လပ်တော့မယ့် မိန်းခလေးအတွက် ဝမ်းသာမိသလို သနားကြင်နာ စိတ်ရှိသော ဝယ်သွားသူအတွက်လည်း ဂုဏ်ယူမိတယ်။ သူဖတ်ပြီးတဲ့ အခါမှာတော့ မိန်းခလေးက အံ့သြဟန်နဲ့ တွေတွေကြီး ရပ်နေတယ်။ ပြီးမှ ရှိုက်ကြီးတငင် ငိုကြွေးတော့တယ်။

အို . . ဝမ်းသာလို့ ငိုတဲ့မျက်ရည် . . . ငိုပါစေလေ။

ဒါပေမယ့် မိန်းခလေးက ငိုရင်းနဲ့ ဆက်ပြောတဲ့ စကားကြောင့် သူအံ့သြတုန်လှုပ် မိတယ်။

"ကျွန်မကိုဝယ်သွားတဲ့သူ ကို တွေ့အောင်ရှာပေးပါရှင်။ သူ့ဆီမှာပဲ ကျွန်မတစ်ဘဝလုံးကျွန်ခံပါရစေ ။ သူက ကျွန်မကို လွတ်လပ်ခွင့်ပေးတဲ့သူပါ"


"ဘယ်လို . . . ဘုရား . . . ဘုရား" ။

ပုံပြင်တစ်ခုရဲ့ အဆုံးမှာ နာရီကို ကြည့်မိတယ်။ အချိန်က ည နှစ်ချက်တီး။ ဆောင်းတွင်းအိမ်မက်က ကယောက်ကယက်နဲ့ သူ့ကို ရသမျိုးစုံပေးသွားလေရဲ့။

တိမ်ညိုသွေး

ည ၃ နာရီ၊ ၅ ရက် ၂၀၁၈။


"ကျွန်မကိုဝယ်သွားတဲ့ သူကို တွေ့အောင် ရှာပေးပါရှင်။ သူ့ဆီမှာပဲ ကျွန်မတစ်ဘဝလုံး ကျွန်ခံပါရစေ။ သူက ကျွန်မကို လွတ်လပ်ခွင့် ပေးတဲ့သူပါ"




ငြိမ်းချမ်းရေးကို တည်ဆောက်ချင်ရင်တော့ ကိုယ့်မိတ်ဆွေတွေနဲ့သာ စကားပြောနေရမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ဆန့်ကျင်ဘက်က ရန်သူတွေနဲ့ စကားပြောရမှာပါ။

ဒက်စမွန် တူးတူး (နိုးဘယ်ဆုရှင်)

# နိုင်ငံတကာ စာအုပ်အညွှန်း




## • ကိုစိုး (ရွှေကြူ)

နိုင်ငံတကာ စာအုပ်အညွှန်း

စာချစ်သူတို့ရေ

လတ်တလော ကျွန်တော်ဖတ်မိထားတဲ့ စာအုပ် လေးတစ်အုပ်အကြောင်း မျှဝေချင်တာနဲ့ ဒါလေးကို ကျွန်တော် ကြိုးစားပြီး ရေး ဖြစ်ခဲ့ပါ တယ်။ စာချစ်သူ တို့လည်း စာအုပ်ကောင်းများစွာကို ဖတ်ဖူးကြ တဲ့သူတွေဆိုတာ ယုံကြည်ပြီးသားပါ။ သို့ပေမဲ့ လည်း အခု ကျွန်တော် ပြောပြမယ့် စာအုပ်လေးကတော့ မူရင်း အင်္ဂလိပ်ဗားရှင်း အတိုင်း မြန်မာပြည်မှာ ဖြန့်ဖြူး ရောင်းချထားခြင်း မရှိသေးတာရယ်၊ ဘာသာပြန်စာအုပ်အဖြစ်လည်း ထုတ်ဝေ ထားခြင်း မရှိသေးတာရယ်တို့ကြောင့် မိတ်ဆွေတို့ အနေနဲ့ အခု လတ်တလော မှာ တော့ ဒီစာအုပ်ကိုဝယ်ပြီး ဖတ်နိုင်ဖို့ အခွင့် ရေးတော့ နည်းနေပါလိမ့်မယ်။ ကျွန်တော် တော့ဖြင့် မိတ်ဆွေ တစ်ယောက် သီရိလင်္ကာမှ အပြန် ယူလာ ပေးလို့ ကံကောင်းစွာ ဖတ်ခွင့်ရခဲ့ပါတယ်။

ကျွန်တော် ဖတ်မိထားတဲ့ စာအုပ်ကောင်း လေးတစ်အုပ်ကတော့ ယနေ့ခေတ်ကမ္ဘာ့ အကျော် အမော် စာရေးဆရာထဲက တစ်ယောက် ဖြစ်တဲ့ Pramudith D Rupasinghe ရဲ့ Bayan (ဘယန်း) ဆိုတဲ့ စာအုပ်လေး တစ်အုပ်ပါပဲ။ ဘယန်းဆိုတဲ့ စကားလုံး အသုံးနှုန်းဟာ အင်္ဂလိပ် ဘာသာစကားတစ်မျိုးုးမဟုတ်ဘဲ ခေတ်ဟောင်းရုရှား (ဆိုဗီယက်ခေတ်) ဘာသာ စကားအသုံးအနှုန်း တစ်ခုသာဖြစ်ပါတယ်။ ဘယန်းဆိုတာ ရုရှားရိုးရာ ဂီတတူရိယာ တစ် မျိုးရဲ့ အမည်ပါ။ အကော်ဒီယံနှင့် အရမ်းဆင် တူလှတဲ့ အတွက် အလွယ်ဆိုရရင် အကော်ဒီ ယံလို့လည်း ခေါ်ချင် ခေါ်နိုင်ပါတယ်။

ဒီစာအုပ်လေးဟာ အချစ်၊ အကြမ်း၊ အလွမ်း ကဲ့သို့သော ခံစားမှု သီးသန့်များနှင့်သာ ဖွဲ့စည်းထားသည့် ဇာတ်လမ်းမျိုးသာ မဟုတ်ပါဘူး။ လူ တစ်ယောက် ဇာတ်ကောင်တစ်ယောက်ရဲ့ ဘဝ တစ်ခု၊ အသက်ရှုယ် အဆင့်ဆင့် အလိုက် ဇာတ်လမ်း အနိမ့် အမြင့်များကို စည်းချက်မှန် မှန်နဲ့ ရသမျိုးစုံ စုဖွဲ့ထားတဲ့ စာအုပ်ကောင်း လေး တစ်အုပ်လို့ ဆိုချင်ပါတယ်။

ဇာတ်လမ်း ဇာတ်အိမ်ကို တော့ဖြင့် ဆိုဗီယက် ပြည်ထောင်စုကြီး ပြိုကွဲပြီးစအချိန် ဆိုဗီယက် ပြည်ထောင်စု အဖွဲ့ဝင်နိုင်ငံတွေနဲ့ အထူးသဖြင့် ရုရှားနဲ့ ကပ်လျက်တည်ရှိနေတဲ့ ယူကရိန်းနိုင်ငံသူ နိုင်ငံသားများ၊ ရုရှား နယ်စပ်ဒေသမှ ပြည်သူများ အပေါ် ဆိုဗီယက် ယူနီယမ် ပြိုကွဲသွားခြင်း၏ ဆိုးကျိုးများ ကြီးမားစွာ ရိုက်ခတ်ခံခဲ့ရ ပုံများကို အခြေတည်ထားပါတယ်။ အဲ့ဒီ နောက်ခံအခြေ အနေမှာ ဇာတ်လမ်းရဲ့ တစ်ခုတည်းသော အမျိုးသား ဇာတ်ဆောင်ဖြစ်သူ အီဝန် နီကိုလာယေဗစ်ချ် ရဲ့ ဘဝဇာတ်ခုံ ကခဲ့ရပုံ အမျိုးမျိုးကို ကျစ်လစ် သိပ်သည်း လှသည့် ကလောင်စွမ်းဖြင့် ရေးသားသီကုံး ခံစားတင်ပြထား ပါတယ်။

ဒီစာအုပ်ကို ဖတ်လိုက်ပြီး တဲ့အချိန်မှာ ကျွန်တော့်ကိုယ်ကျွန်တော်ပြန်ပြီး သုံးသပ် ကြည့်မိတယ်။ ငါဘာတွေ ရလိုက်လဲ၊ နားလည် လိုက်လဲပေါ့ဗျာ။ စာအုပ် တစ်မျိုးစီတိုင်းမှာ ခံစားမှု အမျိုးမျိုးနဲ့ သုတ အမျိုးမျိုးကို နည်းမျိုးစုံနဲ့တော့ ပေးစွမ်းတတ်ကြ တာပါပဲ။ သို့သော် အခု ဒီစာအုပ်ကတော့ဖြင့် အနည်းငယ်မျှ ထူးခြားနေသလို ရှိလှပါတယ်။ ဖြစ်ရပ်မှန်၊ နေရာမှန်၊ အချိန်မှန် စသည်ဖြင့် ဖြစ်ရပ်အမှန်ဇာတ်ကြောင်းများကို ရေးသား ထားသည်ဟု အလွယ်တကူပင် စဉ်းစား လက်ခံနိုင်သည့် စာ အုပ်တစ်အုပ်ဖြစ်ပါတယ်။ ဒါပေမယ့် ဖြစ်ရပ်မှန် သပ်သပ်ကို ရေးပြရုံတင်မဟုတ်ပါဘူး။ ရေးသားထားသည့် စကား လုံးများနှင့် ဖော်ညွှန်းထားသည့် (နစ်မြုတ် နေတဲ့) နက်နက်ရှိုင်းရှိုင်း အဓိပ္ပါယ်များ၊ တင်ပြချင်တဲ့ အတွေးအခေါ် များကြောင့် အမြန်ဖတ်၊ အမြန်ပြီးလို့ရတဲ့ စာအုပ်တစ်အုပ် တော့ မဖြစ်ခဲ့ပါဘူး။ ဇာတ်လမ်းထဲမှာ ထည့်သွင်းထားတဲ့ ဇာတ်ကောင် အရေ အတွက်ဟာ ပြောပ လောက်အောင် မများလှပေမယ့် ဇာတ်ကောင် တစ်ယောက် ချင်းစီ တိုင်းရဲ့ ဇာတ်လမ်းအတွက် အရေးပါမှု ကိုလည်း သိသာမြင်သာ လောက်အောင် ကောင်းမွန်စွာ ဖော်ကျူးထားပါတယ်။


အီဝန် နီကိုလာယေဗစ်ချ် ဆိုတဲ့ ဇာတ်ဆောင် တစ်ယောက်ကို ဗဟိုပြုပြီး သူ့နဲ့ နည်းမျိုးစုံစွာ လာပြီး ပတ်သတ်ရတဲ့ အမျိုးသမီးတွေရဲ့ အဖြစ်အပျက်ကို တင်ပြပါတယ်။ အဲ့ဒီကနေ တဆင့် အိမ်ထောင် အဆက်ဆက်နဲ့ ရရှိလာတဲ့ သားသမီး မျိုးဆက်တွေ အကြားက နီးလိုက်ဝေးလိုက် ဘဝများ၊ အခြေအနေ များကို စီကာပတ်ကုံး ပြောပြထားပါတယ်။ ဘဝဇာတ်ခုံ နိမ့်တုံမြင့်တုံ ကြားမှာ ရှိသမျှကို ရောင့်ရဲတန်ဖိုး ထားတတ်သူ၊ ကျန်းမာ ကြံ့ခိုင်သူ တစ်ယောက်အဖြစ် အီဝန်ကို မြင်ရပါတယ်။ ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲခြင်း ကြောင့်ရလာတဲ့ သောက၊ ဒုက္ခမျိုးစုံကို ယောကျ်ားကောင်း တစ် ယောက်ပီပီ အကောင်းဆုံး ကြိုးစားဖြေရှင်း ရသူ တဖြစ်လဲ ရုန်းကန်မှု၊ စိန်ခေါ်မှုအပြည့်နဲ့ ဘဝကို ရင်ဆိုင် ခဲ့သူ၊ ဇနီး အလိုကျ သားသမီးတွေ အလိုကျ မိမိရဲ့ ဘဝကို စတေးပေးဆပ်နိုင်ခဲ့သူ၊ ခံစားမှုတွေကို ချေဖြတ်နိုင်ခဲ့သူ အီဝန်ဆိုတဲ့ လူပီသတဲ့ လူသား တစ်ယောက်ကို ငေးမော မိစေပါတယ်။ ကိုယ်သာဆိုရင် သူ့လို လုပ်နိုင်ပါ့မလား စသဖြင့် အတွေးပွားစေ ပြန်ပါတယ်။ ခံစားရတိုင်း၊ ဝမ်းနည်းတိုင်း၊ ပျော်ရွှင်ရတိုင်း၊ အခက်ခဲများနဲ့ ရင်ဆိုင်ရတဲ့ အခါတိုင်း အရာအားလုံးကို သူ့ရဲ့ “ဘယန်း” လို့ခေါ်တဲ့ အကော်ဒီယံရဲ့ စည်းချက်တွေနဲ့ပဲ မျှောပစ်ခဲ့တဲ့ အီဝန် နီကိုလာယေဗစ်ချ်ဆိုသူ အင်ဂျင်နီယာ တစ်ယောက်ဟာ အတုယူအားကျစရာလား မေးမိပါတယ်။

အထီးကျန်ခြင်း အပြည့်နဲ့ ဘဝရဲ့ အချိန်ကာလတွေကို ဘယန်းနဲ့ပဲ ကုစား ကုန်လွန် နိုင်ခဲ့သူ တစ်ယောက်ထံကို သူ့အသက် ၇၀ ထဲ ရောက်ကာမှ လိပ်စာလေး တစ်ခု၊ မှတ်တမ်းစာအုပ်လေး တစ်အုပ်က မမျှော်လင့်ဘဲ ရောက်လာခဲ့ပါတယ်။ ဘယ်သူ ဘယ်ဝါမှန်း မသိရတဲ့ နိုင်ငံခြားသား သူစိမ်း လူငယ်လေးတစ်ယောက်က ကောက်တွေ့ပြီး ပေးပို့လိုက်တာပါ။ အဲ့ဒီ လူငယ်လေးရဲ့ သိချင်၊ စူးစမ်းချင်မှုများနဲ့ အီဝန်တို့ အကြားက အပြန်အလှန်ပြော စကားများနဲ့ ဇာတ်အိမ်ကို တည်ဆောက်ထားပါတယ်။ ပြောင်မြောက်တဲ့ ရေးသား ဖန်တီးမှု အောက်မှာ ဖန်သားပြင်ထက် ကြည့်ရသည်ထက်ပင် ရှင်းလင်းသည့် ခံစားမှုမျိုးကို ပေးစွမ်း နိုင်တဲ့ စာအုပ်တစ်အုပ်လို့ပြောရင် လွန်မယ်မထင်ပါ။

ဒီစာအုပ်လေးဟာ အချစ်၊ အလွမ်းများ၊ အကြမ်းအရမ်းများကိုသာ စိတ်ဝင်စား ကြသူများနဲ့ အချိန်ပေးနိုင်မှု အားနည်းသူ၊ စာအုပ် တစ်အုပ်ကို အမြန်ဖတ်၊ အမြန်ပြီးချင်သူတို့အတွက် မဟုတ်ဘဲ တစ်ခန်းဖတ်၊ တစ်ကြောင်းဖတ်ပြီးရင် အချိန်တစ်ခဏယူပြီး အေးအေးလူလူတွေး သင့်တဲ့ စာမျိုးပါ။ **မိမိဘဝနှင့် ယှဉ်ကာ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်နိုင် မည်ဆိုလျှင် အလွန် ကောင်းမွန်သည့် semi-fiction စာအုပ် မျိုး လို့ ဆိုနိုင်ပါမယ်။** ဒါ့ကြောင့် Bayan (ဘယန်း) ဆိုတဲ့ ဒီစာအုပ်ကောင်းလေးတစ်အုပ်ကို ကျွန်တော့် မိတ်ဆွ စာချစ်သူတို့လည်း အခန့်သင့် အခွင့်ကြုံလျှင် ဖတ်ရှုနိုင်ကြဖို့အတွက် ညွှန်းလိုက်ပါတယ်။ [amazon website](amazon website) တွင် လည်းရနိုင်ပါတယ်။

# ပြည်တွင်း စာအုပ်အညွှန်း - SGM အယ်ဒီတာများ

## ငြိမ်းချမ်းခဲ့သော နေ့ရက်များသို့






တကယ်တော့ ငြိမ်းချမ်းရေးနဲ့ ပတ်သတ်တာတွေ ဖတ်ရရင် စိတ်နှလုံး ငြိမ်းအေးမှုကို ခံစားရသင့်တာပါ။ ဒါပေမယ့် ကိုယ့်ပြေကိုယ့်မြေမှာတော့ ငြိမ်းချမ်းရေးအကြောင်း ပြောရင်ကို ပြဿနာဖြစ်စရာ စိုးထိတ်ရတဲ့ အခြေအနေပါ။ မတည့်တဲ့လူတွေရဲ့ အမုန်းတရားမီးတွေကြားမှာ ကိုယ့်ရဲ့ ငြိမ်းချမ်းရေး ရေစင်လေးဟာ ဘာမှ အရာမရောက်သလိုပါပဲ။ ဒီလို အရာမထင်သေးမှန်း သိပေမယ့် ငြိမ်းချမ်းရေးကို အထပ်ထပ် ရွတ်ဖတ်ရင်း လှုပ်ရှားရုန်းကန် နေရတာကိုက ငြိမ်းချမ်းရေးကို ချစ်သူတွေရဲ့ ဘဝပါပဲ။

အခု ဒီစာအုပ်ဟာလည်း ဖတ်ရတာ သက်တောင့်သက်သာ မရှိပါဘူး။ အလှရသ တွေနဲ့ တန်ဆာဆင်ထားတဲ့ ဝတ္ထု ဇာတ်လမ်းမဟုတ်တဲ့ တကယ့် ဘဝထဲက တကယ့်လူသား တွေရဲ့ မငြိမ်းချမ်းတဲ့ ကာလမှာ ငြိမ်းချမ်းခဲ့ခြင်းတွေကို ပြန်လည် တမ်းတ မျှဝေထားချက်တွေမို့ပါပဲ။
ဒီစာအုပ်ထဲက ဘဝမှန်တွေရဲ့ ပျောက်ဆုံးသွားတဲ့ community spirit ဆိုတာ ဘာလဲ မြင်ရတယ်။ လူတွေ ဘယ်လို ပြန်လည် တမ်းတနေကြသလဲ ကြားရတယ်။ လူတွေ ဘယ်လို ပြည်လည်တည်ဆောက် နေကြသလဲ တွေ့ရမယ်။

ဖြူဖြူသီ၊ မက်သယူး ရှစ်ဆလာနဲ့ မက်သယူ ဂျေ ဝေါ်တန် ဆိုတဲ့ သုတေသီသုံးယောက်က ပေါင်းပြီး မှတ်တမ်း ပြုစုထားတဲ့ သက်ရှိနှုတ်စကား (oral narrative) တွေကို စမ်းစမ်းနွဲ့ (သာယာဝတီ)၊ မသီတာ (စမ်းချောင်း)၊ မင်းကိုနိုင်၊ နေဘုန်းလတ်၊ ဟန်ဆန်း နဲ့ မောင်ဆောင်းခတို့ရဲ့ သုံးသပ် တင်ပြချက်တို့နဲ့ ပေါင်းစပ်ထားပါတယ်။

"လူသားဆန်တဲ့ စိတ်ကို လွှင့်ပစ်နိုင်ချိန်ဟာ လူသားတွေ အုပ်စုဖွဲ့ချိန် ဖြစ်နေတယ်လို့ ခံစားမိပါတယ်။ . . ဘာပဲဖြစ်ဖြစ် လူသားဆန်မှုကိုတော့ လက်မလွှတ်လိုက်ကြပါနဲ့နော် " မသီတာ(စမ်းချောင်း)

"အပြာရောင် သမ်းခဲ့သော နှုတ်ပြော သမိုင်းတွေကို မှတ်တမ်းတွေအဖြစ်နဲ့ သာမကဘဲ ပြန်လည် ရှင်သန်လာအောင် လုပ်ကြမှသာ ကျွန်တော်တို့ နိုင်ငံ တကယ် ငြိမ်းချမ်းလာမယ် ဆိုတာကို အခိုင်အမာ ယုံကြည်ရင်း"

(နေဘုန်းလတ်)

ဒီစာအုပ်ကို ဖတ်ပြီး မေးခွန်းတစ်ချို့ ကျန်ခဲ့ပါတယ်။ ငါတို့ အမှန်တကယ် ကောင်းတဲ့ အတိတ်ကိုပဲ အမှတ်ရနေကြသလား။ ဆိုးတဲ့အတိတ်၊ နာကျင်ရတဲ့ အတိတ်တွေကိုရော မှတ်မိမနေဘူးလား။ တကယ်လို့ မကောင်းတဲ့ အတိတ် ဒဏ်ရာတွေကို မှတ်မိနေခဲ့ရင် ဘယ်လို မေ့ဖျောက်ပြီး လုတဲ့ အနာဂတ်ကို ဦးတည်ဖို့ ကြိုးစားနိုင်ကြမလဲ။ စာဖတ်သူ အတွက်တော့ စာအုပ်ရဲ့ နောက်ဆုံး စာမျက်နှာ နောက်ဆုံး စာကြောင်းမှာ ဖော်ပြထားတဲ့ မေးခွန်းလေး မေးရင်း ဆက်တွေးဖို့ ချန်ထားခဲ့ပါမယ့်။

**"မြန်မာပြည်သူများ အနေဖြင့် ငြိမ်းချမ်းမှုလွှမ်းသည့် အနာဂတ်တစ်ခုကို ဖန်တီးနိုင်မည်လား ဆိုသည့် မေးခွန်းကို အလေးအနက် စဉ်းစားကြရန်ပင် ဖြစ်သည်။"**

ငါတို့ စာပေမှ ၂၀၁၈ ဇူလိုင်တွင် ထုတ်ဝေပြီး တန်ဖိုး ၃၀၀၀ ကျပ်။

# ဂျူဗလီဟော မြင်ကွင်း - တိုက်စိုး

စာအုပ်အညွှန်းဆိုလို့ ညွှန်းချင်မိတဲ့စာအုပ်က ဆရာတိုက်စိုး ရေးသားသော ဂျူဗလီဟော မြင်ကွင်း ဆိုသည့် စာအုပ်ဖြစ်ပြီး ဂျူဗလီဟော စတင်ဖြစ်မြောက်ရာမှ စတင်၍ ဂျူဗလီဟော၏ အဆုံးအထိ ပါဝင်သည်ကို တွေ့ရှိရသည်။

သမိုင်းဓာတ်ပုံများ၊ အကိုးအကား အထောက်အထားများဖြင့် ပြည့်စုံသလောက် ပြည့်စုံသောစာအုပ်ဟု ဆိုရပေမည်။ မည်မ ပြည့်စုံသည်ကိုတော့ ကျွန်တော့ဉာဏ်ဖြင့် မမှန်းဆတတ်ပါ။ ဖတ်၍သာ ဆင်ခြင်သုံးသပ်ပါဟူ၍ ပြောပါရစေ။

ဂျူဗလီဟောသည် အများဆိုင် အဆောက်အုံဖြစ်ပြီး မင်္ဂလာဆောင်၊ လူထုအစည်းအဝေး၊ ဟောပြောပွဲ၊ ပြပွဲ ကပွဲ စသည်တို့ကို ပြည်သူဘက်ကရော အစိုးရဘက်ကပါ မကြာခဏ ကျင်းပခဲ့ကြပြီး အဆောက်အအုံမှာ မြူနီစီပါယ် အုပ်ချုပ်ရေးအောက်တွင် ရှိကြောင်း၊ ၁၉၅၂တွင် အစိုးရပိုင် ဖြစ်လာပြီး ပြည်သူဘက်က လုပ်ငန်း ဆောင်တာများ နည်းပါးသွားကြောင်း၊ များလှသော ပွဲလမ်းသဘင်များ ရှိခဲ့ကြပြီး မြန်မာ့ လူမှုရေး စီးပွားရေး နိုင်ငံရေးသမိုင်း၏ သရုပ်သဏ္ဍာန်လည်း ဖြစ်ကြောင်း အမှာစာတွင် ဖော်ပြပါရှိလေသည်။

အခန်းပေါင်း (၁၄)ခန်းနှင့် မှတ်စု (၁)ခန်း စုစုပေါင်း (၁၅)ခန်း ပါရှိပြီး လေ့လာမှတ်သားစရာ ဖတ်ရှုစရာ စာအုပ် တစ်အုပ် ဖြစ်ကြောင်းကိုတော့ ထောက်ခံပါရစေ။

နှစ်ကာလများ စာအုပ်တိုက်မှ ပထမ၊ ဒုတိယနှင့် တတိယအကြိမ် အဖြစ် ၃ ကြိမ်ထုတ်ဝေထားပါတယ်။




# သွေး - ဂျာနယ်ကျော်မမလေး





ရသ စာပေ စစ်စစ်တွေကို ချစ်မြတ်နိုးတဲ့သူတွေအတွက် ရသစာပေကောင်းတစ်ခုကို ညွှန်းဆိုချင်ပါတယ်။ စာအုပ်က ပါးပါးလေးနဲ့ ပေါ့ပါးဟန်ရှိပေမယ့် စာအုပ်ထဲက ဇာတ်လမ်းက စာရှုသူများရဲ့ ရင်အစုံကို ရသပေါင်းစုံနဲ့ လှုပ်ခပ်စေပါလိမ့်မယ်။ ဒုတိယ ကမ္ဘာစစ်နောက်ခံ သမိုင်းကြောင်းနဲ့အတူ စစ်ပြီးခေတ်ကာလ အဖေတူ အမေကွဲ မောင်နှမ နှစ်ယောက်ရဲ့ သံယောဇဉ်ကို အပီအပြင် ရေးဖွဲ့ထားပြီး ဂျပန်မြန်မာ ချစ်ကြည်ရေးကို ဦးတည်ထားတဲ့ ဒီစာအုပ်ဟာ ဂျပန်ဘာသာစကားနဲ့ပါ ဘာသာပြန်ထုတ်ဝေထားခြင်းကိုပါ ခံထားရပါတယ်။ မောင်နဲ့ နှမမေတ္တာကို အပီအပြင် ဖွဲ့နွဲ့မှုတွေနဲ့အတူ စစ်ရဲ့ဆိုးကျိုးကြောင့် နောက်ဆက်တွဲ ပြဿနာတွေကိုပါ မီးမောင်းထိုးပြ ထားတာကြောင့် ရသစာပေကို ချစ်မြတ်နိုးသူတွေ အတွက် မဖတ်မဖြစ် ဖတ်သင့်တဲ့ စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါတယ်။

စာအုပ်ကို ဆဌမအကြိမ်ထိ ထုတ်ဝေထားပြီး နောက်ဆုံး တစ်ကြိမ်ကို ကံကော်ဝတ်ရည် စာအုပ်တိုက်က ထုတ်ထားပါတယ်။ စာအုပ် နာမည်က သွေး ဖြစ်ပြီး ဆရာမကြီး ဂျာနယ်ကျော်မမလေးက ၁၉ ၇၃ ခုနှစ်က ရေးသားခဲ့ကာ ဆရာမကြီးရဲ့ အအောင်မြင်ဆုံးထဲက စာအုပ်တစ်အုပ် ဖြစ်ပါတယ်။

SGM ဘာသာပြန်

# ကလန်ပတ္တိ

• ဝင်းသူည





## မနက်စောစော လမ်းလျှောက်တတ်တဲ့အဖေ

*(အိန္ဒိယ၏ ၁၁ ယောက်မြောက် သမ္မတဖြစ်ခဲ့သော သိပ္ပံပညာရှင်၊ ဟင်ဒီကြီးစိုးတဲ့ တိုင်းပြည်က မွတ်စလင် သမ္မတ အဘ်ဒူကလန်၏ ကိုယ်ရေး အထုပ္ပတ္တိ စာအုပ်မှ ကောက်နှုတ်ပါသည်)*

ကျွန်တော့်အဖေ ဂျိန်းနုလတ်ဒင်ဟာ မနက် ၄နာရီလောက်ကတည်းက အိပ်ရာက ထလေ့ရှိတယ်။ အိမ်မှာ ဘယ်သူမှ မနိုးခင် သူနိုးနေပြီ။ အရုဏ်တက်ချိန်မှာ သူဘုရားရှိခိုးမယ်။ ပြီးရင် သူ့ရဲ့ ကိုယ်ပိုင် အုန်းတောဆီ လမ်းလျှောက်ထွက်မယ်။ ဒါက အဖေရဲ့ တစ်နေ့တာနိဒါန်းပေ့ါ။

ကျွန်တော်တို့က တာမဲလ်နာဒူး ပြည်နယ်ထဲက ရမ်ဆွာရံဆိုတဲ့ ကျွန်းမြို့လေး တစ်မြို့မှာ နေကြတာပါ။ အိန္ဒိယနိုင်ငံရဲ့ အရှေ့ဘက် ကမ်းရိုးတန်း ဒေသတွေထဲက တစ်ခုဖြစ်တဲ့ အတွက် ကျွန်တော်တို့မြို့မှာ မနက်မိုးလင်းတာ စောပါတယ်။ မြို့သူမြို့သားတွေရဲ့ တစ်နေ့တာ အချိန်ဇယားဟာလည်း နေဝင်ချိန်၊ နေထွက်ချိန်နဲ့ ပင်လယ် ရေလှိုင်းတွေကို အခြေခံပြီး ရေးဆွဲထားတယ်လို့ ဆိုနိုင်ပါတယ်။

ပင်လယ်လှိုင်းပုတ်သံတွေနဲ့ မြို့သူမြို့သားတွေရဲ့ ဘဝကို ခွဲခြားလို့ မရနိုင်ပါဘူး။ မုတ်သုံရာသီမှာဆိုရင် လေမုန်တိုင်းတွေ၊ ဆိုင်ကလုန်းတွေကလည်း ပုံမှန်ဆိုသလို ကြမ်းကြမ်းတမ်းတမ်း ဝင်ရောက်တတ်ပါသေးတယ်။

ကျွန်တော်တို့ မိသားစုက ထုံးကျောက်တွေ၊ အုတ်တွေနဲ့ ၁၉ ရာစုလောက်က ဆောက်လုပ်ထားတဲ့ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်တဲ့ တိုက်အိမ်ကြီးမှာ နေကြပါတယ်။ ကျွန်တော်တို့ အိမ်က ခမ်းနားထည်ဝါမှု သိပ်မရှိပေမယ့် ချစ်ခြင်းမေတ္တာကြောင့် သာယာနေတဲ့ သီရိဂေဟာလေး တစ်ခုပါ။ အဖေရဲ့ အလုပ်က လှေတွေကို ပြုပြင်တည်ဆောက်တဲ့ လုပ်ငန်းပါ။ ဒီလုပ်ငန်းအပြင် ကျွန်တော်တို့အိမ်နဲ့ ၄ မိုင်လောက် ဝေးတဲ့ နေရာမှာ အုန်းတောလေး တစ်ခုကိုလည်း ပိုင်ပါတယ်။ အဖေမနက်တိုင်း လမ်းလျှောက်ထွက်တာ အဲဒီအုန်းတောလေး ဆီကိုပါ။ အဖေက လမ်းလျှောက်တာကို ဘယ်တော့မှ အပျက်မခံပါဘူး။ မနက်စောစော ပထမဆုံး အိမ်နားက ဝတ်ပြုကျောင်း လမ်းပေါ်ကို ထွက်မယ်။ ဝတ်ပြုကျောင်း လမ်းက မူဆလင် ရပ်ကွက်မှာထဲမှာ ရှိပြီး ကျွန်တော့်တို့ မြို့ရဲ့ နာမည်ကြီး ရှေးဟောင်း အရှင်သီဂ ဘုရားကျောင်းနဲ့ သိပ်မဝေးပါဘူး။ အဖေဟာ ဝတ်ပြုကျောင်းလမ်း ကနေ မြို့ရဲ့ လမ်းကြားလေးတွေကို ဖြတ်သွားပြီးမှ လယ်ကွင်းလမ်းတွေကို ရောက်မယ်။ ပြီးတော့ အုန်းတောတွေရှိတဲ့ နေရာကို ရောက်မှ ကိုယ်ပိုင်မြေကွက်ထဲက အုန်းတောလေးဆီကို ကွေ့ပတ် လျှောက်သွားတတ်တယ်။

တစ်နေ့တာရဲ့ အပူအပင်တွေ မရှိသေးခင်မှာ တိတ်ဆိတ်ငြိမ်သက်တဲ့ လမ်းတွေပေါ် အေးအေးဆေးဆေး လျှောက်

တတ် တဲ့ အဖေကို အခုထိ ကျွန်တော့်မျက်စိထဲ မြင်ယောင်နေမိပါတယ်။ ကျွန်တော်တို့မှာ မိသားစုဝင်များတဲ့အတွက် တစ်ယောက်တစ်မျိုး လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ ရုန်းကန်ရင်း အဖေတော်တော် ပင်ပန်းရှာမှာပါ။ ဒါပေမယ့် လမ်းလျှောက်နေချိန်မှာတော့ အဖေဟာ ပင်လယ်ကြီးရဲ့ လှိုင်းသံလေသံကိုပဲ အာရုံစိုက် နားထောင်နေမှာပါ။ ထွက်လုဆဲဆဲ နေမင်းကို ကြိုဆိုဖို့ ဝဲယာပျံသန်းနေကြတဲ့ ကျီးကန်း၊ စာကလေးတွေရဲ့ တစာစာမြည်သံကိုလည်း စိတ်ဝင်တစား နားထောင်မိမယ် ထင်ပါတယ်။ ဒါမှမဟုတ် လမ်းလျှောက်ရင်း ဘုရားစာများ တီးတိုးရွတ်ဆိုနေမလား၊ မိသားစုနောင်ရေးကို တည်ငြိမ် ကြည်လင်တဲ့ စိတ်ထားနဲ့များ စဉ်းစားနေတတ်သလား ဆိုတာကိုတော့ ကျွန်တော် ဘယ်တော့မှ မမေးခဲ့ဖူးပါဘူး။ အဲဒီတုန်းက ကျွန်တော် ကလေးပဲ ရှိသေးတဲ့ အတွက် ဒီလိုမေးခွန်းမျိုး မေးရကောင်းမှန်းလည်း မသိခဲ့ပါဘူး။ ဘာပဲဖြစ်ဖြစ် တစ်ခုကိုတော့ ကျွန်တော် အသေအချာ သိပါတယ်။ မနက်ခင်း လမ်းလျှောက်တဲ့ အလေ့က အဖေရဲ့ ကိုယ်ရည်ကိုယ်သွေး အပေါ် တနည်းနည်းနဲ့ သက်ရောက်မှု ရှိတယ်ဆိုတဲ့ အချက်ပါ။ သူစိမ်းတွေတောင်မှ သတိပြုမိတတ်တဲ့ အဖေရဲ့ တည်ငြိမ်အေးဆေးတဲ့ အသွင်အပြင်ဟာ သူရဲ့ မနက်ခင်း လမ်းလျှောက်တဲ့အလေ့နဲ့ တနည်းတဖုံ ဆက်စပ်နေမယ် ထင်ပါတယ်။

အဖေဟာ အတန်းပညာများများ သင်ဖူးသူမဟုတ်သလို သူ့ဘဝတစ်လျှောက်လုံးမှာ ချမ်းသာကြွယ်ဝမှုလည်း မခံစားခဲ့ဖူးပါဘူး။ သို့သော်လည်း အဖေဟာ ကျွန်တော်သိဖူးသမျှ လူတွေထဲက အမြော်အမြင် အရှိဆုံးနဲ့ ရက်ရောမှု အကြီးမားဆုံး လူတစ်ယောက်လို့ ဆိုချင်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်ဗလီမှာ အပတ်စဉ် စုရုံးကြတဲ့အခါတိုင်း အကူအညီလိုသူတွေက အဖေဆီမှာ တောင်းခံတတ်ကြ ပါတယ်။ အဖေဟာ ဘာသာရေး အမှန်တကယ် ကိုင်းရှိုင်းတာကို လူတွေက ယုံကြည်ကြပါတယ်။ အဖေက ကျွန်တော်တို့ကိုလည်း ဘုရားရှိခိုးမပျက်ဖို့ အမြဲ ကြပ်မတ်ပေးတတ်ပါတယ်။ ကျွန်တော်တို့ ဝတ်ကျောင်းထဲမှာ နာမာဇ်ဖတ် ဘုရားဝတ်ပြုပြီး လမ်းပေါ် ပြန်ထွက်လာတဲ့ အချိန်မှာ အဖေနဲ့ စကားပြောဖို့၊ သူ့ဆီမှာ အခက်အခဲတွေကို ရင်ဖွင့်တိုင်ပင်ဖို့ ဆီးကြိုစောင့်ဆိုင်း နေတဲ့သူတွေ အမြဲတမ်းရှိတတ်ပါတယ်။

ဒီလူတွေက အဖေကို ဘယ်လိုမြင်ကြလို့ အခုလို အားကိုးအားထား ပြုကြတာလဲလို့ ကျွန်တော် တခါတလေ တွေးကြည့်ပါတယ်။ အဖေက ဘာသာရေး ခေါင်းဆောင်တစ်ယောက် မဟုတ်ပါဘူး။ တရားဟော တရားပြ ဆရာလည်း မဟုတ်ပါဘူး။ သူ့ရဲ့ မတုန်မလှုပ် ယုံကြည်ချက်အတိုင်း ဘာသာရေး အဆုံးအမအောက်မှာ နေထိုင်သူ သာမန်လူတစ်ယောက်သာ ဖြစ်ပါတယ်။ သူက တခြားလူ တွေကို ဘာတွေများ ပေးနိုင်လို့လဲ။ သူ့ရဲ့ တည်ငြိမ်အေးချမ်းတဲ့

သားရေ ပြင်ပက အကူအညီတောင်းတာ တကယ်တော့ အားလုံးမပြေလည်နိုင်ပါဘူး။ ကိုယ့်ရဲ့ အနာဂတ်ကို ကြောက်စိတ်နဲ့ ရှုမျှော်တဲ့ အမြင်ရယ်၊ ကိုယ့်ရဲ့ ပျော်ရွှင် အောင်မြင်မှုကို တားဆီးနေတဲ့ အတွင်းရန်သူကို ရှုမြင်နိုင်တဲ့ အမြင်ရယ်၊ ဒီအမြင်နှစ်ခုကို ခွဲခြား နားလည် တတ်ရမယ်။

အသွင်အပြင်က ဒီလူတွေကို အပူအပင်တွေ လျော့ပါးစေပြီး မျှော်လင့်ချက်တွေ ပေးတာဖြစ်မှာပဲလို့ ကျွန်တော်တွေးမိပါတယ်။ တချို့လူတွေက အဖေ့ဆီကို ရေဇလုံ တွေယူလာပါတယ်။ အဖေက သူရဲ့လက်ချောင်း ထိပ်လေးတွေကို ရေထဲနှစ်ပြီး ဆုတောင်းပေးတတ်ပါတယ်။ ဒီရေတွေကို နာမကျန်း ဖြစ်နေသူတွေဆီ ယူသွားပြီး တိုက်ကြပါတယ်။ ဆုတောင်းမေတ္တာရေ သောက်ပြီး သူတို့ မိသားစုဝင်တွေ၊ ဆွေမျိုးတွေ နေကောင်းသွားတဲ့ အခါတိုင်း ကျွန်တော်တို့အိမ်ကို လာပြီး ကျေးဇူးတင်စကား ပြောတတ်ကြပါတယ်။

ကိုယ့်မိသားစု စားဝတ်နေရေးအတွက် လုံးပန်းနေရတဲ့ကြားထဲ သူများတွေ တိုင်ပင်ရင်ဖွင့်တာကို နားထောင်ဖို့၊ နှစ်သိမ့်ပေးဖို့၊ ဆုတောင်းပေးဖို့ ကြင်နာတတ်တဲ့ နှလုံးကို အဖေဘယ်လိုများ ပိုင်ဆိုင်ထထားတာပါလိမ့်။ အဖေက နွမ်းပါးတဲ့ လှေပိုင်ရှင်တစ်ယောက်ပဲ ဖြစ်တဲ့အတွက် ပြည်မနဲ့ အလှမ်းဝေးတဲ့ မြို့သေးသေးလေး တစ်မြို့မှာ တစ်နေ့စာ တစ်နေ့ဝင်ငွေရှာရတာ မလွယ်ကူမှန်း ကျွန်တော်သိပါတယ်။ ဒါပေမယ့် သူ့ဆီကို ပူပင်သောကတွေ မျှဝေဖို့ လာကြတဲ့ လူတွေကို အဖေ အချိန်ပေးဖို့ငြင်းတာ တစ်ခါမှ မတွေ့ဖူးပါဘူး။

အဖေရဲ့ ဘာသာရေး ကိုင်းရှိုင်းမှုဟာ ဘာသာရေး ကျမ်းဂန်တွေ နှံ့စပ်မှုကြောင့်လို့ ကျွန်တော်ယူဆပါတယ်။ အဖေဟာ ကျမ်းစာတွေထဲက သဘောတရားတွေကို ကလေးငယ်ငယ်လေးတွေ စပ်စုမေးမြန်းရင်တောင် အရိုးရှင်းဆုံး စကားလုံးတွေသုံးပြီး နားလည်အောင် ရှင်းပြတတ်ပါတယ်။ ကျွန်တော် တစ်ခါတုန်းက မေးဖူးပါတယ်။

“အဖေဆီကို ဒီလူတွေ ဘာကြောင့်လာ ကြတာလဲ။ အဖေကရော သူတို့အတွက် ဘာတွေလုပ်ပေးတာလဲ။”
ကျွန်တော့် မေးခွန်းအတွက် အဖေပေးတဲ့ အဖြေကို ဆယ်စုနှစ် ၅ ခုလောက် ကြာပြီးတဲ့ အခုချိန်အထိ ကျွန်တော်မှတ်မိနေပါသေးတယ်။

“ငါ့သားမှတ်ထားကွာ။ ဘယ်လူသားမဆို တစ်ယောက်တည်းဖြစ်နေတဲ့အချိန်မှာ အပေါင်းအဖော် ရှာတတ်ကြတယ်။ ဒုက္ခရောက်တဲ့ အချိန်မှာ အကူအညီ ပေးနိုင်တဲ့လူကို ရှာတတ်ကြတယ်။ စိတ်ပျက်လက်ပျက်နဲ့ အဖေဆီကို အားကိုးတကြီး လာကြတဲ့သူအတွက် အယုတ်အညံ့

ဂြိုလ်ဆိုးတွေ ပပျောက်သွားအောင် အဖေက ကြားကနေ တတ်နိုင်သလောက် ဆုတောင်း မေတ္တာပြုပေးရုံလေးပါ။”

ကျွန်တော်ကြီးပြင်း လာတဲ့အချိန်မှာ သိပ္ပံနည်းပညာဆိုင်ရာ သုတေသနတွေမှာ နှစ်ပေါင်းများစွာ ပါဝင်ဖူးပေမယ့် အဖေရှင်းပြတဲ့ ဆုတောင်းမေတ္တာပို့ခြင်းရဲ့ စွမ်းအားကို အခုထိ သဘောကျ လက်ခံနေမိ ပါသေးတယ်။ အဖေက ကျွန်တော့်ကို ဆက်ပြီး ရှင်းပြပါသေးတယ်။

“သားရေ ပြင်ပက အကူအညီတောင်းတာ တကယ်တော့ အားလုံး မပြေလည်နိုင်ပါဘူး။ ကိုယ့်ရဲ့ အနာဂတ်ကို ကြောက်စိတ်နဲ့ ရှုမြော်တဲ့ အမြင်ရယ်၊ ကိုယ့်ရဲ့ ပျော်ရွှင်အောင်မြင်မှုကို တားဆီးနေတဲ့ အတွင်းရန်သူကို ရှုမြင်နိုင်တဲ့ အမြင်ရယ်၊ ဒီအမြင်နှစ်ခုကို ခွဲခြား နားလည် တတ်ရမယ်။ ဆင်းရဲဒုက္ခ ကြုံရတဲ့အချိန်တွေမှာ မငြီးညူပါနဲ့။ ဒုက္ခရဲ့ အကြောင်းရင်းကို ဆန်းစစ်ဝေဖန်ပါ။ ဘယ်အခက်အခဲမဆို ကိုယ့်အတွက် သင်ယူဖို့ အခွင့်အလမ်း တွေ၊ သင်ခန်းစာတွေ မလွဲမသွေ ပူးတွဲယူဆောင် လာတတ် တာကို မှတ်ထားကွယ့်။”

အဖေရဲ့ ဆုံးမစကားကြောင့် ဆူကြုံနိမ့်မြင့် လောကခံလှိုင်း တွေ ရိုက်ခတ်တိုင်း ကျွန်တော် မိမိရဲ့ကိုယ်တွင်းမှာပဲ စိတ်ဓာတ် ခွန်အားကို အမြဲ ရှာဖွေနိုင်ခဲ့ပါတယ်။ ကျွန်တော့် ဘဝတစ်လျှောက်မှာ မွေးရပ်မြေဖြစ်တဲ့ ရမ်ဆွာရုံ မြို့လေး ကနေ ဘယ်တော့မှ ရောက်ဖို့ထင်မှတ်မထားခဲ့တဲ့ နေရာဒေသ ပေါင်းစုံကို ခြေဆန့်ဖူးခဲ့ပါပြီ။ အတွေ့အကြုံတွေလည်း စုံလှပါပြီ။ တိုက်လေယာဉ် မောင်းခန်းထဲမှာ တာဝန်ထမ်း ဆောင်ရာ ကနေ အိန္ဒိယနိုင်ငံရဲ့ အမြင့်ဆုံးရာထူးအထိ အဆင့်ဆင့် တက်လှမ်းဖူးပါပြီ။ သို့ပေမယ့် အဖေရဲ့ စကားလုံး တွေကိုတော့ ကျွန်တော် ထာဝစဉ် ဦးထိပ်ပန်ဆင်ဆဲပါ။

ကျွန်တော် စိုးရိမ်ပူပန်တဲ့ အခါတိုင်း အဖေရဲ့ အားပေးစကား တွေကို စိတ်ထဲပြန်ကြားယောင် ကြည့်ပါတယ်။

“ရှုံးနိမ့်မှုတွေ၊ ဝမ်းနည်း၊ စိတ်ညစ်စရာတွေ ကြုံလာရင် စိတ်ကို ချုပ်တည်းမထားနဲ့ ငါ့သား။ ကိုယ့်အသိစိတ်ကို ဖွင့်ထားပြီး ဘုရားသခင်ရဲ့ လမ်းညွှန်စောင်မမှုကို ခံယူပါ။ အချုပ်အနှောင်တွေက လွတ်မြောက်ပြီး စစ်မှန်တဲ့ ပျော်ရွှင်မှုနဲ့ ငြိမ်းချမ်းမှုအတွက် လမ်းတွေပွင့်လာလိမ့်မယ်ကွယ့် ။”

ကျွန်တော်အခု အသက်၈၂နှစ်ရှိပါပြီ။ အဖေ့လိုပဲ ကျွန်တော့်ရဲ့ တစ်နေ့တာဟာ လမ်းလျှောက်တာနဲ့ပဲ အစပြုပါတယ်။ မနက်တိုင်း နေမထွက်ခင် ကောင်းကင်ပြင်ကို မော့ကြည့်ပြီး နေမင်းရဲ့ရှေ့ပြေး အရုဏ်အလင်းရောင်တွေကို စောင့်ကြည့် တယ်၊ တဖြည်းဖြည်း ထွက်ပြူလာတဲ့ နေမင်းကို တဝကြီးရှုစားတယ်။ အေးမြတဲ့ လေပြည် လေညင်းလေးကို ခံစားရင်း ကျေးငှက်သာရကာတွေ တေးသီသံကို လမ်းလျှောက်ရင်း နားစွင့်ဖြစ်ပါတယ်။ မနက်စောစော အချိန်ဟာ သဘာဝလောကကြီးက လူတွေကို ထွေးပွေ့ နှုတ်ဆက်ချိန်လို့ ကျွန်တော်ထင်ပါတယ်။ မနက်ခင်းတိုင်းဟာ ဒီဇိုင်း၊ ကာလာ၊ ဝန်းကျင်အနေအထားအရ တမျိုးတဖုံ ထူးခြားနေတတ်ပါတယ်။ ဒီလို နေ့ရက်တိုင်းဟာ သူ့နည်းသူ့ဟန်နဲ့ ဆန်းကြယ်နေတတ်တာကို လမ်းလျှောက် တိုင်း ကျွန်တော် မအံ့ဩဘဲ မနေနိုင်ပါဘူး။ အဖေနဲ့ မတူတာကတော့ ကျွန်တော့်မှာ တစ်မြို့ ပြီးတစ်မြို့ ခရီးထွက်ရလို့ မနက်ခင်းလမ်းလျှောက်ထွက်တဲ့နေရာက ပုံသေမရှိပါဘူး။ ဒါပေမယ့် ဘယ်နေရာရောက်ရောက် မနက်စောစော ဆိတ်ငြိမ်အေးချမ်းမှုကတော့ အတူတူပါပဲ။ ကာလ၊ ဒေသအလျောက် ပူနွေးတဲ့ နေ့တစ်နေ့ပဲ ဖြစ်ဖြစ်၊ မြူတွေဆိုင်းပြီး ခိုက်ခိုက်တုန်အောင် ချမ်းတဲ့နေ့တစ်နေ့ပဲ ဖြစ်ဖြစ် တစ်နေ့တာရဲ့ တာဝန်ဝတ္တရားနဲ့ စိတ်ဖိစီးမှုတွေ မလာသေးခင်မှာ အခုလို ခဏတာ သောကကင်းကင်းနဲ့ လမ်းလျှောက်ရတဲ့ အခိုက်အတန့်လေးဟာ ကျွန်တော့်အတွက် အဖိုးမဖြတ် နိုင်ပါဘူး။

ကျွန်တော်ဘယ်နေရာမှာပဲ လမ်းလျှောက်ဖြစ်ဖြစ် အဖေ အကြောင်းကို မကြာခဏတွေး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ စိတ်မျက်စိထဲမှာ အသက်အရွယ် ကြီးရင့်တဲ့ အချိန်အထိ ကိုင်ပိုင်အုန်းတောဆီ လမ်းလျှောက်သွားတဲ့ လူရိုးလူဖြောင့်ကြီးကို မြင်ယောင်လာ တတ်ပါတယ်။ အုန်းတောကို ရောက်တဲ့အခါ ခဏနားရင်း အစောင့်အ လုပ်သမားနဲ့ နှုတ်ခွန်းဆက်ပြီး စကားစမြည် ပြောနေတတ် တာကို ကြားယောင်ကြည့်ပါတယ်။ အစောင့်အလုပ်သမားက အုန်းပင်ပေါ်တက်ပြီး အုန်းသီး လေးငါးလုံးကို မြေပြင်ပေါ်ကို ဓားနဲ့ခုတ်ချ ပေးပါလိမ့်မယ်။ ပြီးရင် အုန်းသီးတွေကို အခိုင်လိုက် ဖြစ်အောင် သေသေသပ်သပ် ချည်ပေး ပါလိမ့်မယ်။ အုန်းတောရဲ့ အုန်းပင်၊ပိုးမွှား၊ မြေဆီလွှာ အနေအထား၊ မိုးလေဝသ အခြေအနေ စတာတွေကို နှစ်ယောက်သား ဆွေးနွေးပြီးရင် အဖေက သူ့ရဲ့အုန်းသီး အခိုင်ကို ကောက်ယူပြီး အိမ်ပြန်လာတတ်ပါတယ်။ အိမ်နီးချင်းတွေနဲ့ လမ်းမှာတွေ့တဲ့ သူတွေကို အုန်းသီး အခိုင်ထဲက တချို့တဝက် ခွဲဝေပေးပါလိမ့်မယ်။ ကျန်တဲ့ အုန်းသီး တွေကိုတော့ အမေက ထမင်း၊ဟင်း၊ ချတ္တနီး လုပ်တာတွေမှာ သုံးပါတယ်။ အမေရိုးရိုးလေး ချက်ထားတဲ့ထမင်း၊ ဟင်းတွေကို ဖက်ရွက်ပေါ်မှာ ထည့်ထား တဲ့ အုန်းသီးချတ္တနီးနဲ့ စားရတာ အင်မတန်မှ ခံတွင်းမြိန် ပါတယ်။ အခုလို နှစ်ပေါင်းများစွာ ကြာပြီးတဲ့ အချိန်အထိ ဒီအရသာက ကျွန်တော့်လျှာပေါ်မှာ စွဲနေသလို ခံစားရပါသေးတယ်။ မိဘနှစ်ပါးရဲ့ မေတ္တာနဲ့ ရိုးသားတဲ့ လုပ်အားတွေ ပါဝင်နေတာကို သိတဲ့အတွက် စိတ်နှလုံးထဲ အထိ ချိုမြိန်တဲ့ ဒီအာဟာရကို အခုထိ တသသဖြစ်နေဆဲပါ။




# ရေ



• ချမ်း

ရေ

**အခန်း(၁)**

အဝါရောင် တောက်ပနေသော နေရောင်အောက်မှာ ပတ်ဝန်းကျင်တစ်ခွင် ရှင်းလင်းလျှက်ရှိနေ၏။ နေပူ ရှိန်က ပြင်းထန်လွန်းလှသဖြင့် မြင်မြင်သမျှမြင်ကွင်းအားလုံးတို့၌ မီးခိုးငွေ့များ ထနေသည့်နှယ်။ အိုဇုန်းလွှာလည်း ဘယ်ဆီရောက်နေသည်ပင် မသိတော့၊ ခရမ်းလွန်ရောင်ခြည်တွေ ကမ္ဘာမြေပေါ် ပျော်ပွဲစားထွက်သည်အချိန်ပင်။

တစ်နေလုံးနေပူနေတော့ သူအိမ်ထဲနေရတာ ငရဲခံနေသလိုပင် ဖြစ်နေ၏။ နေလုံးကြီးကလည်း ပေါက် ကွဲနေပြီထင်သည်။ နေ့လည်မပြောနှင့် ညနေခင်းမှာပင် နေက ပူလောင် လှသည်။ အဲယားကွန်းစက်ကလည်း နေလုံးကို အရှုံးပေးချင် နေလောက်ပြီထင်၊ အဲယားကွန်း ကိုယ်တိုင်တောင် နေပူရှိန်ကြောင့် ပူနေတာက သိသာလှသည်။ သူ သက်ပြင်းရှည် တစ်ခုကို ချမိသည်။ သူ့တို့အဘိုး ငယ်ငယ်တုန်းက ရာသီဥတုမှာ သုံးမျိုးရှိသည်ဟု အဖေက သူ့အား ပြောဖူးသည်။ သူတို့အဖေခေတ်ကို ရောက်တော့ ရာသီဥတုမှာ ပုံမှန်မရှိတော့ဘဲ မိုးတွင်း ဆိုပါကလည်း မိုးရွာနောက်ကျခြင်း ဆောင်းအဝင် နောက်ကျခြင်း တို့လောက်သာ ဖြစ်ပေါ်ခဲ့ကြောင်းကို အဖေပြောသောကြောင့် သူကြားဖူးသည်။ သူကိုယ်တိုင် မမြင်ဖူးလိုက်သော ဥတုသုံးမျိုးကို သူတမ်းတမိ၏။ သူတို့အရင်လူများ၏ မဆင်ခြင်သော လုပ်ရပ်များကြောင့် ရာသီဥတုမှာပုံမှန်အခြေနေ မရှိတော့ဘဲ သူတို့ခေတ်မှာတော့ ရာသီဥတုသည် အပြောင်းလဲ မြန်လိုက်သည်ဖြစ်ခြင်း၊ ရာသီဥတုဖေါက်ပြန်မှုတွေက သူတို့ခေတ် လူတွေအပေါ် ရက်စက်လွန်းလှသည်။ ဆောင်းရာသီ၏ အအေးဓါတ်ကို သူတောင့်တမိသလို မိုးရာသီ၏ အေးမြမှုကိုလည်း လိုချင်မိသည်။ ပွင့်လင်းသော နေရောင်ခြည်နွေးနွေးနှင့် ဥဩငှက် တွန်သံလေးကိုလည်း သူကြဲဖန်လွမ်းမောမိ၏။ တစ်နှစ်လုံးမှ တစ်လခန့်သာရွာသော မိုးကြောင့် သူတို့ ပတ်ဝန်းကျင်မှာ ရေရှားပါး နေရသလို တစ်နှစ်လုံးမှာ တစ်လနှင်းစက်များကို မမြင်ဖူးသောကြောင့် ဒီဇင်ဘာလမှာလည်း ခရစ္စမတ် ပွဲတော်ကို ပူပြင်းသည့် နေရောင်အောက်မှာ ကျင်းပနေရပြီဖြစ်သည်။

"အဖေ..."

ရုတ်တရက် ခေါ်သံကြောင့် သူ့အတွေးတို့ရပ်သွားသည်။

"သားပြောလေ..."

" အိမ်ရှေ့မှာ သုံးရေဝယ်ဦးမလားတဲ့"

သူအိမ်ရှေ့ လှမ်းကြည့်လိုက်တော့ ရေစည်များဖြင့် ရေများကို ထည့်ကာ လှည့်ရောင်းသောသူကို တွေ့ရသည်။

"မဝယ်သေးဘူးလို့ ပြောလိုက်ပါသားရယ်၊ အဖေတို့မှာ သုံးစရာ ကျန်နေသေး တာပဲလေ…"
" ဟုတ်ကဲ့ပါအဖေ…"

လှည့်ထွက်သွားသော သားကိုကြည့်ရင်း သူစိတ်မကောင်း ဖြစ်မိသည်။ သူတို့ငယ်ငယ်တုန်းက ရေကိုဝယ်သုံးစရာတော့ မလို၊ သောက်ရေအတွက် လောက်သာ ရေကို ဝယ်သောက် နေခဲ့ရသည်။ သုံးရေမှာလည်း သန့်ရှင်းလှသည် တော့မဟုတ် ၊ ပိုက်ဆံမတတ်နိုင်သော လူများအဖို့က မသန့်သော်လည်း ရှိသော ရေညစ်ညစ်ကိုသာ အထပ်ထပ်သော ရေစစ်များဖြင့် သန့်အောင်လုပ်၍ သုံးခဲ့ရသည်။ ပိုက်ဆံ တတ်နိုင်သော လူများအဖို့ကတော့ ဝယ်သုံးရုံသာ။ သူတို့သားသမီးများ ခေတ်တွင်တော့ ရေဆိုသည်မှာ ရှားပါးသော ရောင်းကုန် တစ်ခု ဖြစ်လာခဲ့ပြီဖြစ်သည်။ သန့်ရှင်းသော ရေကောင်း ရေသန့်များကို ပြတိုက် များတွင်ထား၍ ရေအရင်းမြစ်များကို တန်ဖိုးထားတတ်ရန် အတွက်သော်လည်းကောင်း၊ ရေ၏ တန်ဖိုးကို သိတတ်စေရန်အတွက် သော်လည်းကောင်း သူတို့ အဘိုးခေတ်တုန်းက ရေများကို ဖောဖောသီသီသုံးနေကြ သော လူများနှင့် စမ်းချောင်းများတွင် စီးဆင်းနေသော ရေကြည်များ၏ပုံများ၊ ရေတံခွန်ပုံများ၊ မြစ် ချောင်း၊ ပင်လယ် သမုဒ္ဒရာပုံများ စသည်တို့ကို ပြသထားပြီး ရေများကို လူများ၏ အလွဲသုံးစားမှုများကြောင့် ရေအရင်း အမြစ်များ ရှားပါးလာကာ ရေသန့်ရေကောင်းများ ရှားပါးလာခြင်းကို သိရှိနိုင်ရန်ပညာပေး ပြသထားကြသည်။

မြစ်ချောင်းများတွင်လည်း ရေဆိုသည်မှာ တဖြည်းဖြည်း ခန်းခြောက်လာပြီး ရေလမ်းခရီးသွား သော ရေယာဉ်များပင် အခက်တွေ့လာရသည်။ နိုင်ငံရှိ ရေအရင်း အမြစ် စောင့်ရှောက်ထိန်းသိမ်းရေး အဖွဲ့ စည်းများ ကလည်း မြစ်ချောင်းများတို့မှ ရေထုတ်ယူသုံးစွဲခြင်း မပြုလုပ်စေရန် အတွက် ပညာရေးလုပ် ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ အစိုးရအဖွဲ့ စည်းများကလည်း ထိုကဲ့သို့သုံးစွဲခြင်းများကို ဥပဒေများ ထုတ်၍ ပြင်းထန်စွာ တားမြစ်ထားကြသည်။ သူတို့အခု သုံးစွဲနေသော ရေဆိုသည်မှာလည်း မသန့်ရှင်း သောရေ၊ တစ်နည်းအားဖြင့်တော့ မည်းညစ် နေသော ရေများသာဖြစ်၏။ အတတ်နိုင်ဆုံး သန့်အောင်တော့ ရေစစ် များဖြင့် အထပ်ထပ်စစ်ပါသော် လည်း ရေက သန့်ရှင်းသွား သည်တော့ မဟုတ်ပေ။ သောက်စရာအတွက် ကတော့ ရေသန့် များကိုသာ အားကိုးနေရသည်။ ကမ္ဘာပေါ်တွင် တစ်ရက်လျှင် လူဆယ် ယောက်မှာ လေးယောက်က သန့်ရှင်း သော ရေကိုမရရှိကြဟု လွန်ခဲ့သော ၂၀၁၂ ခုနှစ် ထုတ်ပြန်ချက်များ အရ စာအုပ်များတွင် သူဖတ်ဖူးသည်။ ယခုကဲ့သို့ ၂၀၅၀ ခုနှစ်အချိန်တွင်တော့ သန့်ရှင်းသောရေကို မရရှိကြသူများမှာ လေးယောက်တော့ မကနိုင်ဟု သူတွေးမိ၏ ။

**အခန်း(၂)**

သူအတွေးတို့ရပ်၍ အစည်းဝေးသွားရန် နာရီကိုကြည့်မိသည်။ ယနေ့တွင် သူအလုပ်လုပ်နေသော ရေအရင်းမြစ်စောင့်ကြည့် ထိန်းသိမ်းရေး အဖွဲ့အစည်းမှ ကမ္ဘာ့ပတ်ဝန်းကျင်နေ့ကို ဇွန်လ (၅) ရက် နေ့တွင် ကျင်းပရန်အတွက် အစည်းအဝေး ပြုလုပ်ခြင်းဖြစ်သည်။ အစည်းဝေးကို တစ်နာရီခန့်ပြုလုပ်ပြီး နောက် အစည်းအဝေး ဆုံးဖြတ်ချက်များ ထွက်ပေါ်လာ ခဲ့သည်။ ထိုအထဲမှ အသက် (၁၀) နှစ်မှ (၁၂) အတွင်း ကလေးများအား ရေအရင်းမြစ်များကို စောင့်ရှောက် ထိန်းသိမ်း တတ်စေရန်အတွက် ဂိမ်းပြိုင်ပွဲ တစ်ခုကို ကျင်းပရန် အတွက်ပါ ဆုံးဖြတ်ခဲ့ကြသည်။ ထိုဂိမ်းပြိုင်ပွဲကို မြို့နယ်လုံးဆိုင်ရာ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲ ဝင်နိုင်စေရန် အတွက် မြို့နယ်အာဏာပိုင်များ ထံမှတစ်ဆင့် ကြေညာ ပေးသွား မည်ဖြစ်သည်။
သူအိမ်ပြန်ရောက်တော့ သူ့သားက ထိုသတင်းကို တီဗွီမှ ကြည့်ရှုပြီး ကြိုသိနေပြီဖြစ်သည်။ သူ့ ကိုလည်း တွေ့တွေ့ချင်း ပင် ပြေးလာပြီးပြောသည်။
"ဖေဖေ… သား ရေအရင်းအမြစ် စောင့်ရှောက်ရေး ဂိမ်း ပြိုင်ပွဲကို ဝင်ပြိုင်ချင်တယ်"
"သား ပြိုင်ချင်ရင်ပြိုင်ပေါ့ ၊ အဖေ မတားပါဘူး…"

သူ့ထံမှ စကားကြောင့် သားဖြစ်သူ ဝမ်းမြောက်သွားသည့် ပုံစံကို ကြည့်ရင်း သူပြုံးမိသည်။ မိဘ ဆိုသည်မှာ သားသမီး များကို လမ်းမှန်သို့သာ ညွှန်ပြတတ်ကြသည် မဟုတ်ပါလား၊ ဤဂိမ်းပြိုင်ပွဲအားဖြင့် သူ့သား ဆုမရခဲ့ရင်တောင်မှ သန့်ရှင်း သော ရေအရင်းမြစ်များသည် လူသားများအတွက် အဖိုး မဖြတ်နိုင်သော ရတနာတစ်ပါး ဖြစ်ကြောင်းကို သဘော ပေါက် နားလည်နိုင်ပေလိမ့်မည်။ သူကိုယ်တိုင် သူ့သားအား လောကပတ်ဝန်းကျင်နှင့် လူသားများကို အကျိုးပြုနိုင်သော လူတစ်ယောက် ဖြစ်စေလိုပါသည်။ မိန်းမဖြစ်သူကလည်း သူ့သားတစ်ယောက် ပြိုင်ပွဲအတွက် တက်ကြွနေမှုကို ကြည့်ရင်း ပြုံးနေသည်။
အဲသည်နေ့ ညမှာတော့ တီဗွီထဲတွင် ထိုဂိမ်းပြိုင်ပွဲနှင့် ပတ်သတ်၍ သတင်းများကို မြို့နယ်အစိုးရ ပိုင်းမှ အဆက် မပြတ် ထုတ်ပြန်ပေးနေသည်ကို တွေ့ရသည်။ အစိုးရ ပိုင်းမှလည်း ပထမဆုရရှိသည့် ကလေးငယ်ကို မြို့နယ်လုံး ဆိုင်ရာ ရေအရင်းအမြစ် စောင့်ရှောက်ထိန်းသိမ်းရေး ကလေး ငယ် သံတမန်အဖြစ် ခန့်အပ်မည်ဟု ကြေညာနေသည် ကို တွေ့ရသည်။ သားဖြစ်သူကတော့ ထိုကလေးသံတမန် အဖြစ် ယနေ့ညမှာတော့ စိတ်ကူးတွေယဉ်မဆုံး ဖြစ်နေပေတော့မည်။

**အခန်း(၃)**

ပြိုင်ပွဲကျင်းပသည့် ယနေ့ဇွန်လ(၅)ရက်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနေ့ ကို နိုင်ငံလုံးဆိုင်ရာ ရုံးများ၊ ကျောင်းများကို အစိုးရအမိန့်ဖြင့် ပိတ်ထား၏။ သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုကို သိရှိပြီး ယခုလိုမျိုးနေ့ကို လူတိုင်း ပါဝင်ဆင်နွဲနိုင်စေရန် ရည်ရွယ်၍လည်း ဖြစ်သည်။
ဟောပြောပွဲများ၊ ဆွေးနွေးပွဲများတွင် သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုကြောင့် ရာသီဥ တုများ ပြောင်းလဲလာခြင်း၊ သန့်ရှင်းသော ရေအရင်းမြစ်များ ရှားပါးလာခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်း၊ ကမ္ဘာကြီး ပူနွေးလာမှုနှင့် အစရှိသော လူသားတို့၏ ဆင်ခြင်ဂရုပြုစရာ အကြောင်းအရာများ ပါဝင်ပြီး ဆွေးနွေးပွဲများ ပြီးသောအခါ ပြိုင်ပွဲများကို ဆက်လက် ကျင်းပ၏။ အသက်အရွယ်အလိုက် ဂိမ်းပြိုင်ပွဲ အသီးသီးကို ကျင်းပပြီး အသက်(၁၀)နှစ်မှ (၁၂) ကြား ဂိမ်းပြိုင်ပွဲ အချိန်ကို ရောက်လာခဲ့သည်။ သားငယ်၏ မျက်နှာကို သူကြည့်မိသည်။ တက်ကြွမှု အပြည့်ဖြင့် ဂိမ်းပြိုင်ပွဲအတွက် စိတ်အားထက်သန် နေပေသည်။
ပြိုင်ပွဲက စပေပြီ။ စုစုပေါင်း ကလေးအယောက် (၅၀) ခန့်သည် တာထွက်နေရာမှနေပြီး ပန်းတိုင် ရှိရာသို့ ရေများကို ခွက်ငယ်လေးထဲတွင် ထည့်ကာ အမြန်ဆုံးနှင့် အများဆုံး သယ်နိုင်ရပါမည်။ စည်းကမ်းချက်များ အနေဖြင့် အမြန်ဆုံးနှင့် အများဆုံး သယ်ယူနိုင်သူသာ ပထမဆုကို ရပေမည်။ သို့သော်လည်း ပြိုင်ပွဲဝင် ကလေးများအားလုံး အနေဖြင့် မိမိတို့ သယ်ယူရရှိထားသော ရေကောင်းရေသန့် ရေအရင်းအမြစ်များကို လက်ဆောင်အဖြစ် ရရှိပေမည်။ ကလေးများအားလုံး အပြေးအလွှား သယ်ဆောင်ကာ ပြိုင်ပွဲဝင်နေကြ၏။
"ဟဲ့ ဟိုကလေးက ပြေးလေ သြော် ရှုံးတော့မှာပါပဲ"
အားမလိုအားမရ ဖြစ်နေကြသော ပရိတ်သတ်အချို့၏ အသံကြောင့် အားလုံးက ထိုကလေးအပေါ်သို့ အာရုံစိုက်မိကြသည်။
ထိုသူက အခြားသူမဟုတ်၊ ကျွန်တော်၏ ချစ်လှစွာသော သားပင်။ သားဖြစ်သူမှာ ရေခွက်ကို အများသူငါလို ပြေးလွှားကာ သယ်ယူခြင်းမရှိ၊ တစ်လှမ်းခြင်း လှမ်းကာ ဖြေးဖြေးခြင်း လမ်းလျှောက်သွား နေပေသည်။ မိမိကိုယ်တိုင် အံ့သြမိ၏။ သားဖြစ်သူသည် ဤပြိုင်ပွဲမှနေ၍ မြို့နယ် လုံးဆိုင်ရာ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကလေးငယ် သံတမန် ဖြစ်ချင်နေသည်ကို သူကိုယ်တိုင်သိထားပြီး ဖြစ်သည်။ သို့သော်လည်း သားငယ်၏ ပြိုင်ပွဲကို ဝင်ပြိုင် နေပုံကို ကြည့်၍ သူကိုယ်တိုင် နားမလည်နိုင် အောင်ဖြစ်မိ ၏။

ပြိုင်ပွဲက ပြီးသွားပြီ်းနောက် အားလုံးထင်ထား သကဲ့သို့ပင် သူ၏သားငယ်မှာ အဆင့်နောက် ဆုံးဖြင့် ပန်းဝင်ခဲ့သည်။ သူသားဖြစ်သူ၏ ပခုံးကိုသိုင်းဖက်ရင်း နားမလည်နိုင်စွာဖြင့် မေးမိသည်။
"သား ပထမရအောင် ဘာဖြစ်လို့ ပြေးပြေးလွှားလွှားနဲ့ မပြိုင်ခဲ့တာလဲ"
သားဖြစ်သူက ပြိုင်ပွဲမှ နှစ်သိမ့်လက်ဆောင် ပေးခဲ့သော ရေဘူးထဲမှ ရေကောင်းရေသန့်များကို ကြည့်ရင်းမှ ပြုံးကာ ပြောလိုက်သော စကားကြောင့် သနားလွန်းသဖြင့် သူ မျက်ရည်ဝဲ မိပါသည်။

"သား ပထမတော့ လိုချင်တယ်၊ ဒါပေမယ့် တကယ်တမ်း ပြိုင်တဲ့ အခါကျတော့ မပြေးရဲတော့ဘူး၊ သားရမယ့် ရေတွေဖိတ် သွားမှာ စိုးလို့ . . ."


**ချမ်း**
(၂၆ မေလ၊ ည ၈ နာရီခွဲ၊ ၂၀၁၄ခုနှစ်)




မကောင်းတာ လုပ်တဲ့ လူတွေကြောင့် ကမ္ဘာကြီးကို ပျက်စီးမှာ မဟုတ်ဘူး။ ဘာမှ မလုပ်ဘဲ ထိုင်ကြည့်နေတဲ့ လူတွေ ကြောင့်သာ ကမ္ဘာကြီး ပျက်စီးမှာ။

အိုင်းစတိုင်း

# Vision 2050



# လင်းငယ်

> "ဒီဒေသက လူငယ်တွေအတွက် ဗီရှင်တွေ ချို့တဲ့နေ့ခဲ့သည်လားဟု သူအားမလို အားမရ ဖြစ်နေမိသည်။ ကိုယ်သွားချင်သည့် အနာဂတ်လမ်းကြောင်းဆီကို ဘယ်လို ပုံဖော်ဖန်တီးမလဲ ဆိုသည့် ဘဝကို လမ်းကြောင်းတည်ဆောက်လျှောက်လမ်းရသည့် အကြောင်းတွေ ပြောပြချင်မိသည်။"

Vision 2050

၁)

ဒီမြင်ကွင်းကို သူ အထပ်ထပ် ကြည့်ခဲ့ရပြီးပြီ။ ကြည့်ခဲ့တိုင်းလည်း ရိုးအီမသွား။ အခုလို ဆောင်းရာသီ မြင်ကွင်းမျိုးဆိုရင် ပိုပြီး ပီပြင်သည်။ မိုးရာသီကြာရှည်သည့် ဒီဒေသမှာ အခုလို ဆောင်းဝင်စသည် ရှု့မျှော်ခင်းများ အလှဆုံး အချိန်ဟု သူထင်သည်။ မြစ်၏ ဟိုမှာဘက်ကမ်း၊ ဆင်တက်မော်ဘက်မှ တိုက်တာ အိုးအိမ်များကိုလည်း ထိုးထိုးထောင်ထောင် မြင်နိုင်သည်။ နောက်က တောင်တန်းစိမ်းကို နောက်ခံထားပြီး အဖြူရောင် အဆောက်အဦများက သဘာဝတရားနှင့် ခေတ်တိုးတက်မှုကို ပနံရစေသည်ဟု သူက မြင်မိသည်။ မနက်အစော ဟိုဘက်ကမ်း လူနေတိုက်ခန်းများမှ ဒီဘက်ကမ်းမှ လုပ်ငန်းခွင်သို့ လာသူများအတွက် ပုံမှန်ဆွဲပေးနေကျ အဝါရောင် ဖယ်ရီသဘော်ကြီးသည်လည်း မြင်ပြင်ကို ကန့်လန့်ဖြတ်လျက် ကူးလာသည်။
ပို၍ရာသီဥတု ကောင်းသော နေ့များတွင် မြစ်ဝဘက်ကို ဖြတ်ကြည့်လိုက်လျှင် မီးပြတိုက်ရှိရာ ကျွန်းလေးကိုပင် မြင်နိုင်သည်။ နှစ်ပေါင်းရာချီလာခဲ့ပြီ ဖြစ်သော်လည်း မီးပြတိုက်သည် တည်ငြိမ်သော အလှဖြင့် အိမ်မြဲ့ရဆဲ ဖြစ်သည်။ သူတို့ လူငယ်ဘဝက လှိုင်းကြီး လေထန်သော အချိန်များမှာပင် စွန့်စားလိုစိတ်ဖြင့် မီးပြတိုက်ရှိရာ ကျွန်းငယ်လေးသို့ ချဉ်းကပ်သွား ရောက်ခဲ့ကြသည်ကို တွေးမိတော့ ပြုံးရသေးသည်။ အခုတော့ သူ့ဘဝသည် တည်ငြိမ်သော ဆောင်းရာသီ ကုလားတန်လို ခပ်ဖွဖွ ရင်ခုန်လှုပ်ရှားမှုလေး များမှအပ ကြီးသော လှိုင်းဂယက်တို့ နည်းခဲ့ပြီဖြစ်သည်။
အခုလည်း ကုလားတန်မြစ်သည် လေဖြူးဖြူးလေး အောက်မှာ လှိုင်းသေးသေးလေးတွေက ခပ်ရွရွလေး ပြေးနေဟန်ဖြစ်သည်။ ဟိုအရှေ့ဘက် တောင်တန်းများကို ကျော်လွှန်လာတဲ့ မနက်နေရဲ့ အောက်မှာ တဖိတ်ဖိတ်နဲ့ ပြေးတမ်းလိုက်တမ်း ကစားနေဟန်ပင်။ လေနုအေးလေးက ကိုယ့်ကိုပင် လာထိသွားသလို ခံစားရတော့ ကြက်သီးပင် ထလုလု။

အေးစိမ့်စိမ့် ဖြစ်လာတော့မှ အမြင့်ဆုံးထိ တင်ထားမိသည့် လေအေးပေးစက်ကို သတိရကာ ပြန်လျော့ရသည်။ သူ့ဘဝ နှစ်များစွာမှ အခုလို ကွန်ဒိုတိုက်ခန်း တစ်ခု၏ ၁၅ လွှာမှာ ရှိသည့် သူ့အိပ်ခန်းကနေ မနက်စာစားပြီးစ ကော်ဖီသောက်ရင်း မြစ်အလှကို ခံစားခွင့်ရလာခဲ့သည်ကို ကျေနပ်အားရမိသည်။ ပြီးရင် ၁၂ လွှာမှာ ရှိသည့် သူ့ရုံးခန်းဆီ လန်းလန်းဆန်းဆန်း အလုပ်ဝင်မည်။

တစ်ခုတော့ ရှိသည်။ ကုလားတန် ရေပြင်သည် လှိုင်းကြက်ခွပ်လေးများ၊ လေနုအေးလေးများအတွက် နေရာ ပိုလို့ပိုလို့ ရှားပါးလာသည်ကို သူ သတိထားမိသည်။ သူ ဒီအခန်းကို ဝယ်ယူခါစက ဆိုလျှင် မြစ်ပြင်မှာ ရပ်နားထားသည့် ကုန်တင်သင်္ဘောများ မများတတ်သေး။ အခုဆိုလျှင် ကမ္ဘာအရပ်ရပ်မှ သယ်ဆောင်လာသည့် ပစ္စည်းများ ဆိပ်ကမ်းချဖို့ ကိုယ့်အလှည့်စောင့်နေသော ကုန်တင် သင်္ဘောများသည် မနည်းမနော။ ခေါဘဏီတပ်ကြီးသဖွယ် တမျှော်တခေါ် မြစ်ပြင်ပေါ်တွင် နေရာယူထားကြသည်။ တချို့တွေကတော့ ပိုသေးငယ်သော ကုန်တင်သင်္ဘောပေါ်သို့ ပစ္စည်းများ ပြောင်းရွှေ့တင်နေကြသည်။ သင်္ဘောအငယ် များသည် မြစ်ကြောင်း အတိုင်း ဆန်တက်ကာ အိန္ဒိယ ဘက်အထိ ချိတ်ဆက် ထားသည့် အဝေးပြေး လမ်းမကြီးရှိရာ ပလက်ဝ ဆိပ်ကမ်းအထိ သွားကြလိမ့်မည်။ တချို့သင်္ဘောတွေ ကတော့ ပင်လယ်ဘက် ပြန်ထွက်ကာ ကော့ဘ်ဘဇား ဆိပ်ကမ်း ဘက်ဆီ ဆက်လက် ထွက်ခွာကြမည်ဖြစ်သည်။

သင်္ဘောများ ပျားပန်းခက်မျှ ရှုပ်ထွေးနေသလို ကြီးမား ကျယ်ပြန့်သော ဆိပ်ကမ်းကြီးသည်လည်း သူ့အလုပ်နဲ့သူ မနေမနား။ ကုန်ပစ္စည်းများ အတင်အချ ပြုလုပ်သည့် ကရိန်းလက်တံကြီး များသည် ဟိုမှသည်မှ ယိမ်းနွဲ့ကာ သင်္ဘောပေါ်မှ ကုန်သေတ္တာများကို ကမ်းခြေပေါ်ရှိ အသင့်စောင့်နေကြသည့် လော်ရီကားကြီးများပေါ် တင်ပေးနေသည်။ နာရီလက်တံများလို ဦးတည်ရာတစ်ခုတည်း မလည်ပတ်သော်လည်း နာရီလက်တံများ သူ့စည်းချက်နဲ့သူ လှုပ်ရှားနေပုံမျိုးဖြင့် ကြည့်ကောင်းလှသည်။ တချို့ ကုန်သေတ္တာများကို ကားများဖြင့် ချက်ခြင်း သယ်ထုတ်သွားသော်လည်း တော်တော်များများကတော့ အကောက်ခွန် စစ်ရန်၊ လာထုတ်ယူမည့် ပိုင်ရှင်ကို စောင့်ရန် အကြောင်းပေါင်းစုံကြောင့် ဆိပ်ကမ်းကြီးပေါ်တွင် အဆင့်ဆင့် ထပ်ကာ ပုံထားရသည်။ စတုရန်းပုံ ရောင်စုံ ကုန်သေတ္တာကြီးများနဲ့ ဆိပ်ကမ်းကြီးသည် ကလေးငယ်များ ကစားသော ရောင်စုံ သစ်သားတုံးများ စုံပုံထားသည့် သဖွယ်ပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒုတိယ အကြီးဆုံး နိုင်ငံခြား သင်္ဘောများ ဆိုက်ကပ်ရာ ကုန်းတွင်း ဆိပ်ကမ်းကြီးဖြစ်သည့် အားလျော်စွာ အမြဲလိုလို သင်္ဘောများ အဝင်အထွက် ရှုပ်နေတတ်သည်။ မြို့တစ်ခုစာ နီးပါးကျယ်ပြန့်လှသည့် အရွယ်အစားပင်လျှင် ကြာတော့ မလုံလောက်တော့။ ဒီဆိပ်ကမ်းကြီးကို စတင်ဆောက်စဉ်ကဆိုလျှင် လူတိုင်းက ရယ်စရာနီးပါးသာ မှတ်ယူခဲ့ကြသည်။ အိန္ဒိယက ကမကထလုပ် ဆောက်ပေးမည်ဆိုတော့ နည်းနည်း ဖြစ်နိုင်ချေရှိသည်ဟု လက်ခံကြသည်။ မူလ စတင် အကောင်အထည်ဖော်သည့် စီမံကိန်း အမည်ကို အစွဲပြုကာ ဒေသခံများက အက်ဆာဆိပ်ကမ်းဟု အလွယ်ပင် ခေါ်ကြသည်။ ယခုအခြေအနေတွင်မူ မူလပမာဏကို ထပ်ခါထပ်ခါ ချဲ့ထွင် တည်ဆောက်ခဲ့ရသောကြောင့် မူလအရွယ်အစားကို မေ့နေကြပြီ။

တဖြည်းဖြည်းနှင့် မြို့အတွက်လည်း နေရာကျဉ်းလာသည်ဟု ယူဆသူတချို့ ရှိလာကြသည်။ တချို့ကလည်း ဤသို့ကြီးမားလွန်းသည့် ဆိမ်ကမ်းကြီးသည့် မြစ်ကိုပျက်စီးစေသည်။ သဘာဝ ပတ်ဝန်းကျင်နှင့် ရေသယံဇာတ များကို ပျက်စီးစေသည်ဟု ကန့်ကွက်လာကြသည်။ ထို ကန့်ကွက်မှုများ အရှိန်အဟုန် ပြင်းထန်စဉ်ကာလကိုလည်း ပြန်လည်အမှတ်ရမိသည်။ ပြီးတော့ မချိပြုံးတစ်ချက် ပြုံးလိုက်မိသည်။ အခုတော့ အပြုံးနဲ့ နေနိုင်သော်လည်း ထိုစဉ်ကတော့ သဘာဝ ပတ်ဝန်းကျင်သမား ဆိုသူများကို သူအမှုန့်ကြိတ် ပစ်ချင်ခဲ့ဖူးသည်ကိုး။

၂)

ကုန်သွယ်စီးပွားတွေ အကြောင်းပြောနေတော့ အရာအားလုံးသည် အဆင်ပြေပြေ တိုးတက်နေသည်ဟု ထင်စရာရှိသည်။ နေရာတိုင်းတွင် အဖျက်အမှောင့်တို့သည် ရှိတတ်သည် မဟုတ်ပါလား။ သူ့လုပ်ငန်း အစတည်ကာစ အချိန်များကို ပြန်အမှတ်ရမိသည်။ သူက နိုင်ငံခြား သင်္ဘောများကို မျှော်နေချိန် သင်္ဘောများ အဆမတန် ဝင်လာခြင်းကို ကန့်ကွက် ဆန္ဒပြသူက ပြကြသည်။ နေ့စဉ် အဝင်အထွက် သင်္ဘောများကြောင့် မြစ်ကမ်းဘောင်များ ပျက်စီးရသည်။ မြစ်ထဲရှိ ရေနေသတ္တဝါများ မျိုးသုဉ်းမှာ စိုးရိမ်လာရသည်ဟု အကြောင်းပြကြသည်။ သူတို့က ပါးနပ်ကြသည်။ ကျွန်တော်ကတော့ ကောက်ကျစ်ကြသည်ဟု မြင်သည်။ သူတို့စကားကို နားယောင်မည့် စာမတတ်ပေမတတ် တံငါသည်များကို စည်းရုံးကြသည်။ တံငါးသည်များသည် ငါးတွေ မြစ်ထဲမရှိတော့လျှင်ဟု တွေးမိကာ ကြောက်ကြသည်။ သဘာဝ ပတ်ဝန်ကျင်သမားများက တိုး၍ ခြောက်လှန့်ကြသည်။ တံငါးသည်များကို စည်းရုံးလို့ ရသောအခါ ဒေသခံများ အလုပ်အကိုင် ဆုံးရှုံးကုန်ကြပြီဟု အသံလွှင့်သည်။ သူတို့၏ လှုပ်ရှားမှုများသည် အတော်အသင့် အောင်မြင်မည်သည်ဟု ပြောနိုင်သည်။

နိုင်ငံခြား သင်္ဘောလိုင်းတစ်ခုက သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမား ဆိုသူတွေနဲ့ တွေ့ဆုံတွေးနွေးသည်။ သို့သော် မအောင်မြင်။ အစိုးရကလည်း ဘာလုပ်ရမှန်းမသိ။

စီးပွားရေး တိုးတက်ချင်သည်။ နိုင်ငံခြားနဲ့ ကုန်သွယ်လုပ်ငန်းသည် အလွန်အကျိုးအမြတ် များသည်။ အထိမခံချင်ပေ။ ဒါကြောင့် မသိမသာ လက်ရှောင်နေသည်။ ခရီးသွားလုပ်ငန်းစုအနေနဲ့ သူက အကြံတစ်ခုပေးသည်။ တံငါသည်များကို ကုန်တင်ကုန်ချမှာ အထူးကိုတာပေးပြီး ခန့်ထားဖို့နဲ့ သူတို့ ပုံမှန် ဝင်ငွေထက် ပိုကောင်းအောင် ဖန်တီးပေးဖို့ ဖြစ်သည်။ ထိုအချက်သည် သိသိသာသာအောင်မြင်မှုရသည်။ အစပိုင်းတွင် မယုံကြည်ချင်ကြသော်လည်း ဆယ်ယောက်လောက်ကို လက်တွေ့ အလုပ်ပေးလိုက်သောအခါ တံငါသည်များအုပ်စုဘက်က ငြိမ်သွားသည်။

ထို့နောက် နောက်ထပ် တိုက်စစ်တစ်ခု ထပ်ဖွင့်ရသည်။ ဒါကတော့ သဘာဝအခြေပြု ခရီးသွားလုပ်ငန်းတွေ လုပ်မည်ဟု ကြေငြာလိုက်သည်။ ပြီးတော့ ထိုအုပ်စုထဲမှ ပေါင်းသင်းဆက်ဆံရေး နည်းနည်းကောင်းပြီး လွှမ်းမိုးမှုရှိသည့် လူတစ်ယောက်ကို အတိုင်ပင်ခံ ခန့်လိုက်သည်။ ထို့နောက် ဘယ်သူမှ မျက်စိမကျသည့် ဒီရေတော့ အီကိုတိုရစ်ဇင်ကို စတင်အကောင်အထည် ဖော်သည်။ စတင်အကောင်အထည်ဖော်ခါစက လူအများက ရယ်သွမ်းသွေးကြသော်လည်း သဘာဝသမားများ၏ အဆက်အသွယ်၊ မီဒီယာ ဆက်ဆံရေး ကျွမ်းကျင်မှုကြောင့် သူ့လုပ်ငန်းသည် လူသိများလာသည်။ အထူးသဖြင့် ရပ်ဝေးမြေခြားက လူတွေက စိတ်ဝင်စားကြသည်။ အဝေးက ဧည့်သည်တွေ ဆိုတာကလည်း ဒီရေဆိုတာကိုပင် ဘာလဲဟု မေးကြသည့် သူတွေကိုး။ ဒီလိုနဲ့ သူလည်း နာမည်ကောင်းရသည့် စီးပွားရေးသမားတစ်ယောက် ဖြစ်လာခဲ့သည်။ ဒါတွေ ပြန်တွေးမိတော့ စိတ်ပျက်ခဲ့ရမှု၊ ဒေါသဖြစ်မှုတွေကို အနိုင်ယူနိုင်ခဲ့သည့် သူ့ကိုယ်သူ ကျေနပ် ပီတိ ဖြစ်လို့မဆုံး။

တကယ်တော့ ခေတ်ဆိုတာကြီးက တသမတ်တည်း ရပ်တန့်မနေ။ အရင်ခေတ်က ငါးဖမ်းတတ်ရင် လုပ်ကိုင်စားသောက်လို့ ရသည်။ အခုခေတ် မရတော့။ မလုပ်နိုင်ခဲ့သူက ကျန်ခဲ့မည်သာ ဖြစ်သည်မဟုတ်ပါလား။ အားကြီးသူက အနိုင်ယူသွားမည် မဟုတ်ပါလား။ ကိုယ်သာ ခေတ်မှီတဲ့ ပညာတစ်ခု တတ်ထားရင် ဘယ်လုပ်ငန်းမှာ ဝင်လုပ်မလဲ။ အခုအခြေအနေမှာ လွယ်ကူးလွန်းနေပြီ။ စီးပွားရေး လောကတစ်ခုလုံး မဆိုနှင့်။ ကိုယ့်ရဲ့ ခရီးသွားလုပ်ငန်းလေး ကပင်လျှင် လူပေါင်းထောင်ချီ အလုပ်ပေးထားနိုင်ပြီ ဖြစ်သည်။ ဒါသည်ပင် လက်တွေ့ အကျိုးကျေးဇူးပင် ဖြစ်သည်။

၃)

အခုလည်း ကြည့်ပါ။ မြစ်ပြင်ကျယ်ပေါ်ရှိ အရောင်စုံသင်္ဘောများစွာထဲမှ ဇိမ်ခံ သင်္ဘောများစွာကိုလည်း တွေ့နိုင်သေး သည်။ ထိုအထဲမှာ မိုးပြာရောင် အလံကို လွှင့်ထူထားသည့် သင်္ဘောများမှာ သူ၏ အီကို တိုးရစ်ဇင် လုပ်ငန်း အုပ်စုဝင် သင်္ဘောများဖြစ်သည်။ သူတို့ ဇိမ်ခံ သင်္ဘောများသည် သဘာဝ အခြေခံ ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဟိုးအရင်က နိုင်ငံခြား ခရီးသွားများကို အဓိက ဆွဲဆောင်ရာဖြစ်သော မြောက်ဦးသို့ ပုံမှန်ပြေးဆွဲနေကျ ခရီးစဉ်များအပြင် သူ၏ တီထွင်ဆန်းသစ်မှုဖြင့် သဘာဝ ခရီးသွားလုပ်ငန်းကို စတင်ခဲ့သည်။ သက်ကြီး ခရီးသွားများကတော့ မြစ်ချောင်းများကြား၊ သဘာဝ ဒီရေတောများကြားတွင် အေးအေးလူလူ ငါးမျှားရခြင်းကို သဘောကျကြသည်။ သူတို့အတွက်ဆိုလျှင်တော့ သင်္ဘော အလတ်စားများတွင် လှေငယ်များကို တင်ကာ အထူး စီစဉ်ပေးရသည်။ သဘာဝ သယံဇာတပေါသော ရေတိမ်ဒေသ တစ်ခုလိုပင် မြစ်ကမ်းစပ်နားမှာရှိသည့် လုမုပင်တန်းများ၊ ဓနိပင်တန်းများကြားတွင် လှေငယ်တစ်စင်းဖြင့် အေးချမ်းတိတ်ဆိတ်သော အပန်းဖြေနည်းမျိုးသည် အလွန် အကျိုးအမြတ် များသည်။ သူတို့ အုပ်စုက ဓနိပင်များမှ ဓနိရည် ထုတ်လုပ်ခြင်းကိုပင် ရက်တိုသင်တန်းများစီစဉ်ပေးသည်။ ခရီးသွားများကိုယ်တိုင်လည်း ဓနိရည်ခံကာ စိတ်ကြိုက် သောက်သုံးနိုင်အောင် စီစဉ်ထားပေးသည်။ တချို့လူငယ်များ ကတော့ အဓိက ပျော်စရာကောင်းသော ငပလီကိုသာ စိတ်ဝင်စားသည်။ ဒီအတွက်လည်း သူက စိတ်လှုပ်ရှားဖွယ်ရာ ခရီးစဉ်တစ်ခုကို စီစဉ်ထားသေးသည်။ မြောက်ဦးကနေ စတင်ကာ မြစ်ကြောင်းအတိုင်းထွက်လာ၊ ထို့နောက် ရခိုင် ကမ်းရိုးတန်းတစ်လျှောက် သွားသော အပျော်စီး သင်္ဘော ခရီးစဉ် ဖြစ်သည်။ ရာသီဥတု ဆိုးရွားလွန်းသော မိုးရာသီကာလ တချို့မှလွဲ၍ ဤခရီးစဉ်သည် လူကြိုက်များလှသည်။ အထူးသဖြင့် သင်္ဘောကြီးပေါ်ရှိ ဖျော်ဖြေမှုမျိုးစုံသည် လူကြီးလူငယ်မရွေး ကြိုက်နှစ်သက်ကြသည်။

၄)

၁၂ လွှာရှိ သူ့ရုံးခန်းလေးသည် ထိုစီးပွားရေး လုပ်ငန်းများကို ဦးစီးဦးဆောင် လုပ်ကိုင်ရန်အတွက် အခရာ ကျသည်။ ၁၅ လွှာမှ အိပ်ခန်းကနေ ၁၂ လွှာရှိ ရုံးခန်းကို အလွယ်အကူ လာနိုင်ခြင်းက သက်တောင့်သက်သာ နိုင်လွန်းသည်။ ကြီးမားကျယ်ဝန်းသော ထိုရုံးခန်းတွင် သွက်လက်ချက်ချာသော ဝန်ထမ်းများက ကမ္ဘာ့နေရာ အသီးသီးမှ ခရီးသွား စုံစမ်းခြင်းများ၊ ခရီးစဉ်များ ရက်ရွေးခြင်းများကို ဖုန်းဖြင့်တစ်သွယ်၊ အီးမေးဖြင့် တမျိုး ပင်တိုင် ဖြေကြားပေးနေကြသည်။ လတ်တလောအားဖြင့် အရှေ့အလယ်ပိုင်းမှ ခရီးသွားများသည် ဒီရေတော ခရီးသွားကို အလွန်သဘောကျကြသည်။ ကိုယ့်လုပ်ငန်း၏ အားသာချက်ကလည်း အာရပ်ခရီးသည်များ အတွက် ဘာသာစကား ကျွမ်းကျင်သည့် ဒေသခံတွေ ရှိနေခြင်းပင်ဖြစ်သည်။ ပြည်တွင်း ခရီးသွားများကတော့ မြောက်ဦးကိုသဘောကျကြသည်။ ထို့နောက် လေးမြို့ချောင်းကို ဆန်တက်ကာ တောင်ပေါ်ရွာတွေကို

သွားရသည့် ဟိုက်ကင်း ခရီးသွားခြင်းလည်း နာမည်ကောင်း ရသည်။

သူကတော့ ခရီးသွားလုပ်ငန်းတွေကို နေ့စဉ်လုပ်ငန်းများမှာ ဝင်ရောက် ချယ်လှယ် လုပ်ကိုင်သည်ထက် ဘေးကကြည့်သည့် သူအဖြစ် ကြိုးစားနေထိုင်သည်။ အားကိုးရသည့် လက်ထောက်က နေ့စဉ်လုပ်ငန်းများကို ဦးဆောင်သည်။ သူချပေးသည့် ဂိုက်လိုင်းအတိုင်း လိုက်ပါ အကောင်အထည် ဖော်သည်။ သူကတော့ ခရီးသွားများနှင့် တခါတရံ လိုက်ပါ ခရီးထွက်သည်။ သူတို့ အသံကို နားထောင်သည်။ ပိုကောင်းသော ခရီးစဉ်များကို ကြံဆသည်။ တကယ်တော့ သူရည်ရွယ် ဖြစ်ချင်သည့် အဆင့်တော့ မရောက်သေး။ သူရည်ရွယ်သည့် ခရီးသွား လုပ်ငန်းကတော့ လူအမျိုးမျိုး ဝင်ငွေရစေရမည်။ အခုတော့ မဖြစ်နိုင်သေး။ ကန့်သတ်ချက်များ ရှိနေဆဲ။ သို့သော် လမ်းကြောင်းမှန်ပေါ်ကို ရောက်နေပြီ ဟုတော့ သုံးသပ်မိသည်။ အနာဂတ် အလင်းရောင်ကို ပျပျမျှ မြင်ရပြီဟု ဆိုရမည်။

နောက်ပိုင်း ချင်းပြည်နယ်နဲ့ ချိတ်ဆက်သည့် ခရီးစဉ်များကိုလည်း စဉ်းစားနေသည်။ ချင်းက ခေါင်ရည်ကို ရခိုင်က ခနိနဲ့ပေါင်းစပ်ကာ ပို့ကုန်လုပ်ငန်းကလည်း ဖြစ်နိုင်ချေရှိသည်။ လူတွေက ဓါတုနဲ့ ဖန်တီးထားသည့် အရက်သေစာတွေကို အဆိပ်လို ရှောင်လာကြပြီ။ သဘာဝ အရက်များက လိုအပ်ချက် မြင့်မားလာနေသည်။ ဒီအတွက် သူ့ပါတနာတစ်ယောက်လည်း တွေ့ထားသည်။ ခိုင်မြတ်ဟု ဆိုသည့် မိန်းကလေး မိတ်ဆွေတစ်ယောက်သည် ရိုးရာထည်များကို ပို့ကုန်လုပ် နေသည်မှာ ကြာပြီ။ ဈေးကွက်အနေအထားကို ကျွမ်းကျင်သည်။ ကိုယ်ကသာ ထုတ်လုပ်မှုအပိုင်းကို တာဝန်ယူနိုင်လျှင် ဖြစ်နိုင်သည်။ သူ့အနာဂတ် အိပ်မက်တွေကို တစိမ့်စိမ့်တွေးရင်း တခါတလေ ရုံးခန်းထဲ ဘာအလုပ်မှ မလုပ်ဘဲ ထိုင်နေမိတတ်သည်က ခဏခဏ။ အခုလည်း မြင်ပြင်ကျယ်ကြီးကို ကြည့်ရင် အနာဂတ် စီမံကိန်းကို ရေးဆွဲနေမိသည်။

၅)

မနက်ခင်း နေခြည်ဖြာဆင်းနေသည့် မြစ်ရှုခင်းကို ကြည့်ရင် သူ့စိတ်ကူးတွေသည် အဆုံးမဲ့ ပြေးလွှားနေသည်။ ထိုအခိုက် တဒုန်းဒုန်း တဒိုင်းဒိုင်း ဆူဆူညံညံ အသံများကို ကြားရတော့ အတွေးစ ပြတ်သွားသည်။ ဟိုဘက်ခန်းက ငမူးတစ်ကောင် စောစောစီးစီး မူးရူးနေပြန်ပြီလား။ မူးရူးလာပြီဆိုရင် ဘာဘာသာနဲ့ ဆိုထားမှန်းမသိတဲ့ ကြောင်တီကြောင်တောင် သီချင်းတွေကို အသံအကျယ်ကြီး ဖွင့်တတ်သည်။ သူဒေါသတွေ အလိပ်လိုက် တက်လာသည်။ တခါတရံလည်း လက်သီးလက်မောင်းတန်းပြီး အော်ဟစ်လို့ ကောင်းသည့် သီချင်းမျိုးတွေ ဖြစ်သည်။ သူကတော့ ရီဝေဝေနဲ့ အမျိုးရေး သီချင်းတွေဟု ကြားဝါတတ်သည်။ သူကတော့ နားမလည်ပါ။ ဒီလူ့အကြောင်း တွေးရင်းနဲ့ ရင်ထဲမှာ တလှပ်လှပ် ဖြစ်လာသည်။ ခေါင်းတွေလည်း တစစ်စစ် ကိုက်လာသည်။ ဒီကောင်က အသံကို ပို၍ ပို၍ ကျယ်လာအောင် လုပ်နေသေးသည်။ မခံနိုင်သည့်အဆုံး ဒေါသတကြီး အော်ဟစ်ပစ်လိုက်သည်။


၆)

ရုတ်တရက် လန့်နိုးလာမှ သူအိပ်မက်မက်နေကြောင်း သတိပြုမိသည်။ အသံလာရာ ပြတင်းတံခါးဆီ ကြည့်လိုက်တော့ လူငယ်တသိုက် ဆောင်းဘောက်တွေကို ကားပေါ်တင်ကာ မြို့ပတ် လည်ပတ်နေကြခြင်း ဖြစ်သည်။ ဒီဒေသရဲ့ ထုံးစံအတိုင်း ထူးခြားသည့် တစ်ရက်ရက် ရှိလျှင် သောက်စား ပျော်ပါးကာ ဒီလိုပဲ နေတတ်ကြသည်။ အခုလည်း ဘာနေ့လည်း သူသတိမထားမိ။ ဆယ်တန်းစာမေးပွဲ ပြီးတဲ့နေ့လား။ နေ့ကြီးနေ့ရက် တစ်ခုခုလား။ ဒါတွေက သူ့အတွက် အရေးမကြီးပေ။

မကြည်လင်သည့် သူ့ခေါင်းနဲ့ နည်းနည်း နာကျင်သလို ဖြစ်နေသည့် ဇတ်ပိုးကို နှိပ်နယ်ရင်း အိပ်ယာက လူးလဲထရသည်။ မကြာခင် သူသင်တန်းတစ်ခု သွားရောက်ပေးရမည်။ မနေ့ညက ဒီနေ့ သင်ရမယ့် သင်ခန်းစာတွေ အတွက် ပြင်ဆင်နေရင်း အိပ်ပျော်သွားခဲ့တာဖြစ်မည်။ လုပ်လက်စ ပုံကားချပ်တစ်ခုက သက်သေခံနေသည်။ လူငယ်အဖွဲ့အစည်းလေး တစ်ခုကို သင်တန်းပေးနေခြင်း ဖြစ်သည်။ ပရော့ဂျက်တစ်ခုကို ရေးဆွဲနည်း သင်ပေးဖို့ ပြောထားသည်။ အရင်နေ့က အကြမ်းဖျင်း မိတ်ဆက်ထားပြီးပြီ။ ဒီနေ့ vision နဲ့ mission ကို သင်ပေးဖို့ ညမအိပ်ခင်က ပြင်ဆင်ခဲ့တာကို သတိရမိသည်။ အနာဂတ်ကို မျှော်မြင်ခြင်းသည် သူတို့အတွက် မည်မျှ အရေးကြီးသည်။ အနာဂတ်ကို ဘယ်လိုပုံဖော် မြင်ယောင်မည်ကို ပြောပြချင်စိတ်တွေ များနေမိခဲ့သည်ပဲ။ ဒီဒေသက လူငယ်တွေအတွက် ဗွီရှင်တွေ ချို့တဲ့ နေခဲ့သည်လားဟု သူအားမလို အားမရ ဖြစ်နေမိသည်။ ကိုယ်သွားချင်သည့် အနာဂတ် လမ်းကြောင်းဆီကို ဘယ်လို ပုံဖော်ဖန်တီးမလဲ ဆိုသည့် ဘဝကို လမ်းကြောင်း တည်ဆောက် လျှောက်လမ်းရသည့်အကြောင်းတွေ ပြောပြချင်မိသည်။ မင်းအတွက် ဒီဒေသရဲ့ အနာဂတ်ကို ဘယ်လို မြင်ချင်လဲ ဆိုသည့် မေးခွန်းတစ်ခုကို မနေ့ညကပင် စာရွက်အကြီးကြီးပေါ်တွင် ရေးချထားလိုက်သေးသည်။ ညက အိပ်မက်ကိုပင် ကျေးဇူးတင်ရမည်။ အနည်းဆုံး သူ့ညီငယ်တွေအတွက် ပြောပြစရာ ဇာတ်လမ်းလေးတစ်ပုဒ် ရခဲ့သောကြောင့်ပင်။ သို့သော်ငြား အပြင်က မြူနှင်းတွေလိုပင် သူ့အတွေးတို့သည် အနည်းငယ် မှုံရီဝေးဝါးနေသည်က ဘာကြောင့်လဲ သူမပြောတတ်တော့ပါ။

စာပြီး။ နေ့ခင်း ၂:၂၀ @ Café De Sittwe

SGM သရော်စာ




## လွဲလွဲလေးပဲ ကောင်းပါတယ်

### • သာဒုတ်

တစ်ရက်တော့ ကိုအင်ဂို (Ingo) ထံသို့ ကိုအမ် (Un) တစ်ယောက် ရောက်လာသည်။ ကိုအမ်က ချစ်စနိုးဖြင့် ခေါ်သည့် နာမည်ဖြစ်ပြီး နာမည်အရင်းပင် မေ့လုလု။ သူက ညီညွတ်သော နိုင်ငံများဆိုသည့် ကမ္ဘာ့အဆင့် နိုင်ငံတကာ လူမှုရေး လုပ်ငန်းတွေကို လုပ်ကိုင်နေသော အဖွဲ့အစည်း တစ်ခုမှ ဖြစ်သည်။ သူ့အဆိုအရ ၎င်းတို့အဖွဲ့သည် နိုင်ငံပေါင်း ၆၀ ကျော်တွင် အလုပ် လုပ်ကိုင် ကူညီပေးနေသည်တဲ့။ သူလည်း သူ့ရုံးက လူကြီး ပြောသည်ကို ခပ်တည်တည်ဖြင့် သူပဲ သွားလုပ်ဖူးသလိုလို လိုမ့်ခြင်းဖြစ်ပေမည်။ အခုလည်း ပါးစပ်က ငြီးငြူကာ ရောက်လာသည်။

ကိုအင်ဂို (Ko Ingo)။ ။ဘာတွေများ ငြီးငြူနေတာလဲဗျ။ မျက်နှာကလည်း ရှုံ့မဲ့နေပါလား။

ကိုအမ် (Ko Un)။ ။ ပြောကို မပြောချင်တော့ပါဘူးဗျာ။ ဒီဒေသက လမ်းတွေကလည်း ဘယ်တော့မှ ကောင်းမယ် မသိပါဘူး။ ကားကလည်း မကောင်းတော့ ပိုဆိုးတာပေါ့ဗျာ။ ရုံးက ငှားပေးတဲ့လူကလည်း ဖြစ်သလို လုပ်ပေးလိုက်တယ် ဗျာ။ အခု ခါးတွေ နာနေတယ်။

ကိုအင်ဂို။ ။ ဟ ခင်ဗျားက ဘယ်က ပြန်လာတာမို့လဲဗျ။ မနေ့ညနေကပဲ ဘုံဆိုင် (အဲလေ ဆုံဆည်းရာ) မှာ တွေ့လိုက် ပါသေးတယ်။

ကိုအမ် ။ ။အဲဒါပြောတာပေါ့ ။ လုပ်လိုက်ရင် အားဂျန့် အစ်ရှူး တွေချည့်ပဲဗျာ (အားဂျန့်အစ်ရှူ= အရေးပေါ် ကိစ္စကို ဆိုလိုသည်။ စာရှုသူ နားတော်သွင်းရန် ဘာသာပြန် ပေးခြင်းသာ ဖြစ်သည်။ ကိုအင်ဂိုလို အဆင့်ကဖြင့် အလိုလို နားလည်သည်ဟု မှတ်ရန်) အဲဒါ မိုင် ၈၀ ကျော်ဝေးတဲ့ ရွာကို နေ့ချင်းပြန် သွားပြီး ပြဿနာ သွားဖြေရှင်းရတာဗျ။

ကိုအင်ဂို။ ။ဟုတ်လား။ ခင်ဗျားက ဘာကားနဲ့ သွားတာမို့ ဒီလောက်ဖြစ်ရတာတုန်း။ အေးလေ ခင်ဗျားသာ

> **ခင်ဗျားက ဘာကားနဲ့ သွားတာမို့ ဒီလောက်ဖြစ်ရတာတုန်း။ အေးလေ ခင်ဗျားသာ ပြောတာ ကျုပ်တို့ ရုံးက လော်ဂျစ်စတစ်တွေလည်း ပညာပြတာတော့ သိပ်ကျွမ်း။**

ပြောတာ ကျုပ်တို့ ရုံးက လော်ဂျစ်စတစ်တွေလည်း ပညာပြတာတော့ သိပ်ကျွမ်း။ သူတို့နဲ့ တည့်တဲ့လူဆို တမျိုး၊ ကြည့်မရတဲ့သူဆို ပါးပါးကပ်လှီးတာ၊ ပညာပြတာတွေကတော့ အစုံပဲ။ (လော်ဂျစ်စတစ်= လော်စပီကာလို အသံကျယ်ကာ ဂျစ်တစ်တစ် ပြောတတ်သော တုတ်ချောင်း များဟု မထင်ပါနှင့်။ သွားရေးလာရေး စီစဉ်ရန် တာဝန်ယူရသော ထောက်ပို့ ဝန်ထမ်းများကို ဆိုလိုပါသည်။)

ကိုအမ် ။ ။ကားကလည်းဗျာ ပါရာဒိုသာ ဆိုပါတယ်။ စီးရတာ လှည်းစီးရသလိုပါပဲ။ အဲကွန်းကလည်း မရတစ်ချက် ရတစ်ချက်။ အဲ ဈေးကတော့ ကောင်းဗျ။ နေချင်းပြန် လေးတောင် ၃ ပုံးနီးပါး ပေးရသတဲ့။ ဒါလည်း ကိုယ်သိတာ မဟုတ်ပါဘူးလေ။ တစ်စွန်းတစ်စ ပြန်ကြားရတာ။

ကိုအင်ဂို။ ။သြော် ပါရာဒိုလေးလား (ကိုအင်ဂိုတောင် နည်းနည်း အသက်ရှုကြပ်သွားတယ်။ ဘာလို့ဆို သူတို့ရုံးမှာက လိုက်ထရပ်လေးနဲ့ နှစ်ပါးသွားနေရတာကိုး)။ အေးဗျာ အဲလောက် ငွေကုန်လူပန်း ဖြစ်ရအောင် အရေးကြီးကိစ္စက ဘာမို့တုန်း။

ကိုအမ် ။ ။ ဖန်တရာတေနေတာကြီးပါ။ တကယ်တမ်းက ရွာကလူတွေကလည်း စေတနာ့ဝန်ထမ်းသာ နာမည်ခံတယ်။ တစ်စက်ကလေးမှ စေတနာ မပါကြဘူး။ အခုလည်း သူ့တို့ အတွက် သတ်မှတ်ထားတဲ့ ချီးမြှင့်ငွေ ပမာဏကို နည်းတယ်။ တိုးပေးပါ။ မတိုးပေးရင် လုံးဝ ဆက်မလုပ်နိုင်ဘူးတဲ့။ လူက ရှားရတဲ့အထဲ။

ကိုအင်ဂို။ ။ဟာ၊ ဒါတော့ တော်တော်ဆိုးတာပဲ။ အကြပ်ကိုင်တာပဲနော်။ သူတို့ ကိုယ့်ရပ်ရွာအတွက် ကိုယ်လုပ်ပေးရတာပဲကို။ ဂုဏ်ယူပြီးတောင် အခမဲ့ လုပ်သင့်ရင် လုပ်ရမှာ ဒါမှ စေတနာ့ဝန်ထမ်း စစ်စစ် ဖြစ်ပေမပေါ့ ကိုအမ်ရာ။ မဟုတ်ဘူးလား။ (စကားရောသော လုပ်လိုက်သည်)

ကိုအမ် ။ ။ ဒါပေါ့ဗျာ။ အခုက ရွာသားတွေဆိုတော့ ပြောရတာ နားမဝင်ဘူး။ ကျုပ်ကလည်း ဖြစ်သင့်ဖြစ်ထိုက် သလောက် အထိတော့ တိုးပေးပြီးပြီ။ ကျုပ်တို့မှာ ဒိုနာ (နိုင်ငံခြားမှ ငွေများ ဒလေဟော ပေးပို့နေသော အလှူရှင်များဟု မှတ်ပါ) တွေရဲ့ မျက်နှာလည်း ကြည့်ရသေးတယ်။ ဘတ်ဂျက်က ပြောရဆိုရ ခက်တယ်ဗျ။ ဒါတွေကို ရွာကလူတွေက နကန်း တစ်လုံးမှ နားလည်ကြတာ မဟုတ်ဘူးရယ်။ ကျုပ်တို့မှာ ဘယ်လောက် အကျဉ်းအကျပ်ထဲ လုပ်ရတယ်ထင်လဲ။ အခုဟာကတော့ တရားလွန် လာပြီမို့ သွားပြီး ရှင်းတာ။ ခင်ဗျားက မသိလို့ရယ်။ အခုတစ်ခေါက်နဲ့ဆို သုံးခေါက်ရှိပြီ။ လမ်းစာရိတ်တင် ခင်ဗျား တွက်ကြည့်။

ကိုအင်ဂို။ ။ဒါနဲ့ ခင်ဗျားတို့ ရုံးက ဘယ်လောက်ပေးထားလို့ သူတို့က ဘယ်လောက် တိုးတောင်း ရတာတုန်း။

ကိုအမ် ။ ။အရင်က ၅ သောင်းပေးထားတာ အခု ၆ သောင်းဖြစ်အောင် တစ်သောင်းတိုးတောင်တာ။

ကိုအင်ဂို။ ။သြော် အဲဒါ ညှိလို့ မပြတ်သေးဘူးပေါ့။

ကိုအမ် ။ ။ဟုတ်တယ်။ နောက်နှစ်ခေါက်တော့ အနည်းဆုံး ပြန်သွားရမယ်ထင်ပါတယ်။ စိတ်ညစ်တယ်ဗျာ။ လမ်းက မကောင်း၊ ကားကအစုတ်နဲ့။ ကျုပ်တို့ ဒီလောက် အပင်ပန်းခံပြီး လုပ်နေတာကို ရွာကလူတွေ သိရင် ကောင်းမယ်ဗျာ။ ကဲ သွားလိုက်ဦးမယ်။

ကိုအင်ဂို။ ။ဟုတ်ကဲ့ ဟုတ်ကဲ့ ဘိုင်ဘိုင်။

ဘုရား ဘုရား ဘုရား။

ဂလု ဂလု ဂလု (ဤနောက်ဆုံးအသံကား ကိုအင်ဂိုတစ်ယောက် ဂယောင်ဂတန်းဖြင့် ရှေ့တွင် ရှိနေသော ရေနွေးကြမ်းခွက်ကို သုံးကြိမ်တိတိ ဘုရားတ, ကာ မျိုချလိုက်ခြင်း ဖြစ်သည်။)

တစ်ဆက်တည်းတွင်လည်း ကားဆီဖိုးလေးတွေ စေတနာ့ဝန်ထမ်း ထမင်းဖိုးလေးအဖြစ် ပြောင်းပါစေ အရှင်ဘုရားဟု စိတ်ထဲမှ ထပ်တလဲလဲ ရေရွတ်နေမိတော့သည်။

အသာလုပ်တဲ့

- ***သာဒုတ်***

**အောင်မြင်မှုဆိုတာ မီးခိုးလိုပဲ မီးခိုးဆိုတာ
မီးရှိလို့ ထွက်လာရတာ မီး
(အနုပညာဝမ်းစာ)က အရေးကြီးဆုံးပဲ**

ထူးအိမ်သင်  (ထူးအိမ်သင် ၂ နှစ်ပြည့် စာအုပ်မှ
တေးသံရှင် အငဲ၏ အမှတ်တရ စကားမှ)